ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ 25, Monday July 2016 (၈၆၃၃)

**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# (၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်




ဗီယင်ကျန်း ဇူလိုင် ၂၄

**(၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ပါပူးဝါးနယူးဂီနီ၊ တီမောလက်စ်တေနှင့် နော်ဝေနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လာအိုနိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Kommasith က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လာအိုနိုင်ငံဝန်ကြီးချုပ် Mr. Thongloun SISOULITH က အဖွင့်မိန့်ခွန်းပြောကြားရာတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး တောင်သူများဘဝမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူအများစုမှာ တောင်သူလယ်သမားများဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့်အပြင် တိုင်းပြည်စားနပ်ရိက္ခာပြည့်စုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများ အလုပ်အကိုင်အဆင်ပြေစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လက်ရှိတွင် သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်သဘောမျိုးဖြင့် နေထိုင်လုပ်ကိုင်ကြပြီး နိုင်ငံတော်အစိုးရကသာ တောင်သူလယ်သမားများအတွက် တတ်နိုင်သည့်ဘက်မှ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းကို ဦးစားပေးပံ့ပိုးမှုအဖြစ် နှစ်စဉ်ထုတ်ချေးလျက်ရှိသည်။ ကျန်သည့်အပိုင်းတွင် မြို့နယ်တိုင်းတွင်ရှိသည့် သက်ဆိုင်ရာဌာနတို့က နည်းပညာ၊ မျိုး၊ စိုက်ပျိုးရေတို့ကို ပံ့ပိုးပေးသည်ဆိုသော်လည်း တောင်သူလယ်သမားအားလုံးအတွက်မူ ထိရောက်မှုမရှိသေးချေ။

အစိုးရသစ်လက်ထက်တွင် ပို့ကုန်သုံးဆတိုးမြှင့်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဒုတိယမြောက်ပို့ကုန်ဖြစ်လာမည့် ပဲ၊ နှမ်းကဏ္ဍ ပို့ကုန်သုံးဆမြှင့်တင်ရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးသည့် တောင်သူများအနေနှင့် အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးမြေနေရာများ ပိုမိုရရှိရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးရေး၊ စိုက်ပျိုးရေးအသင်းအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း၊ နယ်မြေအုပ်ချုပ်ရေး၊ စီးပွားကူးသန်းစသည့်သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် တောင်သူများနှင့် နိုင်ငံ့စီးပွားရေး မြင့်မားလာမည်မှာ သေချာပါသည်။

ယခုနှစ် ယခုကာလအထိ ပဲမျိုးစုံပြည်ပတင်ပို့မှု ပမာဏအများဆုံးတင်ပို့ထားနိုင်ပြီး စံချိန်တင်နိုင်မည့် အလားအလာများရှိနေသည်။ လတ်တလောတွင် အမေရိကန်ဒေါ်လာဈေးနှုန်း ကျဆင်းနေသောကြောင့် ပဲဈေးကျရိပ်ရှိနေသည်။ ထိုအထဲတွင် အိန္ဒိယဘက်မှ အဝယ်အားနေသည့်အပြင် မကြာသေးမီကာလက ဥရောပသို့ မြန်မာနိုင်ငံမှတင်ပို့သည့်မတ်ပဲတွင် စိုက်ပျိုးရေးသုံးဓာတ်ကြွင်းအာနိသင်ပါဝင်နေခြင်းကြောင့် အရောင်းအဝယ်ဆိုင်းငံ့သည့်သဘောဖြစ်နေသည်ဟု ကြားသိရသည်။ ထို့အပြင် ယခုနှစ် စိုက်ပျိုးဆဲတောင်သူသီးနှံများအတွက်လည်း အထူးဂရုစိုက်ရမည့်ကာလဖြစ်နေသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးရွာသွန်းမှုလွန်ကဲသောကြောင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး စိုက်ပျိုးထားသော စိုက်ခင်းများမပျက်စီးစေရေးအတွက် ဦးစားပေးစဉ်းစားပြင်ဆင်ရမည့် အချိန်အခါလည်းဖြစ်သည်။

စိုက်ပျိုးရေးသုံးဓာတ်ကြွင်းအာနိသင်သည် လူနှင့်ပတ်ဝန်းကျင်အပေါ် ဘေးအန္တရာယ်ဖြစ်စေသည့် အကျိုးသက်ရောက်မှုသာမက သီးနှံဈေးကွက်တန်ဖိုးအပေါ် ထိခိုက်မှုရှိနိုင်သည်ကို ယခုဖြစ်ပေါ်နေသောအခြေအနေများက သက်သေပြလျက်ရှိသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်သော သီးနှံများ အများပြည်သူအား ထိခိုက်မှုမရှိသည့်အပြင် ဈေးကွက်မထိခိုက်စေရေးအတွက် မိမိတို့စိုက်ခင်းတွင် ဓာတုဆေးအသုံးပြုမှုနှင့်ပတ်သက်၍ သတ်မှတ်ထားသောအညွှန်းအတိုင်း တိကျစွာအသုံးပြုဖို့လိုအပ်ပေသည်။

ဓာတ်ကြွင်းအာနိသင်လျော့နည်းရေး၊ မိမိတို့သီးနှံများ ဈေးကောင်းရရေး၊ သုံးစွဲသူနှင့်စားသုံးသူများ အန္တရာယ်ကင်းစင်ရေးတို့နှင့်ပတ်သက်၍ ဆေးအသုံးပြုရမည့်နည်းလမ်းများ၊ မှတ်ပုံတင်ထားမှု၊ အဆိပ်ဖြစ်မှုအဆင့်အတန်း၊ ပိုးသတ်ဆေးသုံးစွဲမှုလမ်းညွှန်ချက် စသည်တို့ကို တောင်သူများအား အသိပညာပေးလမ်းညွှန်မှုများ ပြုလုပ်ပေးကြရမည်ဖြစ်သည်။ တောင်သူများအား အသိပညာပေးလမ်းညွှန်မှုအားနည်းချက်ကြောင့် ဈေးကွက်တွင် အခက်အခဲဖြစ်စေခဲ့သည်ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ အဖွဲ့အစည်းများက တောင်သူဦးကြီးများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

# မိုင်ဂျာယန်သွားမည့် တိုင်းရင်းသားမဟာမိတ်အဖွဲ့ ကိုယ်စားလှယ်များ မူဆယ်မှထွက်ခွာ



**မူဆယ် ဇူလိုင် ၂၄**

ကချင်ပြည်နယ် မိုင်ဂျာယန်တွင် ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးသို့ သွားရောက်မည့် တိုင်းရင်းသားမဟာမိတ်အဖွဲ့ (NBF)၏ ကိုယ်စားလှယ်များသည် ဇူလိုင် ၂၄ ရက်က မူဆယ်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ တိုင်းရင်းသားမဟာမိတ်အဖွဲ့များဖြစ်သော ချင်းအမျိုးသားတပ်ဦး(CNF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLP)၊ ကရင်အမျိုးသားဒီမိုကရေစီ အကျိုးပြုတပ်မတော်(DKBA)၊ ကရင်နီ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) စသည့် အဖွဲ့များသည် တည်းခိုရာနေရာမှ တရုတ်-မြန်မာ နှစ်နိုင်ငံ ဝင်/ထွက်ကူးသန်းရာ မူဆယ်မြို့ နန်းတော်ဂိတ်မှ တရုတ်ပြည် ကြယ်ကောင်မှတစ်ဆင့် ကချင်ပြည်နယ် မိုင်ဂျာယန်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

အဆိုပါ တိုင်းရင်းသားမဟာမိတ်အဖွဲ့(NBF) ကိုယ်စားလှယ်တော်ကြီးများဖြတ်သန်းရာ ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရန် မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းထိုက်၏ လမ်းညွှန်မှုဖြင့် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်ကြီးကြပ်သော လူဝင်မှုကြီးကြပ်ရေးဌာနခွဲ အမှတ်(၇)ရုံးအဖွဲ့မှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၉)လမ်းအလယ်ဘလောက် တိုက်နှစ်လုံးကြားတွင် အများပြည်သူသောက်သုံးနိုင်ရန် လိုက်လံရောင်းချမည့် ရေသန့်ဘူးများအား ဖြစ်သလိုထားရှိသည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ကြေးမုံ)

# ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးသင်တန်း

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးရုံးခန်းမ၌ သင်ကြားပို့ချလျက်ရှိသော မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းနှင့် စည်းကမ်းနှင့်အညီမောင်းနှင်ခြင်း ရက်တိုသင်တန်းသို့ ဇူလိုင် ၂၃ ရက်က အမှတ်(၁၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး အေးကျော်နှင့်အဖွဲ့က လမ်းစည်းကမ်းဆိုင်ရာများ လာရောက်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၁၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

✻ ရှေ့ဖုံးမှ

အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်ကြမည့် အာဆီယံ၏စိတ်ဓာတ်ကို အခြေခံလျက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ဗီယင်ကျန်းမြို့တွင်ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့် ချမှတ်ခဲ့သော အာဆီယံသဘာပတိ ၂၀၁၆ ၏ ရည်မှန်းချက်အဖြစ် Turning Vision into Reality for a Dynamic ASEAN Community ဟူသော ရည်မှန်းချက်နှင့် ဦးစားပေးအချက် (၈)ချက်ကို လာအိုပြည်သူ့သမ္မတနိုင်ငံက အဆိုပြုကမ်းလှမ်းခဲ့ပါကြောင်း။

ထို့အပြင် IAI Work Plan III နှင့် Master Plan for ASEAN Connectivity 2025 ဟူသော အရေးကြီးသည့်မှတ်တမ်းမှတ်ရာနှစ်ခုကိုလည်း အာဆီယံအသိုက်အဝန်းရည်မှန်းချက် ၂၀၂၅ ၏ အရေးကြီးသော အစိတ်အပိုင်းများအဖြစ် တည်ရှိနေရန် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အာဆီယံခေါင်းဆောင်များက ရွေးချယ်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

(၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံအဖွဲ့က အာဆီယံအသိုက်အဝန်း ရည်မှန်းချက် ၂၀၂၅ အကောင်အထည်ဖော်နေမှု၊ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မှုအပေါ် အာရုံစိုက်လုပ်ဆောင်နေချိန်ဖြစ်သည့် အထူးအရေးကြီးသောအချိန်ကာလတွင် ကျင်းပလိုက်သော အစည်းအဝေးများဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုနှစ်မျိုးစလုံးကို ပေးစွမ်းနိုင်သည့် မြန်ဆန်သောပြောင်းလဲမှုများကို ဒေသတွင်းနှင့် နိုင်ငံတကာတို့က ဆက်လက်ရင်ဆိုင်နေရချိန်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့် ပိုင်နက်အငြင်းပွားမှု၊ အစွန်းရောက်မှုနှင့်အကြမ်းဖက်မှု၊ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှု၊ ဒုက္ခသည်များပြဿနာ၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုကုန်ကူးမှုကဲ့သို့သော သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့အပြင် မကြာသေးမီကဖြစ်ပွားသည့် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံခွဲထွက်မှု အပါအဝင် ကမ္ဘာ့အနှံ့တွင်ဖြစ်ပွားနေသော ဖြစ်ရပ်အချို့နှင့်ပတ်သက်ပြီး မိမိတို့သေချာစွာ သဘောပေါက် နားလည်ရန်လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ပြင်ပမိတ်ဖက်များအနေဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလအစောပိုင်းတွင် ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၂၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ရန်နှင့် ဒေသတွင်းနှင့်ကမ္ဘာ့အရပ်ရပ်ရှိ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးမြှင့်တင်ရန် ပွင့်လင်းပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများ လုပ်ဆောင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် လွန်ခဲ့သော ၄၉ နှစ်တာကာလအတွင်း အာဆီယံအဖွဲ့ရရှိခဲ့သည့် သိသာထင်ရှားသောအောင်မြင်မှုများကို မိမိတို့အားလုံး အသိအမှတ်ပြုပါကြောင်း၊ ထိုကာလအတွင်း မိမိတို့အနေဖြင့် ကွဲပြားခြားနားသော အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အာဆီယံအသိုက်အဝန်းကို ထူထောင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြားတွင် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြင်ပမိတ်ဖက်များနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့ကြောင်း။

ထို့အပြင် ဒေသအတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အာဆီယံ၏ အခန်းကဏ္ဍနှင့်ပုံရိပ်ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ယင်းအောင်မြင်မှုများသည် အာဆီယံ၏ရည်မှန်းချက်နှင့် အခြေခံမှုများကို မိမိတို့အမြဲတစေ လိုက်လံကျင့်သုံးခဲ့သည့်အတွက် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဒေသတွင်းရှိ အာဆီယံ၏အခန်းကဏ္ဍကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် အာဆီယံကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မူဘောင်များအတွင်း ဆက်လက်တည်ရှိရန် အထောက်အကူပြုမည်ဟု ပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို လာအိုနိုင်ငံဝန်ကြီးချုပ်က ဧည့်ခန်းမ၌ တွေ့ဆုံသည်။

(၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးကို အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကျင်းပရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


(၇)ကြိမ်မြောက် မဲခေါင်- ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ကို အကောင်အထည်ဖော်မှုနှင့် တိုးတက်မှု၊ အထူးသဖြင့် အာဆီယံနိုင်ငံရေး၊ လုံခြုံရေးအသိုက်အဝန်း အပြီးသတ်စီမံကိန်း ၂၀၂၅ ကို အကောင်အထည်ဖော်မှုတွင် တိုးတက်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။


(၆) ကြိမ်မြောက် မဲခေါင် - ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထို့ပြင် အာဆီယံအစိုးရများအကြား လူ့အခွင့်အရေးကော်မရှင် (AICHR) ၂၀၁၇ ၏ ဦးစားပေးအစီအစဉ်များနှင့် လုပ်ရှားဆောင်ရွက်မှုများကို အတည်ပြုခဲ့ပြီး အရှေ့တောင်အာရှ၌ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ၏ နှစ် (၄၀) မြောက် အခါသမယအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ကြေညာချက်ကို ချမှတ်ခဲ့သည်။

အစည်းအဝေးက ချီလီ၊ အီဂျစ်၊ အီရန်နှင့် မော်ရိုကိုနိုင်ငံတို့က TAC သို့ဝင်ရောက်ရေး မေတ္တာရပ်ခံချက်ကိုလည်း သဘောတူခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ၏ ပြင်ပဆက်ဆံရေးကို တိုးမြှင့်ရေးနှင့် အာဆီယံကဦးဆောင်သော ယန္တရားများအတွင်း အာဆီယံ၏ အဓိကကျမှုတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအပြင် ဝန်ကြီးများသည် အကြမ်းဖက်ဝါဒ၊ လူကုန်ကူးမှု၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သဘာဝဘေးအန္တရာယ်များ၊ ပုံမှန်မဟုတ်သော ကူးပြောင်းဝင်ရောက်မှုနှင့် အရှေ့အလယ်ပိုင်း၊ ကိုရီးယားကျွန်းဆွယ်နှင့် တောင်တရုတ်ပင်လယ်တို့၌ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ရင်းနှီးပွင့်လင်းပြီး အပြုသဘောဖြင့် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ အာဆီယံဒေသတွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံပြင်ပဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၇)ကြိမ်မြောက် မဲခေါင်- ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် မဲခေါင် - ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

(၇)ကြိမ်မြောက် မဲခေါင်- ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးတွင် မဲခေါင်- ဂင်္ဂါ ခရီးသွားလာရေး၊ ပညာရေး၊ ပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

မဲခေါင်- ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုကို အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့က ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်တွင် လာအိုနိုင်ငံတွင် ကျင်းပသည့် ပထမအကြိမ် မဲခေါင်- ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့်အစည်းအဝေးတွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(၆) ကြိမ်မြောက် မဲခေါင် - ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မဲခေါင်- ကိုရီးယားသမ္မတနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နော်ဝေ၊ ကိုရီးယားနှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**ဗီယင်ကျန်း ဇူလိုင် ၂၄**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိသည့် (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံခြားရေးဝန်ကြီး Mr. Boge Brende နှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ **(ဝဲပုံ)**၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr . Yoon Byung-se နှင့် ညနေ ၆ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီနှင့် ည ၇ နာရီခွဲတွင် လည်းကောင်း ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ကြေးမုံ





# မြို့တော်ကဘူးတွင် ဖြစ်ပွားခဲ့သည့် အသေခံပုံးခွဲမှုကို အိုင်အက်စ်စစ်သွေးကြွများက လုပ်ဆောင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြား

**ကဘူး ဇူလိုင် ၂၄**

ဇူလိုင် ၂၄ ရက်ညပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူး၌ ဖြစ်ပွားခဲ့သည့် လူပေါင်း ၈၀ သေဆုံးခဲ့သော အသေခံပုံးဖောက်ခွဲမှုတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ဒေသတွင်းအဖွဲ့ခွဲတစ်ခုက ၎င်းတို့ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ဖွင့်ဟဝန်ခံပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဆန္ဒထုတ်ဖော်ပွဲတစ်ခုတွင် ဖြစ်ပွားခဲ့သော အသေခံပုံးဖောက်ခွဲမှုကြောင့် လူပေါင်း ၈၀ သေဆုံးခဲ့ပြီး ၂၃၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဆန္ဒထုတ်ဖော်သူများအနက် အများစုမှာ နိုင်ငံ၏လူနည်းစုရှီယိုက်မွတ်စလင်မျိုးနွယ်စုများဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ဒေသတွင်းအဖွဲ့ခွဲ၏ ထုတ်ပြန်ချက်တွင် ဆီးရီးယားနိုင်ငံ၌ ရှီယိုက်မျိုးနွယ်စုများက ဆွန်နီမျိုးနွယ်စုများကို သတ်ဖြတ်ခြင်းအတွက် ပြန်လည်ကလဲ့စားချေသည့်အနေဖြင့် ၎င်းတို့စစ်သွေးကြွအဖွဲ့ဝင်နှစ်ဦးက အသေခံပုံးများ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အာဖဂန်နစ္စတန်အစိုးရက တာလီဘန်စစ်သွေးကြွများကို နှစ်ပေါင်းများစွာတိုင် တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ ဒေသတွင်း အိုင်အက်စ်စစ်သွေးကြွများသည် လွန်ခဲ့သည့်နှစ်ကစပြီး ဒေသတွင်းအကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိသည်။ အဓိကအားဖြင့် နိုင်ငံ၏အရှေ့ပိုင်းရှိ ပါကစ္စတန်နိုင်ငံနယ်စပ်ဒေသတွင် အကြမ်းဖက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ခြင်းကြောင့် တာဝန်ရှိသူလေးဦးအား ရာထူးမှယာယီဆိုင်းငံ့

**ရှီကျာ့ကျွမ်း ဇူလိုင် ၂၄**

လူအသေအပျောက်များခဲ့သော တရုတ်နိုင်ငံရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ဝတ္တရား ပျက်ကွက်ခဲ့ခြင်းကြောင့် နိုင်ငံမြောက်ပိုင်း ဟယ်ပေစီရင်စုရှိ တာဝန်ရှိသူလေးဦးအား ရာထူးမှယာယီရပ်ဆိုင်းခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းများနှင့် မြေပြိုမှုများကြောင့် ဟယ်ပေစီရင်စုတွင် လူပေါင်း ၁၁၄ ဦး သေဆုံးခဲ့ပြီး ၁၁၁ ဦးပျောက်ဆုံးလျက်ရှိသည်။ လူပေါင်း ၃၁၀၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းထားကြောင်း သိရသည်။



တရုတ်ကွန်မြူနစ်ပါတီ ဟယ်ပေစီရင်စုကော်မတီ၏ ဆုံးဖြတ်ချက်အရ တာဝန်မှရပ်ဆိုင်းထားသော တာဝန်ရှိသူလေးဦးမှာ ရှင်းထိုင်မြို့၏ တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) မှ နှစ်ဦး၊ ရှီကျာ့ကျွမ်းမြူနီစီပယ်ပို့ဆောင်ရေးဗျူရိုမှ အင်ဂျင်နီယာချုပ်တစ်ဦးနှင့် ကျန်းရှီးစီရင်စု၏ ဒုတိယ အုပ်ချုပ်ရေးမှူးတို့ဖြစ်သည်။ ၎င်းတို့လေးဦးနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ပြစ်ဒဏ်များ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ရှင်းထိုင်စီရင်စု မြို့တော်ဝန်က ရေကြီးရေလျှံမှုများနှင့် ပတ်သက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခဲ့သည့်အတွက် ဒေသခံပြည်သူများအား တောင်းပန်စကားပြောကြားခဲ့သည်။ ရှင်းထိုင်စီရင်စုတွင် ရေကြီးရေလျှံမှုများကြောင့် လူ ၂၅ ဦးသေဆုံးခဲ့ရပြီး ၁၃ ဦးပျောက်ဆုံးလျက်ရှိသည်။ **ဆင်ဟွာ။**

# ပြည်သူများ သတင်းသိပိုင်ခွင့်ရှိရေး ဆောင်ရွက်ပေးရန် ဖိလစ်ပိုင်အစိုးရဌာနများကို သမ္မတညွှန်ကြား

**မနီလာ ဇူလိုင် ၂၄**

အဂတိလိုက်စားမှု ကင်းရှင်းသော အစိုးရအဖွဲ့ ဖွဲ့စည်းရေးနှင့် ပွင့်လင်းမြင်သာမှုရှိသော အစိုးရဖွဲ့စည်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် ကတိပြုခဲ့သူ သမ္မတ ရိုဒရစ်ဂို ဒူတာတေးသည် ပြည်သူများ သတင်းသိပိုင်ခွင့်ရှိရေးအတွက် အစိုးရဌာနများအားလုံးက ကူညီဆောင်ရွက်ပေးရန် ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အစိုးရဌာနများ၏ မှတ်တမ်းမှတ်ရာများအား ပြည်သူများ သိပိုင်ခွင့်ရှိစေရေးအတွက် အစိုးရတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးရန် သမ္မတ ဒူတာတေးက ညွှန်ကြားလိုက်ပြီဖြစ်သည်။ သမ္မတ ဒူတာတေးသည် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားခြင်းမရှိမီ နှစ်ရက်အလိုတွင် ယင်းသို့ ညွှန်ကြားခြင်း ဖြစ်သည်။

သမ္မတ ဒူတာတေးသည် အစိုးရအဖွဲ့တွင်းရှိ အဂတိလိုက်စားသော တာဝန်ရှိသူများကို အရေးယူနှိမ်နင်းသွားမည်ဟုလည်း ပြည်သူများက မျှော်လင့်ထားသည်။ သမ္မတ ဒူတာတေးသည် နိုင်ငံတော်အတွင်း ရာဇဝတ်မှုခင်းများ ကျဆင်းရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်မည်ဟု ကတိပြုထားသူဖြစ်သည်။

ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အစိုးရအဖွဲ့၏ ဘဏ္ဍာရေးအခြေအနေ တိုးတက်ကောင်းမွန်ရေးတို့ကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်သွားနိုင်မည်ဟု သမ္မတ ဒူတာတေးက ပြောကြားသည်။

အစိုးရဌာနများ၏ မှတ်တမ်းများနှင့် ပတ်သက်၍ ပြည်သူများ သိရှိပိုင်ခွင့်ကို သမ္မတ ခွင့်ပြုပေးခြင်းအတွက် ပြည်သူများက ကြိုဆိုကြကြောင်း သမ္မတ၏ပြန်ကြားရေးအရာရှိမာတင် အင်ဒါနာက ပြောကြားသည်။ **ရိုက်တာ။**

# လော့စ်အိန်ဂျလိစ်မြို့အနီး တောမီးလောင်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၄**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက်၌ တောမီးလောင်မှုဖြစ်ပွားလျက်ရှိရာ ဒေသခံပြည်သူ ရာပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ တောမီးမှာ လျင်မြန်စွာကူးစက်လောင်ကျွမ်းလျက်ရှိပြီး ဇူလိုင် ၂၃ ရက်ညက နယ်မြေ ဧကပေါင်း ၂၀၀၀၀ ခန့်မှာ မီးလောင်ခံခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လော့စ်အိန်ဂျလိစ်မြို့အနီးရှိ တောင်ကုန်းများတည်ရှိရာ အရပ်၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်မှစ၍ တောမီးလောင်ကျွမ်းခဲ့သည်။ လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက် မိုင် ၄၀ (၆၅ ကီလိုမီတာ)ခန့်အကွာ ဆန်တာ ကလာရီတာ မြို့ငယ်အနီး တောမီးလျင်မြန်စွာ လောင်ကျွမ်းခဲ့သဖြင့် ဒေသခံနေအိမ်ပေါင်း ၁၅၀၀ ခန့်တွင် နေထိုင်သူ ပြည်သူများကို ဘေးကင်းရာသို့ရွှေ့ပြောင်းရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကို ၁၀ ရာခိုင်နှုန်းမျှ ထိန်းချုပ်နိုင်ခဲ့ပြီး လော့စ်အိန်ဂျလိစ်မြို့၏ ဝေဟင်အတွင်း မီးခိုးလိပ်များကို တွေ့မြင်ရကြောင်း၊ မီးခိုးမြူ လွှမ်းခြုံမှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

# ဘင်္ဂလားဒေ့ရှ်၌ စစ်သွေးကြွများအဖြစ် မသင်္ကာသူ အမျိုးသမီးလေးဦးကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ဒါကာ ဇူလိုင် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဂျမာတူး မူဂျာဟီဒင် ဘင်္ဂလားဒေ့ရှ် စစ်သွေးကြွအုပ်စုမှ အဖွဲ့ဝင်များဖြစ်သည်ဟု မသင်္ကာသူ အမျိုးသမီးလေးဦးကို ရဲတပ်ဖွဲ့က ဇူလိုင် ၂၄ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် စစ်သွေးကြွအဖွဲ့အဖြစ် အပြစ်တင်ခံခဲ့ရသော ဂျမာတူး မူဂျာဟီဒင် ဘင်္ဂလားဒေ့ရှ်အဖွဲ့မှ အမျိုးသမီးလေးဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

ဒါကာမြို့ အနောက်မြောက်ပိုင်း ဆီရပ်ဂါအရပ်ရှိ ၎င်းတို့ ပုန်းခိုလျက်ရှိရာနေရာကို စီးနင်းရှာဖွေခဲ့ပြီး စစ်သွေးကြွ အဖွဲ့ဝင်များအဖြစ် မသင်္ကာသူ အမျိုးသမီးလေးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ရဲတပ်ဖွဲ့သည် လက်လုပ်ဗုံး ပြုလုပ်ရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများ၊ လက်လုပ်ဗုံး ခြောက်လုံးနှင့် စာအုပ်စာတမ်းများကိုလည်း သိမ်းဆည်းရမိခဲ့သည်။

မြို့တော်ဒါကာရှိ ဟိုလီအတ်တီဆန်အမည်ရှိ စားသောက်ဆိုင်၌ ဇူလိုင် ၁ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဆက်နွယ်မှုရှိသူ အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီးနောက် ရက်အတန်ကြာ ကာလတွင် အမျိုးသမီးလေးဦးကို စစ်သွေးကြွအဖွဲ့တွင် ပါဝင်ပတ်သက်ဖွယ်ရှိမှုဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ဒါကာတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နိုင်ငံခြားသား ၁၇ ဦးအပါအဝင် လူပေါင်း ၂၂ ဦး သေဆုံးခဲ့ရသည်။ **ပီတီအိုင်။**



# နိုင်ငံတကာမြင်ကွင်း


ရဲရင့်လင်းလက်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန် (Hun Sen) က"ကျွန်တော်ထင်တယ်။ နှစ်နှစ်အတွင်း ကျွန်တော့်ပိုင်ဆိုင်မှုတွေက နည်းသွားမှာပါ။ အဲဒီနောက်ဆိုရင် ဝင်ငွေတောင်ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော့်မှာကလည်း လစာအပြင် တခြားဝင်ငွေဆိုတာရှိတာမဟုတ်ဘူး။ ကျွန်တော်ထင်ပါတယ်။ ကျွန်တော့်သားသမီးတွေက ကျွန်တော့်ကိုတော့အငတ်မထားလောက်ပါဘူး" ပြောလိုက်တာကို ကြားလိုက်ရမယ်ဆိုရင် နောက်ခံသမိုင်းကြောင်း မသိသူတွေကတော့ ဝန်ကြီးချုပ် ဟွန်ဆန်ကို အတော်သနားသွားမှာပါ။ ဝန်ကြီးချုပ် ဟွန်ဆန်ရဲ့ တစ်နှစ်တရားဝင်လစာဟာ ဒေါ်လာ ၁၃၈၀၀ ရှိပါတယ်။ နောက်ခံသမိုင်းသိသူတွေကတော့ "ကမ္ဘောဒီးယားဝန်ကြီးချုပ်ကတော့ လုပ်ချလိုက်ပြန်ပြီ"လို့ ပြောမှာပါ။ ကမ္ဘောဒီးယားနိုင်ငံသမိုင်းကို နောကျေနေတဲ့သူတွေကတော့ ဝန်ကြီးချုပ်ဟွန်ဆန်မိသားစုရဲ့ ပိုင်ဆိုင်မှုဟာ ဒေါ်လာသန်း ၅၀၀ ကနေ သန်း ၁၀၀၀ လောက်အထိ ရှိနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဝန်ကြီးချုပ်ဟွန်ဆန်မိသားစုက အခုလို သန်းကြွယ်သူဌေးစာရင်းဝင်နေပေမယ့် ကမ္ဘောဒီးယားပြည်သူတွေရဲ့ ၄၀ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုလို့ သတ်မှတ်ထားတဲ့ဝင်ငွေရဲ့အောက် ဒါမှမဟုတ် ဝန်းကျင်လောက်မှာရှိနေပါတယ်။ ပြောရရင်တော့ ကမ္ဘောဒီးယားနိုင်ငံမှာ ဆင်းရဲချမ်းသာကွာဟမှုကြီးမားနေပြီး နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအရ မကျေနပ်မှုတွေ ကြီးမားနေပါတယ်။

ဒီနောက်ခံသမိုင်းကြောင်းကိုသိမှ ကမ္ဘောဒီးယားနိုင်ငံမှာ နိုင်ငံရေးဝေဖန်သုံးသပ်သူတစ်ဦးဖြစ်သလို နိုင်ငံရေးလှုပ်ရှားသူတစ်ဦးလည်းဖြစ်တဲ့ ကမ်လေး (Kem Ley) ကိုနေ့ခင်းကြောင်တောင် လူမြင်ကွင်းမှာ သတ်ဖြတ်ခဲ့တဲ့ကိစ္စကို နားလည်နိုင်မှာပါ။ ၂၀၁၆ ခုနှစ်ဇူလိုင် ၁၀ ရက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာပါ။ ပြောရရင် ကမ်လေးဟာ ကမ္ဘောဒီးယားနိုင်ငံမှာ ပထမဆုံးလုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ၂၀၀၄ ခုနှစ်မှာ အလုပ်သမား သမဂ္ဂခေါင်းဆောင် ချီယာဗီချီယာ (Chea Vichea) လုပ်ကြံသတ်ဖြတ်ခံခဲ့ရသလို ၂၀၁၂ ခုနှစ်မှာလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူ ချတ်ဝပ်တီ (Chut Wutty) လုပ်ကြံသတ်ဖြတ်ခံခဲ့ရပါတယ်။ ကမ်လေးကို ၁၉၇၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှာ မွေးဖွားခဲ့တာဖြစ်လို့ လုပ်ကြံသတ်ဖြတ်ခံရတဲ့အချိန်မှာ ကမ်လေးဟာ ၄၆ နှစ်ပဲရှိပါသေးတယ်။ ၁၉၉၈ ခုနှစ်ကစပြီး ကမ်လေးဟာ အေ့ဒ်စ် (AIDS)နဲ့အိတ်ချ်အိုင်ဗွီ (HIV) ဆိုင်ရာ လုပ်ငန်းစီမံကိန်းတွေမှာ သုတေသနပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သလို ယူနီဆက်ဖ် (UNICEF)လို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း တွေမှာ စီမံကိန်းဆိုင်ရာ သုံးသပ်သူအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကမ်လေးဟာ မဟာသိပ္ပံဘွဲ့ကို ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ် (Chulalongkorn University)က ရရှိခဲ့ပြီး ဒေါက်တာဘွဲ့(Ph.D) ကိုတော့ မလေးရှားနိုင်ငံ မာလာရာတက္ကသိုလ် (Malaya University)ကနေ ရရှိခဲ့ပါတယ်။ ကမ်လေးဟာ သူ့ရဲ့ "ခမာမိသားစုများနှင့် ရက်(၁၀၀) (100 Days with Khmer Families)" လှုပ်ရှားမှုကို ဆောင်ရွက်နေတုန်းမှာ အခုလို လုပ်ကြံသတ်ဖြတ်ခံရတာပါ။ ခမာမိသားစုများနှင့် ရက်(၁၀၀)လှုပ်ရှားမှုရဲ့ သဘောကတော့ ကျေးလက်တောရွာတွေမှာ ကိုယ်တိုင်ကိုယ်ကျသွားရောက်နေထိုင်ပြီး ကမ္ဘောဒီးယားပြည်သူတွေရင်ဆိုင်နေရတဲ့ပြဿနာတွေရဲ့ ပင်မအကြောင်းရင်းတွေကို ဖော်ထုတ်ဖို့ကြိုးစားတဲ့ အစီအစဉ်ပါ။ ကမ်လေးဟာ နိုင်ငံရေးသရော်စာအပုဒ် (၉၀)ပါဝင်မယ့် အခန်းဆက်နိုင်ငံရေးဆောင်းပါးရှည်ကြီးကို ရေးမယ်လို့ လူသိရှင်ကြားထုတ်ဖော် ပြောဆိုထားပြီး လုပ်ကြံသတ်ဖြတ်ခံရချိန်မှာ (၁၉)ပုဒ်ပဲ ပြီးပါသေးတယ်။ "အဖြူရောင်ရှပ်အင်္ကျီဝတ်ထားတဲ့ အမည်းရောင်လူသား(Black Man in a White Shirt)ဆိုတာကို ရေးသားသလို သူ့ရဲ့ ခမာမိသားစုနှင့် ရက်ပေါင်း(၁၀၀)စီမံကိန်းက တွေ့ရှိလာတာတွေကိုလည်း အကျဉ်းချုပ်ရေးသားပါတယ်။ ကမ်လေးရေးသားတဲ့ အကြောင်းအရာတွေထဲမှာ တရားမဝင်သစ်ခိုးထုတ်နေတဲ့ကိစ္စတွေ၊ နယ်စပ်ပြဿနာတွေနဲ့ အကျင့်ပျက်လာဘ်စားမှုတွေလည်း ပါဝင်ပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လမှာ ကမ်လေးဟာ သူ့ရဲ့နိုင်ငံရေးပါတီဖြစ်တဲ့ "အခြေခံလူတန်းစားပြည်သူတို့၏ ဒီမိုကရေစီပါတီ" ကို ထူထောင်ခဲ့ပါတယ်။

သတ်ဖြတ်ခံရတဲ့အချိန်က ကမ်လေးဟာ ဖနွမ်းပင်မြို့က ဓာတ်ဆီဆိုင်နားမှာရှိနေတာပါ။ ကမ်လေးသတ်ဖြတ်ခံရတဲ့အချိန်က ဘာနဲ့တိုက်ဆိုင်နေသလဲဆိုတော့ Global Witness က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်မိသားစုဝင်တွေရဲ့အကျင့်ပျက်လာဘ်စားမှုအကြောင်းတွေကို ဖော်ပြထားတဲ့ အစီရင်ခံစာကို ထုတ်ပြန်ပြီးချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ ဒီအစီရင်ခံစာမှာ ဝန်ကြီးချုပ် ဟွန်ဆန်မိသားစုရဲ့ပိုင်ဆိုင်မှုဟာ အနိမ့်ဆုံး ဒေါ်လာသန်း ၂၀၀ ဝန်းကျင်ရှိမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ ကမ္ဘောဒီးယားပြည်သူတွေက ဒါဟာ နိုင်ငံရေးလုပ်ကြံမှုလို့ ယူဆပေမယ့် ဝန်ကြီးချုပ် ဟွန်ဆန်ကတော့ ဒီအချက်ကို လက်မခံဘဲ ပယ်ချထားပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း "ဖော်မပြနိုင်လောက်အောင် ကြေကွဲဝမ်းနည်းရပါတယ်"လို့ ထုတ်ပြန်ခဲ့သလို စုံစမ်းစစ်ဆေးမှုတွေကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Bill Longhurst ကလည်း "ကမ္ဘောဒီးယားနိုင်ငံအတွက် ကြီးမားတဲ့ဆုံးရှုံးမှု" ပါလို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။






ဝန်ကြီးချုပ် ဟွန်ဆန်ဟာ ကမ္ဘောဒီးယားနိုင်ငံကို အုပ်ချုပ်ခဲ့တာ နှစ်ပေါင်း ၃၀ ရှိနေပါပြီ။ ရွေးကောက်ပွဲမှာ မဲရှုံးလည်း ဝန်ကြီးချုပ်ဟွန်ဆန်က အာဏာလွှဲမပေးဘဲ အတိုက်အခံ နိုင်ငံရေးသမားတွေကို ဖမ်းဆီးဖိနှိပ်ပြီး အာဏာကို ဆက်လက်ဆုပ်ကိုင်ခဲ့ပါတယ်။ဝန်ကြီးချုပ် ဟွန်ဆန်က ကမ္ဘောဒီးယားနိုင်ငံကို နှစ်ပေါင်း ၃၀ အုပ်ချုပ်နိုင်တာကလည်း အံ့သြစရာတော့ သိပ်မရှိပါဘူး။ နိုင်ငံရေးမှာပဲ ဖြစ်ဖြစ်၊ တပ်မတော်မှာပဲ ဖြစ်ဖြစ်၊ ရဲတပ်ဖွဲ့မှာပဲ ဖြစ်ဖြစ်၊ သတင်းမီဒီယာမှာပဲ ဖြစ်ဖြစ် နောက်ဆုံး လူမှုကူညီရေးလုပ်ငန်းတွေမှာတောင် အချက်အချာနေရာတွေကို ဟွန်ဆန်မိသားစုဝင်တွေကချုပ်ကိုင်ထားတာပါ။ လေ့လာသုံးသပ်သူတွေကတော့ ပုဂ္ဂလိကပိုင်စီးပွားရေးကဏ္ဍမှာလည်း ဟွန်ဆန်မိသားစုဝင်တွေက ကမ္ဘာကျော် ကုမ္ပဏီကြီးတွေဖြစ်တဲ့ Apple နဲ့ Nokia လိုကုမ္ပဏီကြီးတွေနဲ့ လက်တွဲလုပ်ကိုင်သလို Nestle နဲ့ Honda လို ကုမ္ပဏီကြီးတွေနဲ့ကလည်း စီးပွားရေးမဟာမိတ်တွေပါ။ ဟွန်ဆန်မိသားစုနဲ့ ဆက်နွှယ်နေတဲ့ လယ်ယာစိုက်ပျိုးရေး ကုမ္ပဏီတစ်ခုရဲ့ ကျူးလွန်ခဲ့မှုကတော့ အတော်ကြီးကို ရက်စက်တယ်လို့ပြောရမှာပါ။ ဒီကုမ္ပဏီက ရွာသူ ရွာသားတွေကို သူတို့နေရပ်ကနေ မောင်းထုတ်နိုင်ဖို့ မီးကွင်းပစ်မီးရှို့သလို အိမ်ထဲ မြွေဟောက်တွေပစ်ထည့်တာတွေလည်း ကျူးလွန်ခဲ့ပါတယ်။ အခုတော့ ဒီကျူးလွန်သူတွေကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာခုံရုံးကို တိုင်ကြားထားပါတယ်။ Global Witness ရဲ့လေ့လာမှုတွေအရ ဝန်ကြီးချုပ် ဟွန်ဆန်မိသားစုဝင်တွေအပေါ် အရေးယူခဲ့ တဲ့ အမှုမျိုးလုံးဝမရှိသေးပါဘူး။ ဟွန်ဆန်မိသားစုဝင် တွေက ကမ္ဘောဒီးယားနိုင်ငံထဲဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဆင်းရာလမ်းကြောင်းမှာ ကတွတ်ပေါက်က ဗျိုင်းစောင့်သလို နေရာမျိုးကို ရယူထားပါတယ်။ အမေရိကန်နိုင်ငံဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သလို ကမ္ဘောဒီးယားနိုင်ငံရဲ့ ထုတ်ကုန်အများစုကိုလည်း အမေရိကန်နိုင်ငံဆီတင်ပို့တာပါ။ ပြည်ပပို့ကုန်ရဲ့ သုံးပုံတစ်ပုံအထိကို အမေရိကန်နိုင်ငံဆီတင်ပို့ပြီး တစ်နှစ်ကို ဒေါ်လာသုံးဘီလီယံလောက်ရှိပါတယ်။ ဗြိတိန်နိုင်ငံကလည်း ကမ္ဘောဒီးယားနိုင်ငံမှာ အတော်များများရင်းနှီးမြှုပ်နှံထားပြီး ကမ္ဘောဒီးယားနိုင်ငံရဲ့ ဒုတိယမြောက်အကြီးမားဆုံး ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံက ဗြိတိန်နိုင်ငံပါ။ ကမ္ဘောဒီးယားပြည်သူတွေဟာ ဝန်ကြီးချုပ် ဟွန်ဆန်မိသားစုရဲ့ လက်ဝါးကြီးအုပ်မှုတွေကို ဘယ်လိုပဲမကျေနပ်မကျေနပ် ဟွန်ဆန်မိသားစုရဲ့ တိုင်းပြည်စီးပွားရေးအပေါ် ချုပ်ကိုင်ထားပုံက ကြီးမားကျယ်ပြန့်လွန်းတော့ "ငါတို့တော့ ဟွန်ဆန်မိသားစု ကြီးပွားရာကြီးပွားကြောင်း တော့ မလုပ်ဘူးဟေ့" လို့ ဆန္ဒပြမယ်စဉ်းစားလိုက်ရင် ဗိုက်မှောက်နေရဖို့ပဲရှိပါတယ်။

ကမ်လေးက ဒီမတရားမှုတွေကို ပြည်သူလူထု ရှင်းရှင်းလင်းလင်း တိတိကျကျဖော်ထုတ်ဖို့ ကြိုးစားလာလို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာပါ။ ပြောရရင် ပြီးခဲ့တဲ့နှစ်ပိုင်း တွေမှာ နိုင်ငံရဲ့ စုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP) တိုးတက်နှုန်းက အထင်ကြီးလေးစားစရာပါ။ နိုင်ငံရဲ့ စုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP) တိုးတက်နှုန်းအပေါ် အခြေခံကြည့်လိုက်ရင် ကမ္ဘောဒီးယားနိုင်ငံဟာ ဝင်ငွေ နိမ့်နိုင်ငံအဆင့်ကနေ ဝင်ငွေအလယ်အလတ်အဆင့်ကိုရောက်ဖို့ မှန်းဆမြင်ကြည့်လို့ရနေပါပြီ။ ဒါပေမယ့် ပြဿနာက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေရဲ့ အများစုကို လက်တစ်ဆုပ်စာ အခွင့်ထူးခံလူတန်းစားကပဲ ခံစားနေရတာပါ။ ဒီအချက်ကြောင့် ကမ္ဘောဒီးယား ပြည်သူတွေရဲ့ ၄၀ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေနေတဲ့ အဆင့်ကနေ ရုန်းမထွက်နိုင်ဘဲ ကျန်ပြည်သူအများစုကလည်း ဘဝရပ်တည်နိုင်ဖို့ ခက်ခက်ခဲခဲရုန်းကန်နေကြရတာပါ။ တိုင်းပြည်မှာ ဆင်းရဲ ချမ်းသာကွာဟမှုကြီးမားမှုက ဘယ်လောက်အန္တရာယ်ကြီးတယ်ဆိုတာကို ကမ်လေးလုပ်ကြံသတ်ဖြတ်မှုက သက်သေပြနေပါတယ်။ ။

---

# တူရကီနိုင်ငံအတွင်း လူမှုအဖွဲ့အစည်းများနှင့် ကိုယ်ပိုင်ကျောင်းများပိတ်သိမ်းရန် အစိုးရကြေညာချက်ထုတ်ပြန်

**အန်ကာရာ ဇူလိုင် ၂၄**

တူရကီအစိုးရက နိုင်ငံအတွင်း အာဏာသိမ်းရန်ကြိုးပမ်းမှုဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားခဲ့ပြီး လူမှုရေးအဖွဲ့အစည်းများနှင့် ကိုယ်ပိုင်ကျောင်းထောင်ပေါင်းများစွာကို ပိတ်သိမ်းရန် ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

ဇူလိုင် ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အာဏာသိမ်းပိုက်မှုဖြစ်စဉ်ကို ကြိုးကိုင်သည်ဟု သမ္မတကစွပ်စွဲခဲ့သည့် မွတ်စလင်ဘာသာရေးခေါင်းဆောင် ဖီသူလပ်ချ်ဂူလန်၏ နောက်လိုက် အပေါင်းအပါများကို ရည်ရွယ်ပြီး ဇူလိုင် ၂၄ ရက်တွင် သမ္မတ အာဒိုဂန်က ရုံးမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် လူမှုရေးလုပ်ငန်းအဖွဲ့အစည်း ၁၂၀၀ ကျော်နှင့် ကိုယ်ပိုင်ကျောင်း ၁၀၀၀ ကျော်ကို ပိတ်သိမ်းရန်ပါရှိသည်။ အာဏာသိမ်းပိုက်ရန်ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူများကို စွဲချက် တင်ခြင်းမပြုဘဲ လေးရက်မှ ၃၀ ရက်အထိ အချိန်ကာလတိုးချဲ့ပြီး ထိန်းသိမ်းထားရန် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ နိုင်ငံ၏အမျိုးသားလုံခြုံရေးကို ဆန့်ကျင်ခဲ့သည့် အစိုးရတာဝန်ရှိသူများကို ရာထူးမှထုတ်ပစ်မည်ဖြစ်သည်။

အာဏာသိမ်းပိုက်ရန်ကြိုးပမ်းသူများအား သမ္မတအာဒိုဂန်၏ ကိုင်တွယ်ဖြေရှင်းမှုသည် ရက်စက်ရာရောက်လွန်းသည်ဟု ပြည်တွင်းပြည်ပဝေဖန်ရေးသမားများက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# နိုင်ငံရေးစာပေ

**အောင်စိုးဦး**

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကို ဇူလိုင် ၂၉၊ ၃၀၊ ၃၁ ရက်နေ့များတွင် ကျင်းပမည်။ နိုင်ငံရေးစာပေရေးသားကြသည့် စာရေးဆရာကြီးများက နိုင်ငံရေး စာပေ စာတမ်း ၁၈ စောင်ဖတ်ကြားမည်။ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့်အတူ မိုးရာသီစာအုပ်ဈေးရောင်းပွဲပါ ကျင်းပမည်။ ထိုသတင်းသည် စာချစ်သူများအတွက် မင်္ဂလာသတင်းဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေးစာပေကို စိတ်ဝင်စားတန်ဖိုးထားကြသူများအတွက် ဝမ်းမြောက်ပီတိဖြစ်ကြရသည်။

နိုင်ငံရေးစာပေအကြောင်း တွေးမိသောအခါ နိုင်ငံရေးစာပေ၏ ဂုဏ်ကျေးဇူးကို သတိပြုမိသည်။ နိုင်ငံရေးစာပေသည် နိုင်ငံ့အရေးကို ဆောင်ရွက်စေရန် လှုံ့ဆော်ပေးသော စာပေဖြစ်သည်။ နိုင်ငံ့အရေးဆောင်ရွက်သူများကို မွေးဖွားပေးသော စာပေဖြစ်သည်။ နိုင်ငံ့အရေးအတွက် လမ်းညွှန်ပေးသော စာပေဖြစ်သည်။

နိုင်ငံရေးစာပေကို ဆယ်ကျော်သက်အရွယ် အလယ်တန်းကျောင်းသားအရွယ်မှစ၍ ထိတွေ့ရသည်။ အဖေ၏ စာအုပ်စင်သည် မကြီးကျယ် မခမ်းနားနို့ဆီသေတ္တာထင်းရှူးပုံးက ပျဉ်ချပ်လေးများကို ခွာကာ စာအုပ်စင်အဖြစ် ဖန်တီးထားသည်။ တောမြို့ကလေးတစ်မြို့မှ သာမန်မြေတိုင်းစာရေးသာဖြစ်သော အဖေ့စာအုပ်စင်တွင် ကမ္ဘာ့ဒိုင်ဂျက်၊ မြန်မာ့ဒိုင်ဂျက်၊ စာစောင်များ၊ သင့်ဘဝမဂ္ဂဇင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်များ၊ အာဇာနည်များ၏ အတ္ထုပ္ပတ္တိစာအုပ်များ၊ ကားလ်ဗတ်၊ ဟစ်တလာ၊ အီဗရာဟင်လင်ကွန်း၊ မဟတ္တမဂန္ဒီ အစရှိသည့် ကမ္ဘာကျော်အတ္ထုပ္ပတ္တိစာအုပ်များ၊ အထူးသဖြင့် ထိုအချိန်က ၁၉၅၈ ဝန်းကျင် ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်၍ ဝန်ကြီးချုပ်ဦးနု၏ နိုင်ငံရေးစာအုပ်များ၊ သိန်းဖေမြင့်၏ စာအုပ်များအစရှိသည့် နိုင်ငံရေးစာပေစာအုပ်မျိုးစုံရှိသည်။

အဖေ၏ ထင်းရှူးသားစာအုပ်စင်ငယ်မှ စာအုပ်များကို ဖတ်ရင်း ကမ္ဘာ့ဗဟုသုတ၊ မြန်မာ့ဗဟုသုတကို ဆယ်ကျော်သက်မှစ၍ လေ့လာသိရှိခဲ့ရသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ မဟတ္တမဂန္ဒီ၊ လင်ကွန်းတို့ကို စံပြပုဂ္ဂိုလ်များအဖြစ် အားကျလာသည်။ ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂအဆောက်အအုံ ဖုံးခွဲဖြိုဖျက်ခံရသည်နှင့်အတူ တက္ကသိုလ်၏မြကျွန်းသာသည် ရင်ပြင်နီဖြစ်ခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားများ အစုလိုက်အပြုံလိုက် အသတ်ခံရကာ တက္ကသိုလ်တစ်ခုလုံး သွေးခြင်းခြင်းနီခဲ့သည်။ အာဏာရှင်တို့၏ ဖိနှိပ်ဖမ်းဆီး အကျဉ်းချသည့်ကြားမှ "ရင်ပြင်နီ"၊ "အနိုင်မခံ"၊ "ဥဒါန်းမကြေ" စသော တက္ကသိုလ်ကျောင်းသားကျောင်းသူကြီးများ၏ သွေးနှင့်ရေးခဲ့သော ကဗျာများကို ဖတ်ရသည်။

အထက်တန်းကျောင်းသားဘဝကို ရောက်သည့်အခါ ထိုခေတ်က လူငယ်များ၏ သဘာဝအတိုင်း လက်ဝဲစာပေများနှင့် စတင်ထိတွေ့ကာ မာတ်ခ်ဝါဒ၏ ရေသောက်မြစ် သုံးသွယ်နှင့် အရင်းကျမ်းတို့သည် ကျွန်တော်တို့အတွက် တိတ်တခိုးဖတ်ရသော ပြဋ္ဌာန်းစာအုပ်များဖြစ်ခဲ့သည်။ ဝင်းဇော်၏ အလံမလှဲစတမ်း၊ လူထုဒေါ်အမာ၏ စာအုပ်များ၊ အောင်လင်း၊ မြသန်းတင့်၊ သခင်မြသန်း၊ ဗန်းမော်တင်အောင်၊ သိန်းဖေမြင့်တို့၏ နိုင်ငံရေးစာပေများကို ဖတ်ကာ နိုင်ငံရေးအသိဉာဏ်မျိုးစေ့များရခဲ့သည်။

ကျွန်တော်တို့စိတ်ထဲစွဲနေသော နိုင်ငံရေးသဘောတရား စာအုပ်များ၊ ဝတ္ထုများ၊ ဆောင်းပါးများ၊ ကဗျာများက ကျွန်တော်တို့အား နိုင်ငံရေးမျိုးစေ့ချပေးခဲ့သည်။ အမှန်တရားကို မြတ်နိုးလိုစိတ်၊ ရိုးသားလိုစိတ်၊ အနစ်နာခံလိုစိတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးလိုစိတ်၊ နိုင်ငံ့အရေးကို အသက်စွန့်ဆောင်ရွက်လိုစိတ်များကို နိုင်ငံရေးစာပေများကပင် မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

သိန်းဖေမြင့်၏ "အရှေ့ကနေဝန်းထွက်သည့်ပမာ"၊ ဂျာနယ်ကျော်မမလေး၏ "သူလိုလူ" ဝတ္ထုများက နိုင်ငံရေးစာပေလမ်းကြောင်းကို ဆွဲခေါ်သည်။ ထိုအခါနဂါးနီ စာအုပ်တိုက်မှ ထုတ်ဝေသည့် စာအုပ်များကို ရှာဖွေဖတ်ရှုတတ်လာသည်။ တက္ကသိုလ်သို့ရောက်သည့်အခါ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် ကျွန်တော်တို့အတွက် နိုင်ငံရေးစာပေရတနာတိုက်ကြီးဖြစ်ခဲ့သည်။ အိုးဝေမဂ္ဂဇင်း၊ ဒီးဒုတ်မဂ္ဂဇင်းအပါအဝင် နယ်ချဲ့ဆန့်ကျင်ရေးကို စိတ်ဓာတ်အမွေပေးသည့် မဂ္ဂဇင်းများ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေများ၊ ရှားပါးနိုင်ငံရေးစာပေများကို ဖတ်ရှုခွင့်ရခဲ့သည်။ သည့်နောက်ပိုင်းတွင် ဆရာလင်းယုန်မောင်မောင်၊ ဆရာမောင်ဝံသတို့၏ ကမ္ဘာကျော်ပုဂ္ဂိုလ်များအကြောင်း စာအုပ်တွေကို ဖတ်ရှုအားကျခဲ့ရသည်။ နိုင်ငံရေးစာပေများကြောင့် မဟတ္တမဂန္ဒီငြိမ်းချမ်းရေးနှလုံးသားကို ထိတွေ့နိုင်သလို "ဟစ်တလာ" ကို သင်ခန်းစာယူနိုင်ပြီး "ချေဂွေဗားရား" ကို အားကျလိုစိတ်များဖြစ်ပေါ်စေခဲ့သည်။ ရဲဘော်မြ၊ ရဲဘော်ဘခက်တို့၏၊ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များကား သံဝေဂရစရာဖြစ်သည်။

နိုင်ငံရေးစာပေများ၏ ကျေးဇူးကား ကြီးမားလှသည်။ စုံစေ့စွာရေးပြ၍ မကုန်။ လေ့လာ၍ မကုန်။ နိုင်ငံရေးစာပေတို့၏ဂုဏ်ကို ဖော်ကျူး၍မကုန်နိုင်ပါ။ ခေတ်အဆက်ဆက်နိုင်ငံရေးစာပေရေးသားကြသူများ၏ ကျေးဇူးကားကြီးမားလှသည်။ ယခုနိုင်ငံရေးစာပေစာတမ်းပြုစုရေးသားကြသူများမှာ ကျွန်တော်၏ ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများ အလေးထားလေးစားကြရသူများဖြစ်သည်။ စာတမ်းရှင်စာရေးဆရာကြီးများသည်လည်း တစ်ချိန်က နိုင်ငံရေးစာပေများကို ဖတ်ရင်းကြီးလာကြသူများဖြစ်ကြသည်။ သူတို့ဖတ်ခဲ့ကြသော နိုင်ငံရေးစာပေများ၏ အကျိုးကျေးဇူးကြောင့် နိုင်ငံက အားထားရသော စာရေးဆရာကြီးများ၊ စာပေဆုရှင်ကြီးများ၊ နိုင်ငံသိကမ္ဘာသိ ပုဂ္ဂိုလ်ကြီးများ ဖြစ်လာကြခြင်းဖြစ်သည်။

အတွေ့အကြုံရင့်စာရေးဆရာကြီးများ လေ့လာပြုစုသည့် စာတမ်းများဖြစ်၍ နိုင်ငံအတွက်အကျိုးရှိမည်သာမက နိုင်ငံ့အရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်မိပါသည်။ အထူးသဖြင့် နိုင်ငံရေးစာပေ၊ စာတမ်းများကို လူငယ်များအား နိုင်ငံချစ်စိတ်၊ နိုင်ငံ့အရေးကို ဆောင်ရွက်လိုစိတ်များ မွေးဖွားစေမည်ဟု ယုံကြည်မိပါသည်။ နိုင်ငံရေးစာပေရေးသားသူ၊ ထုတ်ဝေသူ၊ ဖြန့်ချိရောင်းချသူများသည်လည်း နိုင်ငံ့အကျိုးကို တစ်ဖက်တစ်လမ်းမှ သယ်ပိုးထမ်းဆောင်သူများဖြစ်၍ ကျေးဇူးတင်ပါသည်။

နိုင်ငံရေးစာပေသည် နိုင်ငံ့အရေး စာပေဖြစ်သည်။

နိုင်ငံသားတိုင်း နိုင်ငံ့အရေးကို သိဖို့လိုသည်။

နိုင်ငံနှင့် လူမျိုးအကျိုးနှင့် နိုင်ငံ့အရေးကို နိုင်ငံသားများ စိတ်ဝင်စားစေရန် မျိုးစေ့ချန်းဆော်ပေးသည့် "နိုင်ငံရေးစာပေ"များ၏ ဂုဏ်ကျေးဇူးကား အထူးကြီးမားလှပါ၏။ ။

**အတွေ့အကြုံရင့် စာရေးဆရာကြီးများ လေ့လာပြုစုသည့် စာတမ်းများဖြစ်၍ နိုင်ငံအတွက် အကျိုးရှိမည်သာမက နိုင်ငံ့အရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်မိ။**




## ထိုင်းခရီးသွားယာဉ်တန်းအား ကျိုက်ထီးရိုး ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ ကူညီ

**ကျိုက်ထို ဇူလိုင် ၂၄**

Mother Ayeyarwaddy Travels & Co., Ltd. ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား Mr.Arnon Khamnak နှင့်အဖွဲ့ဝင် ၃၀ တို့သည် ဇူလိုင် ၁၅ ရက်တွင် ကိုယ်ပိုင်မော်တော်ယာဉ် ၁၃ စီးဖြင့် မြဝတီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ လေ့လာလည်ပတ်ရန် ရောက်ရှိလာခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီခိုင်နှင့် ကုမ္ပဏီမှဧည့်လမ်းညွှန် ဒေါ်တင်မာဝင်းတို့က ယာဉ်တန်းဖြင့် တာဝန်ယူလိုက်ပါပို့ဆောင်ပေးခဲ့သည်။

အဆိုပါအဖွဲ့သည် မြဝတီမြို့မှတစ်ဆင့် မော်လမြိုင်-နေပြည်တော် - ပုဂံ - မန္တလေး - ရန်ကုန်မြို့ကြီးများရှိ အထင်ကရနေရာများအားလည်ပတ်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် ကျိုက်ထိုမြို့သို့ ဘုရားဖူးလည်ပတ်ရန်ရောက်ရှိလာခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့အမှတ်(၁၂)တပ်ဖွဲ့စု(ကျိုက်ထီးရိုး)မှ ရဲအုပ်ကျော်ဇောနှင့် တပ်ဖွဲ့ဝင်များက ကြိုဆိုကူညီစောင့်ရှောက်ပေးခဲ့ပြီး အီတာနတီဟိုတယ်သို့ ပို့ဆောင်ပေးကာ ညနေပိုင်းတွင် ကျိုက်ထီးရိုးတောင်ပေါ်သို့တပ်ဖွဲ့ဝင်များက ကူညီပို့ဆောင်ပေးခဲ့ပြီး ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ခရီးသွားယာဉ်တန်းဖြင့် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## အထက်မြန်မာပြည် ပန်းချီအသင်း၏ ဒုတိယအကြိမ် ရန်ပုံငွေပန်းချီပြပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

အထက်မြန်မာပြည်ပန်းချီအသင်း(မန္တလေး)၏ ဒုတိယအကြိမ် ရန်ပုံငွေပန်းချီပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင် ပန်းချီပြခန်း၌ ပြသလျက်ရှိကြောင်း သိရသည်။ အထက်မြန်မာပြည်မှ ပန်းချီဆရာ ၃၂ ဦး၏ ပန်းချီကားပေါင်း ၉၀ ကျော်ပြသထားပြီး ဆီဆေး၊ ရေဆေး၊ အခရိုင်လစ်တို့ဖြင့်ရေးဆွဲထားသော လက်ရာစုံပါဝင်ကာ ကျပ်နှစ်သိန်းမှ ကျပ်သိန်း ၂၀ အထိ သတ်မှတ်ရောင်းချသည်။

ရောင်းချရရှိငွေများမှ အသင်းရန်ပုံငွေအဖြစ် ထည့်ဝင်သွားကြမည်ဖြစ်ပြီး ပန်းချီပညာရပ် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရန်၊ မျိုးဆက်သစ်ပန်းချီပညာရှင်များအား ပန်းချီအတတ်ပညာ မျှဝေပေးရန်နှင့် ပန်းချီပညာရှင်များ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ကူညီပံ့ပိုးရန် စသည့် အသင်းရည်ရွယ်ချက်များအတိုင်း အသုံးပြုသွားမည် ဖြစ်သည်။

"ဒီကနေ့ ကျွန်တော်တို့အသင်းမှာ ရန်ပုံငွေဆိုတာ မရှိသလောက်ပါပဲ။ ရန်ပုံငွေရလာမယ်၊ ရှိလာမယ်ဆိုရင်တော့ အသင်းသူအသင်းသားတွေရဲ့ ကျန်းမာရေး၊ လူမှုရေးကိစ္စ၊ အရေးပေါ်ဖြစ်လာတဲ့ ရေကြီးမှု၊ မြေပြိုမှု၊ မုန်တိုင်းစတဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရတာတွေကိုလည်း ကူညီမယ်။ ကူလည်းကူညီခဲ့တယ်။ နောင်လည်း ဆက်ပြီးကူညီမှာပါ"ဟု အထက်မြန်မာပြည် ပန်းချီအသင်း(မန္တလေး)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

အထက်မြန်မာပြည် ပန်းချီအသင်း (မန္တလေး)အား ၂၀၁၃ ခုနှစ်က အသင်းဝင် ၆၀ ကျော်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပုံမှန်ဆောင်ရွက်မှုများအနေဖြင့် လစဉ်အောက်ဒိုးထွက် ပန်းချီရေးဆွဲခြင်းကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(ဝဝ၂)**



## ဥတုရာသီ တောကိုမှီ၏

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုတွင် အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်၊ မရထိုက် ဆုံးဖြတ်ခြင်း

ဒေါက်တာသန်းဝင်း(ချယ်ရီမြေ)

***(အလုပ်ရှင်-အလုပ်သမား အငြင်းပွားမှုများအား လေ့လာရာတွင် အများဆုံးဖြစ်ပွားလေ့ရှိသည့် အလုပ်ရှင်၏ တစ်ဖက်သတ် အလုပ်ထုတ်မှုများအတွက် အလုပ်ရပ်စဲမှု နစ်နာကြေး ရထိုက်၊မရထိုက်အား ခုံသမာဓိအဖွဲ့များနှင့် ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်များအပေါ် အခြေခံလျက် သက်ဆိုင်သည့် ILO ပြဋ္ဌာန်းချက်ပါ အချက်အချို့နှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများအား အလုပ်ရှင်-အလုပ်သမားနှင့် အများပြည်သူသိရှိနိုင်ရန် လေ့လာတင်ပြခြင်းဖြစ်ပါသည်။)***

**အလုပ်ရပ်စဲရသည့်အကြောင်းရင်းများ**

အလုပ်ရှင်အနေဖြင့် မိမိစက်ရုံ၊ အလုပ်ဌာနတွင် ခန့်ထားပြီးသော အလုပ်သမားတစ်ဦးဦး သို့မဟုတ် အလုပ်သမားများကို အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှရပ်စဲရမည့်အခြေအနေမျိုး ပေါ်ပေါက်နိုင်ပါသည်။ ယေဘုယျအားဖြင့် ကုန်ကြမ်းပြတ်တောက်ခြင်းကြောင့် စက်ရုံယာယီပိတ်သိမ်းခြင်း၊ စက်ရုံ၊ အလုပ်ရုံ နေရာသစ်သို့ ပြောင်းရွှေ့ခြင်း၊ စက်ရုံအား အလိုအလျောက်လုပ်ဆောင်သည့် စက်ကိရိယာများ တပ်ဆင်အဆင့်မြှင့်တင်ခြင်း၊ ပိုင်ရှင်ပြောင်းလဲခြင်း၊ စီးပွားရေးတွက်ခြေမကိုက်သဖြင့် လုပ်သားအင်အားလျှော့ချခြင်း၊ စက်ရုံအပြီးပိတ်သိမ်းခြင်းတို့ဖြစ်ပါသည်။ အလုပ်ရှင်၊အလုပ်သမား ဆက်ဆံရေးတွင် နေ့စဉ်ကြုံတွေ့နေရသော ပြဿနာမှာ စက်ရုံ၊ အလုပ်ဌာနတွင်းချမှတ်ထားသော အလုပ်ထုတ်ပယ်လောက်သည့် လုပ်ငန်းခွင်စည်းကမ်းအား အလုပ်သမားက ချိုးဖောက်ခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေအရ တရားရုံးတစ်ခုခု၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရခြင်းတို့ကြောင့်လည်း အလုပ်သမား အလုပ်ရပ်စဲခံရကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုသို့သော အလုပ်ရပ်စဲမှုများအနက် အလုပ်ရှင်၏ ဆန္ဒအရ တစ်ဖက်သတ် အလုပ်ရပ်စဲခံရခြင်းများတွင် သက်ဆိုင်ရာ အလုပ်သမားများအား ၎င်းတို့၏ လုပ်သက်နှစ်အပေါ် အခြေခံသည့် အလုပ်ထုတ်နစ်နာကြေး သို့မဟုတ် အလုပ်ရပ်စဲမှုနစ်နာကြေးအား လုပ်ခလစာ ကျန်ငွေနှင့်အတူ တစ်ပါတည်း စာရင်းရှင်းလင်းဆောင်ရွက်ပြီးမှ အလုပ်ရပ်စဲခြင်းကိစ္စ ပြီးမြောက်သည်ဟု ဆိုနိုင်ပါသည်။

အလုပ်သမားဘက်က ၎င်း၏ဆန္ဒအရ အလုပ်မှနုတ်ထွက်လိုပါကလည်းကောင်း၊ အလုပ်ရှင်ဘက်က အလုပ်သမားအင်အား လျှော့ချရန်လည်းကောင်း ရှိပါက သက်ဆိုင်ရာဘက်က အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်အသိပေးရပါသည်။ ထိုသို့နို့တစ်မပေးဘဲ အလုပ်သမားအား အလုပ်ရပ်စဲပါက သတ်မှတ်ထားသည့် နို့တစ်ကြေးတစ်လစာအလုပ်ရှင်က ပေးရပါသည်။ အလုပ်သမား၏ နုတ်ထွက်လိုမှုကိစ္စတွင် အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်သဘောတူထားသည့် အလုပ်ခန့်ထားမှု သဘောတူစာချုပ်သက်တမ်းမကုန်ဆုံးမီဖြစ်ပါက အလုပ်ရှင်အနေဖြင့် အလုပ်သမားသို့ပေးရန်ရှိသည့် လုပ်ခ၊ လစာ ကျန်ငွေကိုသာ ရှင်းလင်းပေးရန် တာဝန်ရှိပြီး အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် တာဝန်မရှိကြောင်းလည်း တွေ့ရှိရပါသည်။

ထို့ကြောင့် အလုပ်ရပ်စဲမှုနစ်နာကြေးဆိုသည်မှာ “စီးပွားရေး၊ ငွေကြေး သို့မဟုတ် ကုန်ကြမ်းအခက်အခဲစသည်တို့ကြောင့် အလုပ်သမားအင်အားလျှော့ခြင်း သို့မဟုတ် အလုပ်ပိတ်ခြင်းအတွက်ဖြစ်စေ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် သို့မဟုတ် စုပေါင်းသဘောတူညီချက်ကို အလုပ်ရှင်ဘက်မှ ဖောက်ဖျက်ခြင်းအပါအဝင် တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသည့် အလုပ်မှရပ်စဲခြင်း သို့မဟုတ် အလုပ်ထုတ်ပစ်ခြင်းတို့အတွက်ဖြစ်စေ၊ အလုပ်ရှင်က အလုပ်သမားအားပေးရမည့်ငွေကိုဆိုသည်”ဟု အလုပ်သမားဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် ဧပြီ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ **(အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး နည်းဥပဒေများ)**တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

**ILO ပြဋ္ဌာန်းချက်များနှင့် အလုပ်ရှင်၏ အလုပ်ရပ်စဲပိုင်ခွင့်**

အလုပ်ရှင်များအနေဖြင့် ၎င်းတို့ခန့်ထားသည့် အလုပ်သမားများ၏ ကျွမ်းကျင်မှု၊ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် အကျင့်စာရိတ္တတို့အား အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုစာချုပ်တွင် ဖော်ပြပါရှိသည့် အစမ်းခန့်ကာလ (Probation Period)အတွင်း အကဲဖြတ်ပြီး အထူးသဖြင့် လုပ်ငန်းစွမ်းဆောင်ရည်အား နှစ်သက်မှုမရှိပါက အစမ်းခန့်ကာလကုန်ဆုံးချိန်တွင် အလုပ်သမားအား နစ်နာကြေးပေးရန်မလိုဘဲ အလုပ်ရပ်စဲနိုင်ပါသည်။ ပုံသေကာလသက်တမ်းဖော်ပြပါရှိသည့် အလုပ်ခန့်ထားမှုသဘောတူစာချုပ် (Fixed Term Employment Contract-FTC) သက်တမ်းကုန်ဆုံးချိန်တွင်လည်း အလုပ်သမားအနေဖြင့် ဆက်လက်အလုပ်လုပ်ခွင့်ရရန် ဆက်လက်စာချုပ်ချုပ်ဆိုရန်လိုပါသည်။ ထို့ကြောင့် အချို့သောနိုင်ငံများ(ဥပမာ-တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံစသည်) တို့တွင် အလုပ်သမားများချုပ်ဆိုမည့် FTCအကြိမ် အရေအတွက် ကန့်သတ်ထားခြင်းဖြင့် ကာလအကန့်အသတ်မရှိသည့် အလုပ်ခန့်ထားမှု သဘောတူစာချုပ် (Undetermined Term Employment Contract-UDC)အဖြစ်တိုးမြှင့်သတ်မှတ်ပြဋ္ဌာန်းလေ့ရှိကြောင်း၊ ယာယီအလုပ်သမားမှ အမြဲတမ်းခန့် အလုပ်သမားအဖြစ် တိုးတက်ပြောင်းလဲလာခြင်းသဘောကို လေ့လာတွေ့ရှိရပါသည်။ ဆိုလိုရင်းမှာ အလုပ်ရှင်တွင် သင့်လျော်သည့် အလုပ်ရပ်စဲပိုင်ခွင့်ရှိရမည်ဖြစ်သကဲ့သို့ အလုပ်သမား၏ အလုပ်အကိုင်တည်မြဲပိုင်ခွင့် (Job security) သို့မဟုတ် အလုပ်ဆက်လက်လုပ်ကိုင်နိုင်ရေး(Continuation of Employment)မှာ အလုပ်ရှင်၊ အလုပ်သမားချုပ်ဆိုခဲ့သည့် အလုပ်ခန့်ထားမှု သဘောတူစာချုပ် (Employment Contract) အမျိုးအစားသတ်မှတ်ခြင်းနှင့် အမျိုးအစားတစ်ခုမှ အခြားတစ်ခုသို့ မည်သို့ ကူးပြောင်းသတ်မှတ်မည်ဆိုသည့် ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ပြဋ္ဌာန်းချက် အထူးအရေးပါကြောင်း သိသာထင်ရှားပါသည်။ ထို့ကြောင့်လည်း အလုပ်ရှင်များတွင် အလုပ်သမားခန့်ထားခွင့်နှင့် အလုပ်ရပ်စဲပိုင်ခွင့် (Right to Hire and Fire)အပြည့်အဝရှိသင့်ကြောင်း၊ အချို့သော အလုပ်ရှင်များက တောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO)အနေဖြင့် အလုပ်ရပ်စဲမှုဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် ၁၅၈ (ILO Convention concerning Termination of Employment)အား ၁၉၈၁ ခုနှစ်တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ အလုပ်အကိုင်ဆက်လက်တည်မြဲစေရန်၊ မျှတမှန်ကန်မှုမရှိသည့် အလုပ်ရပ်စဲမှု (Unfair Dismissal)များအတွက် အလုပ်သမားများအား အကာအကွယ်ပေးရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်ရပ်စဲမှု ကျင့်စဉ်တစ်ခုအား ထူထောင်ဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ILOအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ILO ပြဋ္ဌာန်းချက်များအနက် မိမိနိုင်ငံမှ ကျင့်သုံးဆောင်ရွက်နိုင်မည့် ပြဋ္ဌာန်းချက်များအား လက်မှတ်ရေးထိုးအတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ပါဝင်လက်မှတ်ရေးထိုးအတည်ပြုပြီးသည့် ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအား အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းဥပဒေများတွင် မဖြစ်မနေထည့်သွင်းပြဋ္ဌာန်းရန် တာဝန်ရှိသကဲ့သို့ လက်မှတ်ရေးထိုး အတည်ပြုထားခြင်း မရှိသေးသည့် ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအနက် နိုင်ငံတော်နှင့် အလုပ်ရှင်၊ အလုပ်သမား အကျိုးရှိစေမည့် ပြဋ္ဌာန်းချက်များကိုလည်း ဥပဒေတွင်ထည့်သွင်း ပြဋ္ဌာန်းခြင်း၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးသဘောတူညီမှုဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ပါက ဒေသတွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း စီးဝင်လာစေပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအား များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်မိပါသည်။

အချို့သော နိုင်ငံများတွင် အလုပ်ရပ်စဲရန် သို့မဟုတ် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (Employment Contract- EC)ဆိုင်းငံ့ရန်၊ ဖျက်သိမ်းရန်တို့အတွက် သက်ဆိုင်ရာ အလုပ်သမားဥပဒေများတွင် ထည့်သွင်းသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် အလုပ်သမားများ သပိတ်မှောက်နေသည့်ကာလအား EC သဘောတူစာချုပ် ဆိုင်းငံ့ကာလသတ်မှတ်ခြင်း၊ ဗီယက်နမ်နိုင်ငံတွင် အမျိုးသားစစ်မှုထမ်းကာလ၊ ယာယီအချုပ်အနှောင် ကျခံရသည့် ကာလတို့အား EC ဆိုင်းငံ့ကာလ သတ်မှတ်ခြင်းတို့အား လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရန်မလိုသည့် အလုပ်ရပ်စဲမည့် အလုပ်သမားအရေအတွက် သတ်မှတ်ပေးခြင်း (ဥပမာ-အလုပ်သမား ငါးဦး၊ ၁၀ ဦး၊ ၂၀ စသည်) အလုပ်သမားအင်အား လျှော့ရာတွင် ဦးစားပေး သတ်မှတ်ချက်များ (ဥပမာ-အလုပ်သမားအဖွဲ့အစည်း အမှုဆောင်များ၊ လုပ်သက်ရင့် ကျွမ်းကျင်လုပ်သားများ၊ ဆေးခွင့်ယူဆဲ အလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများ၊ မိသားစုမှီခိုနေသည့် အလုပ်သမားများ၊ အင်အားလျှော့ရာတွင်မပါဝင်ရေး) တို့အား တိကျစွာသတ်မှတ်နိုင်ရန် လိုအပ်ပါသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ဌာနက ကြိုတင်ကြေညာထုတ်ပြန်ထားသည့် စည်းကမ်းများအား အကြိမ်ကြိမ်ဖောက်ဖျက်သော အလုပ်သမားအား နှုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးမှတ်တမ်းတင်ခြင်း၊ နောက်ဆုံးသတိပေးခြင်းနှင့် အလုပ်ထုတ်ပယ်လောက်အောင်ကြီးလေးသော စည်းကမ်းဖောက်ဖျက်မှုများအတွက် အလုပ်ရှင်အား အလုပ်ရပ်စဲပိုင်ခွင့်အပြည့်အဝပေးအပ်ခြင်းဖြင့် အလုပ်ရှင်၏ စီမံခန့်ခွဲမှုအား ပိုမိုအားကောင်းလာစေခြင်း၊ ကုန်ထုတ်စွမ်းအားကောင်းမွန်ခြင်းနှင့် လုပ်ငန်းခွင်အေးချမ်းသာယာခြင်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

**အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ အဆုံးအဖြတ်ခံယူခြင်း**

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပါ “အလုပ်သမား”၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် “အလုပ်သမားဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ မိမိ၏ လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကို ဆိုသည်။ ထို့အပြင် အငြင်းပွားမှုဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူအလုပ်သမားလည်း ပါဝင်သည်။. . .။” ဟု ဖော်ပြပါရှိသဖြင့် အလုပ်ရှင်တစ်ဦးဦးက အလုပ်ရပ်စဲလိုက်သော အလုပ်သမားတစ်ဦးသည် ၎င်း၏ အလုပ်ရပ်စဲခံရမှုမှာ ဥပဒေနှင့်မညီကြောင်း၊ တရားမျှတမှုမရှိကြောင်း သက်ဆိုင်ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားလာပြီး ၎င်းမှတစ်ဆင့် ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီအဆင့်ဆင့်သို့ အမှုတွဲရောက်ရှိလာပါက ခုံသမာဓိအနေဖြင့် အဆုံးအဖြတ်ပေးရလေ့ရှိပါသည်။ ဆိုလိုသည်မှာ အလုပ်ရှင်က အလုပ်ထုတ်ထားသော အလုပ်သမားသည် ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း၊ ခုံသမာဓိအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးအခြေအနေ၊ အမှုအကြောင်းခြင်းရာ၊ သက်သေများနှင့် အမှုသည်များအား မေးမြန်းပြီးမှ ဆုံးဖြတ်ချက်ပြုရပါသည်။ ခုံသမာဓိ၏ အဆုံးအဖြတ်မှာ အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်၊ မရထိုက်၊ အလုပ်ပြန်လည်ခန့်အပ်ရန် သင့်၊ မသင့်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလုပ်ရပ်စဲခြင်း ဟုတ်၊ မဟုတ်၊ မဟုတ်ပါက အလုပ်ပြန်လည်ခန့်အပ်ရန်၊ နစ်နာကြေးပေးရန် စသည်များ ပါဝင်လေ့ရှိပါသည်။

ခုံသမာဓိအနေဖြင့် အမှုသည် အလုပ်ရှင်၊ အလုပ်သမားတို့၏ သဘောထား၊ သက်သေများ၏ ထွက်ဆိုချက်များ၊ တင်ပြသည့် စာရွက်စာတမ်းများအပေါ် လိုအပ်သည့် ကောက်နုတ်ချက်များဆွဲခြင်း၊ အဖွဲ့ဖြင့်သုံးသပ်ပြီး အဆုံးအဖြတ်ပြုပါသည်။ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်များအား လေ့လာရာတွင် ဥပဒေကြောင်းအရ ညီညွတ်မှုမရှိသည့် အလုပ်ရပ်စဲမှု (Unlawful Dismissal)အား တွေ့ရှိရသဖြင့် သက်ဆိုင်ရာ အလုပ်ရှင်အား ဥပဒေကြောင်းအရ တရားစွဲရန် ဆုံးဖြတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေပုဒ်မ ၄၄ ပုဒ်မခွဲ(ဃ) အရ “ဤဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းတစ်ရပ်၏ လှုပ်ရှားမှုများကို ဆောင်ရွက်ရန် အလုပ်သမားအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း သို့မဟုတ် သပိတ်မှောက်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှထုတ်ပစ်ခြင်း မပြုရ”ဟု တားမြစ်ထားပြီး တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သတ်မှတ် ငွေဒဏ်၊ ထောင်ဒဏ် ချမှတ်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ထို့ကြောင့် ခုံသမာဓိအဖွဲ့၊ခုံသမာဓိကောင်စီတို့က အဆုံးအဖြတ်ပြုရာတွင် ဥပဒေနှင့်ညီ၊ မညီ၊ လူမှုရေးတရားမျှတမှုရှိ၊ မရှိတို့အား အလေးထားစဉ်းစားဆောင်ရွက်ပြီးမှ ဆုံးဖြတ်နေကြောင်း တွေ့ရှိရပါသည်။

အလျဉ်းသင့်သဖြင့် အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ အမြင့်ဆုံးဖွဲ့စည်းထားရှိသည့် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီ၏ ဖွဲ့စည်းပုံအား လေ့လာတင်ပြလိုပါသည်။ အဆိုပါကောင်စီတွင် အစိုးရကိုယ်စားလှယ် ငါးဦး၊ အလုပ်ရှင်ကိုယ်စားလှယ် ငါးဦး၊ အလုပ်သမားကိုယ်စားလှယ်ငါးဦး ပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းထားရှိကြောင်း တွေ့ရပါသည်။ ခုံသမာဓိကောင်စီသို့ ရောက်ရှိလာသည့် အမှုအား အစိုးရကိုယ်စားလှယ် တစ်ဦးအပါအဝင် အမှုသည်များကိုယ်တိုင် ရွေးချယ်ထားသည့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦး၊ အလုပ်သမားကိုယ်စားလှယ် တစ်ဦးပေါင်း သုံးဦးပါ ခုံအဖွဲ့ဖြင့် ကြားနာစစ်မေးအဆုံးအဖြတ်ပြုရကြောင်း၊ ထို့အပြင် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် သမာသမတ်ကျ နာမည်ကောင်းရှိသည့် ကိုယ်စားလှယ်လူကြီးမင်းများကို ရွေးကောက်တင်မြှောက်နိုင်ရန်လည်းကောင်း၊ အမှုသည်များအနေဖြင့် မိမိတို့ရင်ဆိုင်နေရသော အမှုအတွက် မှန်ကန်စွာဆုံးဖြတ်ပေးနိုင်မည့် အလုပ်ရှင်၊

**စာမျက်နှာ ၁၀ သို့**

# သယ်န်းကျွန်းမြို့နယ်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ ပြည်ထောင်စုဝန်ကြီးကြည့်ရှု



**နေပြည်တော် ဇူလိုင် ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရန်ကုန်)သို့ ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှထုတ်လုပ်ထားရှိသည့် ရော်ဘာပစ္စည်းများ ခင်းကျင်းပြသထားသည့်အခြေအနေနှင့် ရော်ဘာပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့် နည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ စက်မှုဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ SMEများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုးရှိစေမည့် အဌမအကြိမ်မြောက် Saturday SME Talk ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဓာတုဗေဒစက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထင်က "The Current Status of Chemical Industries for SMEs in Myanmar" ခေါင်းစဉ်ဖြင့် ဓာတုဗေဒပစ္စည်းအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အတွေ့အကြုံဗဟုသုတများ၊ နိုင်ငံတကာလုပ်နည်းလုပ်ဟန်များ၊ လူနှင့်သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေမည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲတွင် ဓာတုဗေဒပစ္စည်းအသုံးပြုသော ပြည်တွင်း၊ ပြည်ပ Heavy Chemical Industry များနှင့် SME များအပြင် လူနှင့်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသော နိုင်ငံသားအားလုံးသည် လူမှုဝန်းကျင်ဂေဟစနစ်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ဓာတုဗေဒပစ္စည်းများအား အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချနိုင်စေရန်နှင့် သိရှိလိုက်နာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဌာနသည် မြန်မာနိုင်ငံရှိ SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များ ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် နည်းပညာဆိုင်ရာ အကူအညီပံ့ပိုးပေးမှုများ၊ ဈေးကွက်ချဲ့ထွင်လာနိုင်ရေး ပံ့ပိုးပေးမှုများ၊ ငွေကြေးအရင်းအမြစ်နှင့် ဘဏ္ဍာငွေအထောက်အပံ့များ ရရှိနိုင်ရေးတို့အတွက်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လိုသည့်ပုဂ္ဂိုလ်များ ဆန္ဒပြုနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာသည်။ ယင်းကြေညာချက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ)ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရန်အတွက် ဆန္ဒပြုလွှာများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဇွန် ၂၁ ရက် နောက်ဆုံးထားပေးပို့ရန် ကြေညာခဲ့ကြောင်း။

ဇူလိုင် ၂၀ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ကျင်းပသော **"ကျားမတန်းတူညီမျှမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ အနာဂတ်ဆောင်ရွက်ချက်များအတွက် အကြံပြုဆွေးနွေးပွဲ"**တွင်တက်ရောက်ခဲ့သော လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်မည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်)များကို ဖွဲ့စည်းရာတွင် ပြည်သူလူထု၊ အထူးသဖြင့် အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာစေရန် ဆန္ဒပြုလွှာများ ပေးပို့/လက်ခံခြင်းကို ရက်တိုးမြှင့်ပေးပြီး အဆင်ပြေလွယ်ကူစွာ သတ်မှတ်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ထမ်းဆောင်လိုသည့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော ပုဂ္ဂိုလ်များသည် ဆန္ဒပြုလွှာများကို ဩဂုတ် ၈ ရက် ရုံးချိန်အတွင်းနောက်ဆုံးထား၍ အနီးဆုံးမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ (အနီးဆုံးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ)သို့ ဆန္ဒပြုပေးပို့ရန်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လိုသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်)များအတွက် အရည်အချင်းသတ်မှတ်ချက်များနှင့် ဆန္ဒပြုလွှာများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ရယူနိုင်ပြီး ယခင်အဆိုပြုထားပြီးသူများ ဒုတိယအကြိမ် ထပ်မံပေးပို့ရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**



# မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပန်းယျကျေးရွာတွင် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အိမ်ခေါင်မိုးပေါ်၌ တပ်ဆင်ထားသော ဆိုလာပြားမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် အိမ်ခြေ ၂၁ လုံး ကျော် မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) အနေဖြင့် အိမ်ထောင်စု တစ်စုလျှင် ဆန် တစ်အိတ်၊ ဆီ တစ်ပုံး၊ ငွေကျပ် ငါးသိန်းကို မီးဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၂၁ စုအတွက် ဇူလိုင် ၂၄ ရက်က ကမ္ဘောဇ ဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းနှင့် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၁၀)**

# ချင်းတွင်းမြစ်ရေ မြင့်တက်လာသောကြောင့် မုံရွာမြို့မှ ပြေးဆွဲလျက်ရှိသည့် အမြန်ရေယာဉ်ခရီးစဉ်များ ထပ်မံပြီး ယာယီရပ်နားထားကြောင်း သိရ

**မုံရွာ ဇူလိုင် ၂၄**

ချင်းတွင်းမြစ်ရေသည် ချင်းတွင်းအထက်ပိုင်းရှိ မြို့၊ ရွာများတွင် လတ်တလောကာလ၌ စိုးရိမ်ရေမှတ်အထက် ဒုတိယအကြိမ် ထပ်မံမြင့်တက်လျက်ရှိရာ မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ၊ အန္တရာယ်များ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိက ရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီက ဇူလိုင် ၂၅ ရက်မှ စတင်ပြီး ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေက လတ်တလောမှာ အထက်ပိုင်းမိုးများပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက်က မြို့၊ ရွာတွေမှာလည်း ဒုတိယအကြိမ် ပြန်လည်မြင့်တက်လာတဲ့အတွက် ယမန်နေ့က ရစက၊ မစက၊ ရေမြစ်ဖြိုး၊ မိုးဇလ၊ မီးသတ်ဌာန၊ ရေယာဉ်အသင်းမှ တာဝန်ရှိသူတွေ၊ ရေယာဉ်ပိုင်ရှင်တွေနဲ့တိုင်ပင်ပြီး ခရီးသည်တွေနဲ့ ရေယာဉ်တွေ အန္တရာယ်ကင်းရှင်းရေးအတွက် လေးရက်ယာယီ ရပ်နားလိုက်ပါတယ်"ဟု ပုဂ္ဂလိက ရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီမှ ဌာနမှူးက ပြောသည်။

အဆိုပါ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မုံရွာဆိပ်ကမ်းအခြေပြု၍ အထက်ချင်းတွင်းဒေသ မြို့ကြီးများသို့ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်နှင့် ကုန်တင်အမြန်ရေယာဉ်အသင်းအားလုံးကို ယခုလအတွင်း၌ ပထမအကြိမ်အဖြစ် ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၁၃ ရက်အထိ၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ရပ်နားခဲ့ရပြီး ယခု တတိယအကြိမ်မြောက်အဖြစ် ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက် ယာယီထပ်မံရပ်နားထားကြောင်းနှင့် မြစ်ရေအခြေအနေပြန်လည်ပြေးဆွဲရန်သင့်ပါက ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ချင်းတွင်းမြစ်ရေသည် နံနက် ၈ နာရီ အချိန်တိုင်းထွာချက်အရ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၃၆၀ စင်တီမီတာကိုကျော်လွန်ပြီး ၁၄၇၅ စင်တီမီတာသို့ ရောက်ရှိနေကာ မုံရွာမြို့တွင်လည်း စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာရောက်လုနီးသည့် ၉၈၉ စင်တီမီတာကို ရောက်ရှိနေကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ကွမ်းရွက်ဈေးကျသော်လည်း ကွမ်းပစ္စည်းများဈေးမြင့်ဆဲ

**နွားထိုးကြီး ဇူလိုင် ၂၄**

ကွမ်းရွက်ဈေးကျနေသော်လည်း ကွမ်းသီးနှင့် အခြားပစ္စည်းများ ဈေးတက်၍ နွားထိုးကြီးကွမ်းယာဆိုင်များ အလုပ်မဖြစ်ကြဟု ကွမ်းယာဆိုင်တို့က ဆိုသည်။

ကွမ်းရွက်ဈေး လက်ကား ၇၀၀၊ ၈၀၀ လက်လီ ၂၀၀၀ ဝန်းကျင်ရှိ၍ အသက်ရှူချောင်သော်လည်း ကွမ်းသီးဈေးက ၈၅၀၀၊ ၁၀၀၀၀ ဖြစ်နေသည်။ ကွမ်းစားဆေးမွှေးများက ၁၀၀၀ ဝန်းကျင်နှင့်အထက် ဝယ်ယူနေရသည်။ နွားထိုးကြီးတွင် ဓာတ်တိုင်တစ်တိုင်ခြား ကွမ်းယာဆိုင်ရှိပြီး လက်ဖက်ရည်ဆိုင်နှင့် ဌာနဆိုင်ရာရုံးများတစ်ဝိုက်တွင် ၄၊ ၅ ဆိုင်ထိရှိသည်။ လူငယ်လူရွယ်များအပြင် ရုံးဝန်ထမ်းနှင့် ကျေးရွာကလည်း စားသုံးမှုရှိလာနေ၍ တိုက်ဆောက်၊ ကားဝယ်နိုင်သော ကွမ်းယာဆိုင်ကြီးများရှိနေသည်။ ဖားကန့်၊ မိုးကုတ်ကျောက်တူးသလိုပါဟု ကွမ်းယာဆိုင်ရှင်အချို့က ဝေဖန်နေသည်။

**ခင်ဇာမွန်မြင့်(ဉပဒေ)**



# အုတ်နဲ့ဘုတ်ကျေးရွာတွင် ပေ ၂၀၀ ပတ်လည် မြေသားသောက်သုံးရေကန်တူးဖော်ပြီးစီး ကျေးရွာဒေသခံများအတွက် များစွာအကျိုးပြု

**မိတ္ထီလာ ဇူလိုင် ၂၄**

မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာအုပ်စု အုတ်နဲ့ဘုတ်ကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတူးဖော်သည့် ပေ ၂၀၀ ပတ်လည် မြေသားသောက်သုံးရေကန် တူးဖော်ပြီးစီးပြီဖြစ်၍ ကျေးရွာဒေသခံများအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာကန်အနောက်ဘက် ကပ်လျက်တည်ရှိနေပေမယ့် အရင်တုန်းက ရွာမှာ သောက်သုံးရေအလွန်ရှားတယ်။ ရွာမှာ အိမ် ၁၃၀ ကျော်၊ လူဦးရေ ၆၀၀ ခန့်ရှိပြီး လူနဲ့ ကျွဲ၊ နွားတိရစ္ဆာန်အတွက် သောက်သုံးရေရှားပါတဲ့ဒဏ်ကို နှစ်စဉ်ကြုံတွေ့နေခဲ့ရတယ်။ အခုလို မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူပြီးတော့ ပေ ၂၀၀ ပတ်လည် သောက်သုံးရေကန်တူးဖော်ပေးပြီး စနစ်တကျ သံကူကွန်ကရစ်တိုင်နဲ့ သံဆန်ခါ ခြံစည်းရိုးတွေပါ ကာရံပေးတဲ့အတွက် ရွာကလူတွေလည်း ဝမ်းသာကျေးဇူးတင်ကြပါတယ်။ သောက်သုံးရေကန်ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် လက်သုံးတုံကင်ကိရိယာနှစ်ခုကို ကန်ရဲ့ အနောက်ထိပ် တောင်ဘက်ထောင့်နဲ့ မြောက်ဘက်ထောင့်မှာ တပ်ဆင်ပေးထားတာမို့ ရေရယူသုံးစွဲတဲ့နေရာမှာလည်း ပိုပြီးတော့ အဆင်ပြေပါတယ်။ အခုတူးဖော်ပေးတဲ့ သောက်သုံးရေကန်က အုတ်နဲ့ဘုတ်ကျေးရွာဒေသခံအတွက် များစွာအကျိုးပြုပါတယ်"ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အုတ်နဲ့ဘုတ်ကျေးရွာတွင် တူးဖော်ပြီးစီးသည့် ပေ ၂၀၀ ပတ်လည် မြေသားသောက်သုံးရေကန်ကို ရက် ၁၀၀ စီမံချက်အတွင်းပါဝင်သည့် ကျေးရွာများ သောက်သုံးရေရရှိရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က ရှင်းပြသည်။

"အုတ်နဲ့ဘုတ်ကျေးရွာမှာ တူးဖော်ပြီးစီးတဲ့ မြေသားသောက်ရေကန်က အနက် ၁၂ ပေ၊ ပေ ၂၀၀ ပတ်လည်ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၈၅ သိန်း အကုန်ကျခံတူးဖော်ပေးတာဖြစ်ပြီး ရက် ၁၀၀ စီမံချက်အတွင်း ပါဝင်တဲ့ ကျေးရွာများ သောက်သုံးရေရရှိရေးအစီအစဉ်နဲ့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က ပြောသည်။

အုတ်နဲ့ဘုတ်ကျေးရွာတွင် ပေ ၂၀၀ ပတ်လည် မြေသားသောက်သုံးရေကန် တူးဖော်ပြီးစီး၍ သောက်သုံးရေအတွက် အဆင်ပြေပြီဖြစ်သော်လည်း မိတ္ထီလာကန်သို့ ဝင်ရောက်သည့် ချောင်းမှ စိုက်ပျိုးရေမရရှိ၍ နှစ်စဉ်စိုက်ပျိုးနေကျ စပါးကို မစိုက်ပျိုးနိုင်သည်မှာ လေးနှစ်ခန့်ကြာမြင့်ပြီဖြစ်ရာ စပါးစိုက်ပျိုးရေ အခက်အခဲကြုံတွေ့လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

### ❍ ကျောဖုံးမှ

"(၂၁) ရာစုပင်လုံညီလာခံ အောင်မြင်ခြင်းဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ထာဝရငြိမ်းချမ်းရေးအဖြစ် ယုံကြည်မျှော်လင့်တာတစ်ခုရှိပါတယ်။ အဲဒီ ညီလာခံကြီးကနေ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာဖို့ မျှော်လင့်ပါတယ်။ အဲဒီကနေတစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုကို သွားချင်တဲ့အတွက် အခုလိုကြိုဆိုထောက်ခံမှုတွေလုပ်နေတာပါ။ အောင်မြင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု အဆိုပါ လှုပ်ရှားမှုတွင်ပါဝင်သူ (ငြိမ်းချမ်းရေးလိုလားသူ) ဦးမြတ်ကျော်က ပြောသည်။

အဆိုပါလှုပ်ရှားမှုတွင် ပြည်သူ့လှုပ်ရှားမှု မြှင့်တင်ရေးကွန်ရက်၊ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု အင်အားစုနှင့် ငြိမ်းချမ်းရေးလိုလားသူ ပြည်သူများက (၂၁)ရာစုပင်လုံညီလာခံအား ထောက်ခံကြ၊ ဝန်းရံကြ၊ စစ်ပွဲတွေချက်ချင်းရပ် အစရှိသည့် စာသားများ ရေးသားထားသည့် ဗီနိုင်းများကိုကိုင်ဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ထောက်ခံသည့် ကြွေးကြော်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် (၂၁)ရာစုပင်လုံကိုထောက်ခံသည့် လက်မှတ်ရေးထိုးမှုကို ပြုလုပ်ခဲ့ကြပြီး ရရှိသည့် ဆန္ဒပြုလက်မှတ်များကိုစုစည်း၍ ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမည့်အပြင် UN နှင့် နိုင်ငံတကာသို့လည်း ပေးပို့သွားမည်ဖြစ်ကြောင်း ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု အင်အားစုမှသိရသည်။

အလားတူ (၂၁) ရာစုပင်လုံအား ကြိုဆိုထောက်ခံဝန်းရံသည့် နိုင်ငံတကာလှုပ်ရှားမှုကို ယနေ့တွင် အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယ်သာလန်၊ ဒိန်းမတ်နိုင်ငံတို့တွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဩဂုတ်လ စတုတ္ထပတ်နောက်ဆုံးထား၍ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**



**ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်) လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ပြည်မြို့ ဘိုးဘွားရိပ်သာအတွင်းအပြင်တို့တွင် အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများပြုပြင်ဆောင်ရွက်ခြင်းတို့ကို ဇူလိုင် ၂၃ ရက်က ဆောင်ရွက်ကြစဉ်။**
မြင့်နိုင်(ပြည်)

### ❖ ချန်ပီယံမှ

ရဲကိုဦး၊ မွန်ဘာလူး၊ ရှိုင်းသူရ စသည့် အမာခံကစားသမားများကို အနားပေးထားခဲ့ပြီး လူငယ်ကစားသမားအချို့ကို ပွဲထုတ်ခဲ့သည်။ အမာခံကစားသမားသုံးဦး ပွဲပယ်နှင့် ဒဏ်ရာပြဿနာကြုံတွေ့နေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၂၁ မိနစ်တွင် ဝင်းနိုင်စိုးအပိုင်ကန်ခွင့်ရသော်လည်း တိုင်ထိထွက်သွား၍ နစ်နာခဲ့ရသည်။ ၃၉ မိနစ်တွင် ရှမ်းအသင်း ဦးဆောင်ဂိုးရခဲ့ပြီး စိုးမင်းဦးက သွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ဦးဆောင်မှုမှာ အနည်းငယ်သာကြာခဲ့ပြီး ပထမပိုင်း ပြီးခါနီးတွင် ရတနာပုံအသင်း ပင်နယ်တီကန်ခွင့်ရကာ မာတူနာက အမှားအယွင်းမရှိ ကန်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း ပထမပိုင်းထက် ကစားပုံပိုကောင်းခဲ့သည်။ ရတနာပုံအသင်းသည် အိမ်ကွင်းနိုင်ပွဲဆက်ရေးအတွက် ဒုတိယပိုင်းတွင် ကြိုးပမ်းခဲ့သော်လည်း ဂိုးသမား သီဟစည်သူ အမှားအယွင်းမရှိခဲ့သောကြောင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၂ မိနစ်တွင် မာဆယ်လိုက သွင်းယူပေးခဲ့သည်။ မုံရွာကွင်း၌ကျင်းပသောပွဲတွင် ဇေယျာရွှေမြေအသင်းက ဟံသာဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးများကို မာစီယိုက နှစ်ဂိုး၊ ကောင်းစည်သူက တစ်ဂိုး သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၁၉)အပြီးတွင် ချန်ပီယံရတနာပုံအသင်းက ၄၈ မှတ်၊ မကွေးအသင်းက ၃၅ မှတ်၊ ရန်ကုန်အသင်းက ၃၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၃၂ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းက ၂၉ မှတ်စီ၊ ဧရာဝတီအသင်းက ၂၈ မှတ်၊ ဇွဲကပင်အသင်းက ၂၄ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၁၅ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ Horizon အသင်းက ခြောက်မှတ်ရရှိထားသည်။

**(ရှိုင်းထက်ဇော်)**



**ရန်ကုန်မြို့ ပြည်လမ်း တော်ဝင်စင်တာအနီး လူသွားစင်္ကြံပေါ်တွင် ရပ်ထားသော မော်တော်ယာဉ်တစ်စီးကိုတွေ့ရပြီး လမ်းသွားလမ်းလာများမှာ ယာဉ်သွားလမ်းပေါ်မှ သွားလာနေစဉ်။**

**[အဆိုပါနေရာတွင် နေ့စဉ်လိုလို အငှားယာဉ်များ ရပ်နားထားလျက်ရှိပါသည်။ အရေးယူမှုမရှိသေးပါ။ အများသူငါ သွားလာမှုမှာ ယာဉ်သွားလမ်းပေါ်သွားလာနေရပါသည်။]**
(ဆုနှင်းလဲ့)

### ❐ မန္တလေးမှ

Mountain Bike (XC & DH) စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက (၇၈)လမ်း ဒိုင်းမွန်းပလာဇာရှေ့မှ တာထွက်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးချုပ်နှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၃၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

### ❂ မြစ်ရေကြီးမှုမှ

တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် တစ်ပေခန့်စီ၊ ကနီမြို့တွင် ပေဝက်ခန့်ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း



**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို တာမွေမြို့နယ် ဓမ္မသုခပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် သာသနဓဇသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသုဇာတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၏ဇနီး ဒေါ်ခင်မြမြအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ တာမွေမြို့နယ် ဓမ္မသုခပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇသိရီပဝရဓမ္မာ စရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇာတထံမှ ရန်ကုန်မြို့တော်ဝန်၏ဇနီး အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်၏ဇနီးက ဓမ္မသုခပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း ဇနီး ဒေါ်ညိုညိုလေး၊ ကော်မတီဝင်များနှင့် ဌာနမှူးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **စောသိန်းဝင်း**

# ကျေးရွာမြေငှားဂရန်များ ဝါးခယ်မမြို့နယ် ဘဲချောင်းကျေးရွာ၌ ပေးအပ်

**ဝါးခယ်မ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်ဖြင့် ဘဲချောင်းကျေးရွာမှ ဒေသခံပြည်သူများအတွက် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယနေ့နံနက် ၁၀ နာရီခွဲက ဘဲချောင်းကျေးရွာ၌ ပြည်သူများထံသို့ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများအနေဖြင့် မိမိတို့နေထိုင်သည့် မြေပေါ်တွင် ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန် မြေငှားဂရန်များ ချထားပေးခြင်းဖြစ်ကြောင်း၊ မြေငှားဂရန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရှင်းလင်းပြောကြားခဲ့ကြသည်။

ထိုသို့ ဘဲချောင်းကျေးရွာရှိ ကျေးရွာမြေငှားဂရန် လျှောက်ထားသည့် အိမ်ထောင်စုများအနက်မှ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်သည့် အိမ်ထောင်စု ၅၁ စုအတွက် ကျေးရွာမြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်ဦးစီးများထံသို့ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# မြန်မာ့နာမည်ကျော် ကုန်ပစ္စည်းအမှတ်တံဆိပ်များပြပွဲနှင့် အရောင်းမြှင့်တင်ပွဲအား မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၄**

အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် ကျင်းပမည့် မြန်မာ့နာမည်ကျော်ကုန်ပစ္စည်းအမှတ်တံဆိပ် များပြပွဲနှင့် အရောင်းမြှင့်တင်ပွဲ (MYANMAR FAMOUS BRANDS EXPO & PROMO 2016) ကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းမှာ ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်က တရားဝင်မှတ်ပုံတင်ရရှိခဲ့ပြီး အသင်း၏ရည်ရွယ်ချက်မှာ အသိဉာဏ်ပစ္စည်းများဖန်တီးသည့် လုပ်ငန်းရှင်များ၏ အကျိုးစီးပွားအား တစ်တပ်တစ်အားဆောင်ရွက်ပေးရန်အတွက်လည်းကောင်း၊ ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများရရှိစေရန်အတွက်လည်းကောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားကုန်သွယ်တိုးတက်မှုကို ကူညီရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်ဖန်တီးမှု စွမ်းအားနှင့် မြန်မာ့အသိဉာဏ်ပစ္စည်းအသစ်များ ပေါ်ထွန်းလာစေရန်အတွက်လည်းကောင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် ပန်းဆယ်မျိုးအပါအဝင် အနုပညာနယ်ပယ်အသီးသီးမှ ဖန်တီးတီထွင်မှုများ၊ ကုန်အမှတ်တံဆိပ်၊ စက်မှုဒီဇိုင်းများ၊ ပထဝီဒေသဆိုင်ရာ အညွှန်းများအား ထိန်းသိမ်းကာကွယ်ရန်အတွက်လည်းကောင်း၊ ဖန်တီးတီထွင်မှုများအား အားပေးရန်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်အတွက်လည်းကောင်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာပြည်တွင်း၊ ပြည်ပများပူးပေါင်းဆောင်ရွက်စေရန် အတွက်လည်းကောင်း အသင်းဖွဲ့စည်းထားခြင်းဖြစ်ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူက ပြောသည်။

"ကုန်ပစ္စည်းအမှတ်တံဆိပ်တွေကို ပြည်သူတွေ သိဖို့အတွက် အသိဉာဏ်ပေးမယ့် ပုဂ္ဂလိကကဏ္ဍမှာ ပါဝင်ဆောင်ရွက်ပေးမယ့် အသင်းအဖွဲ့ဆိုတာမရှိသေးပါဘူး။ ဒါကြောင့် ပြည်သူတွေအတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့အတွက် ကျွန်တော်တို့ အသင်းကို ဖွဲ့စည်းလိုက်တာပါ။

"ကုန်သွယ်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် စံနှုန်းများနဲ့ ညီညွတ်တဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေဆိုတာကလည်း ကျွန်တော်တို့နိုင်ငံမှာ မရှိသေးပါဘူး။ ဒါကြောင့် ဒီဥပဒေပေါ်လာဖို့အတွက် လွှတ်တော်မှာလည်း တင်ထားပြီးပါပြီ။ ဒီပြပွဲမှာလည်း နာမည်ကျော်ကုန်အမှတ်တံဆိပ်များဆိုတာ ဘာလဲဆိုတာ ပြပွဲလာပြည်သူတွေသိရှိအောင် ပြသသွားပါမယ်။ နာမည်ကျော်ကုန်အမှတ် တံဆိပ်တစ်ခုဖြစ်ဖို့ဆိုတာကလည်း နိုင်ငံတကာက သတ်မှတ်ထားတဲ့စံနှုန်းရှိနေပါတယ်။

ကျွန်တော်တို့နိုင်ငံမှာက နှစ်ပေါင်းများစွာအသိဉာဏ်ပစ္စည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆိုတာ အားနည်းခဲ့ပါတယ်။ ပြီးတော့ကုန်အမှတ်တံဆိပ် အတုတော်တော်များများကလည်း နိုင်ငံအတွင်းမှာ လွှမ်းမိုးနေပါတယ်။ ပြည်သူတွေက ဈေးကွက်အတုကို သုံးစွဲခြင်းအားဖြင့် နောက်ဆုံး အသက်အိုးအိမ်စည်းစိမ်ထိ ထိခိုက်လာတာတွေ ဖြစ်နေတာတွေကို တွေ့ရပါတယ်။ ဒီပြပွဲလာပြည်သူတွေအတွက်လည်း ကုန်အမှတ်တံဆိပ်ဘာလဲဆိုတာ သိခွင့်ရအောင်နဲ့ နာမည်ကျော်စစ်မှန်တဲ့ ကုန်အမှတ်တံဆိပ်ပစ္စည်းများကို ဝယ်ယူသုံးစွဲမိတဲ့အတွက် စိတ်ကျေနပ်မှုရရှိအောင်ပြပွဲပြုလုပ်တာဖြစ်ပါတယ်။ အဓိကကတော့ ခိုင်မာစိတ်ချရတဲ့ကုန်အမှတ်တံဆိပ်အစစ်များကို ပြည်သူတွေသိစေချင်လို့ ဒီပြပွဲကိုကျင်းပရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာ အဖွဲ့အစည်းမှ နှစ်စဉ် ဧပြီ ၂၆ ရက်ကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ဟု သတ်မှတ်ပေးထားကြောင်း၊ ဇူလိုင် ၂၉ ရက်တွင် စတင်ကျင်းပမည့် မြန်မာ့နာမည်ကျော်ကုန်ပစ္စည်း အမှတ်တံဆိပ်များပြပွဲနှင့် အရောင်းမြှင့်တင်ပွဲ၌လည်း မြန်မာ့နာမည်ကျော် ကုန်အမှတ်တံဆိပ်များကို ပြပွဲလာပြည်သူများက တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ကြမည်ဖြစ်ကြောင်း၊ ပြပွဲအတွင်း ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အသင်းအဖွဲ့များအပါအဝင် ပြခန်းပေါင်း ၁၀၀ ကျော်နှင့် နာမည်ကျော် ကုန်အမှတ်တံဆိပ် ၅၀ ကျော်တို့မှ တစုတစည်းတည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲလာပရိသတ် ၁၀၀၀၀ ကျော်အထိ မျှော်မှန်းထားကြောင်း သိရသည်။

ပြပွဲအတွင်း ထူးခြားအစီအစဉ်များဖြင့် ကုန်အမှတ်တံဆိပ်နှင့်မကင်းကြသော ပြပွဲလာပြည်သူများအား တင်ဆက်သွားမည်ဖြစ်ပြီး ကံစမ်းမဲအစီအစဉ်များပါဝင်ကြောင်းနှင့် မြန်မာ့နာမည်ကျော် ကုန်ပစ္စည်းအမှတ်တံဆိပ်များပြပွဲနှင့် အရောင်းမြှင့်တင်ပွဲအား နှစ်စဉ်ကျင်းပသွားရန်စီစဉ်ထားကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။ **စိုးဝင်း(MLA)**

**စာမျက်နှာ ၇ မှ**

အလုပ်သမားကိုယ်စားလှယ်များ ရွေးချယ်ရန်လည်းကောင်း အထူးလိုအပ်ပါသည်။ ခုံသမာဓိဖြင့် ကြားနာစစ်ဆေးရာတွင် ဆင့်ဆိုသည့်သက်သေများ မလာရောက်ခြင်း၊တောင်းဆိုသူ (အလုပ်သမား)သို့မဟုတ် တောင်းဆိုခြင်းခံရသူ(အလုပ်ရှင်) မလာရောက်ခြင်းများကြောင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာပြီး ဆုံးဖြတ်ချက်နောက်ကျခြင်းကြောင့် အကျိုးခံစားခွင့် နှောင့်နှေးတတ်ကြောင်း ကြားသိရပါသည်။ ဥပဒေ၊ နည်းဥပဒေများအရ ခုံသမာဓိက သုံးကြိမ်တိုင်ဆင့်ဆိုသော်လည်း တောင်းဆိုသူမလာရောက်ပါက အမှုအား ပလပ်နိုင်ပြီး တောင်းဆိုခံရသူ မလာရောက်လျှင် တောင်းဆိုခံရသူ၏ မျက်ကွယ်တွင် အမှုအား တစ်ဖက်သတ်စစ်ဆေးဆုံးဖြတ်နိုင်ကြောင်း အမှုသည် အလုပ်ရှင် အလုပ်သမားများသိရှိပြီး အမှုပြီးပြတ်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။

**အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများ ထုတ်ပြန်ဆောင်ရွက်ခြင်း**

အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ခ)နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ(ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက် ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၈၄/၂၀၁၅) ဖြင့် အလုပ်မှ ရပ်စဲခံရသော အလုပ်သမားများနှင့် ပတ်သက်၍ အလုပ်ရှင်က ပေးရမည့် နစ်နာကြေးနှုန်းထားများကို သတ်မှတ်ခဲ့ပါသည်။ အလုပ်ရှင်သည် အလုပ်သမား သို့မဟုတ် အလုပ်သမားများအား အလုပ်မှ ရပ်စဲခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း လုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာ(အချိန်ပိုကြေးမပါ) ဖြင့် အောက်ဖော်ပြပါ နစ်နာကြေးနှုန်းထားများအတိုင်း ပေးရမည်ဖြစ်ပါသည်-

(က) လုပ်သက်ခြောက်လပြည့်ပြီး တစ်နှစ်မပြည့်ပါက နစ်နာကြေး လဝက်လစာ၊
(ခ) လုပ်သက်တစ်နှစ်ပြည့်ပြီး နှစ်နှစ်မပြည့်ပါက နစ်နာကြေး တစ်လစာ၊
(ဂ) လုပ်သက်နှစ်နှစ်ပြည့်ပြီး သုံးနှစ်မပြည့်ပါက နစ်နာကြေး တစ်လခွဲစာ၊
(ဃ) လုပ်သက်သုံးနှစ်ပြည့်ပြီး လေးနှစ်မပြည့်ပါက နစ်နာကြေး သုံးလစာ၊
(င) လုပ်သက်လေးနှစ်ပြည့်ပြီး ခြောက်နှစ်မပြည့်ပါက နစ်နာကြေး လေးလစာ၊
(စ) လုပ်သက်ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ်မပြည့်ပါက နစ်နာကြေး ငါးလစာ၊
(ဆ) လုပ်သက်ရှစ်နှစ်ပြည့်ပြီး တစ်ဆယ်နှစ်မပြည့်ပါက နစ်နာကြေး ခြောက်လစာ၊
(ဇ) လုပ်သက်တစ်ဆယ်နှစ်ပြည့်ပြီး နှစ် ၂၀ မပြည့်ပါက နစ်နာကြေး ရှစ်လစာ၊
(ဈ) လုပ်သက် နှစ် ၂၀ ပြည့်ပြီး ၂၅ နှစ် မပြည့်ပါက နစ်နာကြေး တစ်ဆယ်လစာ၊
(ည) လုပ်သက် ၂၅ နှစ်နှင့် အထက်ရှိပါက နစ်နာကြေး ၁၃ လစာ။

အဆိုပါ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအား အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိထားရန်လိုအပ်ပြီး အမိန့်စာထုတ်ပြန်သည့် ၂၀၁၅ ဇူလိုင်လ ၃ ရက်မှစပြီး အကျိုးသက်ရောက်မှုရှိပြီးဖြစ်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့က အမှုများဆုံးဖြတ်ရာတွင် နစ်နာကြေးရထိုက်သူဖြစ်ပါက သတ်မှတ်နှုန်းထားများအတိုင်း ဆုံးဖြတ်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များနှင့် ဥပဒေအား စည်းကြပ်မည့် ဦးစီးဌာနများအနေဖြင့်လည်း ထုတ်ပြန်ထားသည်။ နှုန်းထားများအတိုင်း သက်ဆိုင်ရာ အလုပ်ရှင်နှင့် အလုပ်သမားများ လိုက်နာဆောင်ရွက်ရန် ညှိနှိုင်းခြင်း၊ စည်းကြပ်ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ထုတ်ပြန်ခဲ့သည့် အလုပ်ရပ်စဲမှုနစ်နာကြေး နှုန်းထားများသည် ILO ပြဋ္ဌာန်းချက်များနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ဝင်နိုင်ငံများ၏ သတ်မှတ်ချက်များအပေါ် မြန်မာနိုင်ငံအစိုးရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးရရှိချက်များမှ ပေါ်ပေါက်လာကြောင်း သိရှိရပါသည်။

**အကြံပြုချက်များ**

ဆောင်းပါးရှင်အနေဖြင့် အောက်ပါအချက်များအား အဓိကအကြံပြုအပ်ပါသည်-

အလုပ်ရပ်စဲမှုဆိုင်ရာ လုပ်ငန်းစဉ်၊ ကျင့်စဉ် တစ်ရပ်တိကျစွာသတ်မှတ်နိုင်ရေး သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ပြုလုပ်ပြီး အလုပ်ရှင်၊ အလုပ်သမားများက သဘောတူမည့် အဆိုပါကျင့်စဉ်အတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက သက်ဆိုင်သည့် အလုပ်သမားရေးရာ ဥပဒေ၊ နည်းဥပဒေများရေးဆွဲရာတွင် ထည့်သွင်းပေးရန်၊ သို့မဟုတ် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရန်။

အလုပ်ရပ်စဲမှု စတင်ဆောင်ရွက်မည့် အလုပ်ရှင်များအနေဖြင့် တည်ဆဲအလုပ်သမားရေးရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်ခန့်ထားခြင်း၊ အလုပ်ရပ်စဲခြင်းများ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းစေရေးအတွက် ဌာနဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။

ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်သာဓကများအပေါ် အလုပ်ရှင်နှင့် အလုပ်သမားများပိုမိုယုံကြည်လေးစားလာစေရေးအတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ၊ ခုံသမာဓိ၏ ဆုံးဖြတ်ချက်ဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲများတွင် အလုပ်ရှင်၊ အလုပ်သမားများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ တရားရေးနှင့် ဥပဒေရေးရာကျွမ်းကျင်သူများ၊ ပြင်ပပညာရှင်များအား ဖိတ်ခေါ်ဆွေးနွေးသွားရန်။

ခုံသမာဓိအဖွဲ့များနှင့် ခုံသမာဓိကောင်စီတို့အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များရွေးချယ်တင်မြှောက်ရာတွင် လည်းကောင်း၊ အမှုအားစစ်ဆေးကြားနာမည့် ခုံသမာဓိကောင်စီဝင်သုံးဦးပါခုံအဖွဲ့ဝင်များ ရွေးချယ်ရာတွင်လည်းကောင်း အလုပ်ရှင်၊ အလုပ်သမားများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက တက်ကြွစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန် တိုက်တွန်းအပ်ပါသည်။ ။

# အင်းဝရှေးဟောင်းသုတေသနပြတိုက်အား အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၂၄**

အင်းဝရှေးဟောင်းသုတေသနပြတိုက်အား မွမ်းမံထိန်းသိမ်းခြင်းနှင့် ပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှုအနုပညာပစ္စည်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဩဂုတ်လ နောက်ဆုံးပတ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အင်းဝပြတိုက်မွမ်းမံထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများအပြင် အင်းဝဂူကြီးသုံးလုံးမှ အလယ်ဂူဘုရားအမှတ်(၁၇၄) အင်းဝနန်းမြင့်မျှော်စင်၊ အင်းဝရှေးဟောင်းနယ်မြေတွင် ထင်ရှားသည့်သာသနိကအဆောက်အအုံတစ်ခုဖြစ်သော လေးထပ်အုတ်ကျောင်းကြီးနှင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တူးဖော်သုတေသနပြုထားသည့်အင်းဝနန်းတော်ရာမြို့ရိုးတို့ကိုလည်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး) ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"အင်းဝပြတိုက်မှာဗုဒ္ဓအနုပညာပြခန်း၊ အင်းဝခေတ်လူမှုအသုံးအဆောင်ပစ္စည်းပြခန်းနဲ့ အင်းဝခေတ် ဗိသုကာအနုပညာလက်ရာပြခန်းတွေကို ပြသထားပါတယ်။ ဒီပြတိုက်ကို လာရောက်လေ့လာကြည့်ရှုသူတွေ စိတ်ဝင်စားမှုပိုမိုရရှိစေဖို့နဲ့ သဘာဝဘေးဒဏ်၊ အင်းဆက်ပိုးမွှားအန္တရာယ်နဲ့ လူတွေကိုင်တွယ်မှုကြောင့် ပျက်စီးမှုမှကင်းဝေးအောင် ပြန်လည်ခင်းကျင်းပြသသွားမှာပါ။ ပြီးတော့ ဧရာဝတီ မြစ်ရေကြီးလို့ ရေဝင်ရောက်မှုကာကွယ်ဖို့အတွက် စန္ဒာပူရီ ရေတံခါးနဲ့ အင်းဝမြို့ရိုး အချို့နေရာတွေက ရေဝင်ရောက် နိုင်တဲ့နေရာတွေကို ပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆိုသည်။



အဆိုပါ လုပ်ငန်းများအားလုံးအတွက် သတင်းစာတွင် တင်ဒါခေါ်ယူထားပြီး ဩဂုတ်လနောက်ဆုံးပတ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရက် ၁၀၀ စီမံချက် လူကုန်ကူးမှု အသိပညာပေး Campaign များ တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်လေးခုတို့၌ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ပြည်သူများ လူကုန်ကူးမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမခံရစေရေး အသိပညာပေးခြင်းနှင့် လူကုန်ကူးသူ ပွဲစားများကို ထိရောက်စွာအရေးယူနိုင်ရေးတို့အတွက် ရက် ၁၀၀ စီမံချက်ကို မေ ၁ ရက်မှ ဩဂုတ် ၈ ရက် အထိ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ International Organization for Migration (IOM) နှင့် ပူးပေါင်း၍ မေလနှင့် ဇွန်လအတွင်း ပြည်နယ်လေးခုနှင့် တိုင်းဒေသကြီးတစ်ခုရှိ Hot Spot ဧရိယာများတွင် Information Campaign များ ပြုလုပ်ခဲ့သည်။

လူကုန်ကူးမှုစတင်ဖြစ်သည့် နေရာများနှင့် တစ်ဆင့်ခံနေရာများဖြစ်သည့် ပြည်နယ်လေးခုနှင့် တိုင်းဒေသကြီး တစ်ခုတို့၏ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ ကားဂိတ်များ၊ လှေဆိပ်၊ နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်နေရာများ၊ ကျောင်းများ၊ ဝေးလံသည့်နေရာများ၊ စစ်ဘေးရှောင်စခန်းများစသည့် အဓိကနေရာ ၅၃ နေရာရွေးကာ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မေ ၁၅ ရက်မှ ၁၈ ရက်အထိ လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့တွင် မေ ၁၇ ရက်မှ ၁၉ ရက်နှင့် ဘားအံမြို့တွင် မေ ၂၆ ရက် မှ ၂၇ ရက်အထိ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် မေ ၂၅ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဇွန် ၈ ရက်မှ ၁၀ ရက်အထိလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ လည်းကောင်း Information Campaign များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# တရားမဝင် ကုန်စည်ကူးသန်းမှုပပျောက်ရန် စစ်ဆေး

**မူဆယ် ဇူလိုင် ၂၄**

မူဆယ်မြို့ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အား ရှောင်ကွင်းသည့် တရားမဝင်လမ်းကြောင်းများမှ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ၊ သစ်၊ ကျောက်စိမ်း၊ မူးယစ်ဆေးဝါးနှင့် ပဲ၊ ပြောင်း၊ နှမ်းအစရှိသည့်ကုန်စည်များ သယ်ဆောင်နေကြောင်း သတင်းရရှိသဖြင့် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီတွင် မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းထိုက်၏ လမ်းညွှန်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မထသ၊ မီးသတ်၊ ပို့/ဆက်၊ မြို့မပြည်သူ့စစ် စသည့်ပူးပေါင်းအဖွဲ့များမှ ရှောင်ကွင်းလမ်းများအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

နံနက်ပိုင်းတွင် ဟိုနောင်လမ်းဆုံ (ကျိန်စန်းကျော့) ရှောင်ကွင်းလမ်းသို့ ဝင်ရောက်စစ်ဆေးခဲ့ပြီး မွန်းတည့် ၁၂ နာရီမှစ၍ မော်တောင်းကျေးရွာအနီးရှိ (ခိုခေး) ရှောင်ကွင်းလမ်းအား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ရှောင်ကွင်းလမ်းအတွင်း ကုန်ပစ္စည်းသယ်ဆောင်သည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာခြင်းမရှိဘဲ ပုံမှန်အခြေအနေရှိကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် အဆိုပါမော်တောင်းကျေးရွာအနီးရှိ ရှောင်ကွင်းလမ်းမှ မော်တောင်းကျေးရွာသို့ သွားရောက်ခဲ့ပြီး ကျေးရွာအဝင် မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ထပ်မံစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ကုန်တင်ယာဉ်ကြီး ၂၇စီး၊ ယာဉ်ငယ် ၁၂ စီးအား ရပ်တန့်စစ်ဆေးရာ ကန့်သတ်ကုန်နှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်း သယ်ဆောင်ခြင်းမရှိကြောင်း သိရသည်။

မူဆယ်-လားရှိုး-မန္တလေး လမ်းကြောတွင် တရားမဝင် ကုန်စည်ကူးသန်းမှု လုံးဝပပျောက်ရေးအတွက် ပထမခြေလှမ်းဖြစ်ပြီး အလားတူ ရှောင်တခင် စစ်ဆေးမှုအား မိုဘိုင်း(ရွေ့လျား) ပုံစံဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဟု ရဲမှူးစိုးသန်းက ပြောသည်။

**ဆရာမောင်(မူဆယ်)**



# ဇုတ်သုတ်တိုက်နယ်ဆေးရုံမှ အစာအဆိပ်သင့်လူနာများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှုအားပေး

**ဘီးလင်း ဇူလိုင် ၂၄**

ဘီးလင်းမြို့နယ် ဇုတ်သုတ်တိုက်နယ်ဆေးရုံ၌ ဇူလိုင် ၂၁ ရက်က မုသင်ကျေးရွာမှ အစာအဆိပ်သင့်မှုကြောင့် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဇော်မင်းထွန်းတို့သည် ဇူလိုင် ၂၂ ရက် ညနေပိုင်းက သွားရောက်ကြည့်ရှုခဲ့ကြသည်။။

အစာအဆိပ်သင့်မှုကြောင့် မုသင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၉ ဦးနှင့် ကျေးရွာပြည်သူ ခုနစ်ဦးတို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က အားပေးစကားများပြောကြားပြီး ရေသန့်ဘူးနှင့် အာဟာရပြည့်အစားအစာများကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနေ့ညနေပိုင်း၌ပင် အစာအဆိပ်သင့်လူနာ ၃၆ ဦးအနက် ၂၂ ဦးမှာ ရောဂါသက်သာပျောက်ကင်းသွားသည့်အတွက် ဆေးရုံမှဆင်းခွင့်ပြုလိုက်ပြီး ကျန်လူနာ ၁၄ဦးမှာလည်း ရောဂါလုံးဝသက်သာပျောက်ကင်းသွားသဖြင့် ယနေ့နံနက်ပိုင်းက ဆေးရုံမှဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန် မြို့ပြဘတ်စ်ကားလိုင်းများ အများပိုင်ကုမ္ပဏီများဖွဲ့ရန် ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန်အတွက် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင် အဖွဲ့ကို ဇူလိုင် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နာယကအဖြစ်ပါဝင်ကာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့်သက်ဆိုင်ရာပညာရှင်အသီးသီး ပါဝင်ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့၏ ကနဦး လုပ်ဆောင်ချက်အနေဖြင့် မြို့တွင်းဘတ်စ်ကားပြေးဆွဲမှုကို စနစ်တကျ အကောင်အထည်ဖော်ရန်ဖြစ်ပြီး လိုင်းအရေအတွက် များပြားနေသော်လည်း ပြေးဆွဲခြင်းမရှိသည့် ယာဉ်လိုင်းများအား လျှော့ချသွားရန်ဖြစ်သည်။

ဆက်လက်၍ မြို့တွင်းပြေးဆွဲနေသော မထသအပါအဝင် ယာဉ်လိုင်းများအား လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် BRT Lite ယာဉ်လိုင်းကဲ့သို့ အများပိုင်ကုမ္ပဏီများ တည်ထောင်ကာ ကုမ္ပဏီအလိုက် သက်ဆိုင်ရာလမ်းများ၊ လမ်းကြောင်းများကို တာဝန်ယူပြေးဆွဲစေသည့်စနစ်ကို အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"BRT Lite လိုပဲ အများပိုင်ကုမ္ပဏီတွေ ခုနစ်ခု၊ ရှစ်ခုလောက်တော့ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ အဓိကအားဖြင့် ဥပဓိရုပ်ကောင်းပြီး အဲကွန်းကောင်းတဲ့ ကားမျိုးတွေဖြစ်ဖို့ လိုပါတယ်။ ဒီလိုအနေအထားမျိုးမှာ ယာဉ်ပိုင်ရှင်တွေအနေနဲ့ ကားဟောင်း၊ ကားသစ်လဲဖို့ အခက်အခဲတွေ ရှိနိုင်ပါတယ်။ အရင်က ခရီးသည်တင်ယာဉ်တွေကို လိုအပ်ချက်အရ ရန်ကုန်ပြင်ပကို ထုတ်ရောင်းခွင့်မပြုခဲ့ပါဘူး။ အခုဒီကားတွေကို နယ်တွေကို ရောင်းချခွင့်ပေးမယ်။ ကားသစ်ဝယ်ဖို့အတွက် ဘဏ်တွေနဲ့ချိတ်ဆက်ပြီး အရစ်ကျစနစ်နဲ့ ဝယ်နိုင်အောင် ဆွေးနွေးပေးမယ်။ ဒီလိုအများပိုင်ကုမ္ပဏီတွေဖြစ်လာပြီဆိုရင် ဥပမာ အဓိကလမ်းမကြီးတစ်လမ်းကို ကုမ္ပဏီတစ်ခုကို တာဝန်ယူဆောင်ရွက်စေပြီး အဲဒီလမ်းကြောင်းတစ်လျှောက် အဆင်ပြေအောင် သယ်ယူပို့ဆောင်ပေးရပါမယ်။ အများပိုင်တွေအနေနဲ့ ဆောင်ရွက်မယ်ဆိုရင် အမြတ်ရရှိရေးထက် ဝန်ဆောင်မှုဖြစ်တဲ့အတွက် ရှုံးနိုင်တဲ့အနေအထားတွေအပေါ် အစိုးရက ဘယ်လိုထောက်ပံ့မလဲဆိုတာလည်း ရှိပါတယ်။ တိကျတဲ့ အချက်အလက် ဝန်ဆောင်မှုတွေဖြစ်ဖို့အတွက် ကတ်စနစ်နဲ့ ငွေပေးချေတဲ့စနစ်တွေ၊ ဘယ်လောက်ရှုံးတယ်၊ မြတ်တယ်၊ ခရီးသည် ဘယ်လောက် စီးတယ်ကအစ ပွင့်လင်းမြင်သာမှုရှိရှိ မဖြစ်မနေလုပ်ရမှာပါ။ ဒါမှလည်း ဆောင်ရွက်နိုင်မှာပါ"ဟု ဒေါက်တာမောင်အောင်က ရှင်းပြသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ မြေလွတ်မြေရိုင်းများကို အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး အများပိုင်ဘတ်စ်ကားလိုင်းကုမ္ပဏီများ ထူထောင်ဆောင်ရွက်မည့်ကုမ္ပဏီများ အရှုံးပေါ်နိုင်သော အခြေအနေများအပေါ် အစိုးရအနေဖြင့် အခြားသော စီးပွားရေးလုပ်ပိုင်ခွင့်များ၊ စက်သုံးဆီရောင်းချဖြန့်ဖြူးခွင့်လိုင်စင်ကဲ့သို့ လုပ်ငန်းလုပ်ပိုင်ခွင့်များ ချထားပေးခြင်းဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဟု ဇူလိုင် ၂၂ ရက်က မထသ (ရန်ကုန်) ရုံးချုပ်တွင် ပြုလုပ်ခဲ့သော ယာဉ်လုပ်သားများ လုပ်အားယှဉ်ပြိုင်ဆု၊ ပညာသင်ဆု ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

"ယာဉ်ပိုင်ရှင်တွေကလည်း ကားဟောင်း၊ ကားသစ်လဲချင်ပါတယ်။ သင့်တော်တဲ့ဈေးနဲ့ ဝယ်ချင်ပါတယ်။ အခွန်လျှော့ပေးတာ၊ သင့်တော်တဲ့ဈေးနဲ့ ဝယ်နိုင်အောင် လုပ်ပေးတာမျိုးတွေဆိုရင် ထိရောက်နိုင်ပါတယ်"ဟု မထသ ၄၈ ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးက ယင်းအခမ်းအနားအပြီးတွင် ပြောကြားသည်။

**(ဆုနှင်းလဲ့)**

# အမေရိကန်သံရုံးအတွင်း မျက်ရည်ယိုဗုံးဖောက်ခွဲမှုလေ့ကျင့်ခန်းပြုလုပ်စဉ် ဓာတ်ငွေ့များ ဝင်းအပြင်သို့ ပျံ့လွင့်မှုကြောင့် သွားလာသူတချို့ ဓာတ်ငွေ့ဒဏ်ခံစားရ


သက်ဆိုင်ရာက သွားရောက်စစ်ဆေးမှုပြုလုပ်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂၄**
ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၉)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၁၁၀)ရှိ အမေရိကန်သံရုံးဝင်းအတွင်း၌ ယနေ့ည ၈ နာရီခန့်က လုံခြုံရေးလေ့ကျင့်ခန်းပြုလုပ်စဉ် မျက်ရည်ယိုဗုံးဖောက်ခွဲရာမှ သံရုံးဝင်းအပြင်ဘက်သို့ ဓာတ်ငွေ့များ ပျံ့လွင့်မှုဖြစ်ပွားခဲ့သည်။

"ဓာတ်ငွေ့က ခြံဝင်းအပြင်ဘက်ကို လေနဲ့အတူ ရောက်သွားတယ်။ လမ်းပေါ်ကလူတွေ အငွေ့တွေ ရှူမိတာကတော့ ၁၅ မိနစ်လောက်ကြာတယ်။ ည ၈ နာရီ မိနစ် ၂၀ လောက်မှာတော့ လုံးဝပြယ်သွားပါတယ်။ အခြားထိခိုက်မိတာမျိုးမရှိပါဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း အချိန်မီ သွားရောက်ခဲ့ပါတယ်" ဟု ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက ပြောသည်။

ထိုသို့ဖြစ်ပွားခဲ့မှုကြောင့် အမှတ် (၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတပ်ရင်းမှူး ဒုရဲမှူးကြီးမျိုးမင်းလတ်၊ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ စခန်းမှူး ဒုရဲမှူးသိန်းဟန်တို့နှင့်တာဝန်ရှိသူတို့က သွားရောက်စစ်ဆေးရာ အဆိုပါသံရုံးမှ လုံခြုံရေးအရာရှိက ၎င်းတို့သံရုံးတွင် လုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုအနေဖြင့် မျက်ရည်ယိုဗုံးတစ်လုံးဖောက်ခွဲစဉ် အငွေ့များ ပြင်ပသို့စိမ့်ထွက်ခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ နောက်နောင်စမ်းသပ်လိုပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ခွင့်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းပြကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ပတ်ဝန်းကျင်အနီးလမ်းပေါ်တွင် သွားလာနေသူ ပြည်သူတချို့ဓာတ်ငွေ့ကြောင့် မျက်ရည်ကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# GASMA PRINT 2016 ပြပွဲ မြန်မာနိုင်ငံမှ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ သွားရောက်လေ့လာမည်

**ရန်ကုန် ဇူလိုင် ၂၄**
ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်၌ တတိယအကြိမ်မြောက် ကျင်းပမည့် ပုံနှိပ်လုပ်ငန်း အပါအဝင် ဆက်စပ်လုပ်ငန်းများနှင့် ပတ်သက်သည့် GASMA PRINT 2016 ပြပွဲကို လာမည့် စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဟန်က" ထိုင်းနိုင်ငံမှာ ပုံနှိပ်လုပ်ငန်းနဲ့ဆက်စပ်ပစ္စည်းပြပွဲဟာ နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိပါတယ်။ ဒီအတွက်ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံမှာ Roadshow ပွဲ လာလုပ်တာပါ။ လက်ရှိဒီမှာက ပုံနှိပ်ထုတ်ဝေလုပ်ငန်းတွေမကောင်းမွန်ပါဘူး။ ပြည်တွင်းဈေးကွက်တစ်ခုပဲ မှီခိုနေရတယ်ဆိုတော့ ဈေးကွက်ကကျဉ်းနေပါတယ်။ အရင်ကလုပ်ဆောင်ခဲ့တဲ့ နည်းပညာတွေကလည်းအိုဟောင်းခဲ့ပြီး မြန်မာနိုင်ငံကလည်း ခုမှတိုးတက်ခါစဆိုတော့ နေ့စဉ်နဲ့အမျှ တိုးတက်နေတဲ့နည်းပညာတွေက ပြပွဲတွေမှာသွားကြည့်မှ တွေ့နိုင်မှာပါ။

ဒါကြောင့် ဒီပြပွဲကို လုပ်ငန်းရှင်တွေ သွားရောက်လေ့လာ ကြည့်ရှုကြခြင်းဖြင့် လုပ်ငန်းများပြောင်းလဲတိုးတက်မှုနဲ့ နည်းစနစ်တွေကို အကုန်လုံးပြောင်းလဲလို့ရမှာပါ။ လာမယ့်နှစ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ ထုပ်ပိုးပစ္စည်းပိုင်းရော၊ ပုံနှိပ်ထုတ်ဝေလုပ်ငန်းတွေပါ အများကြီးထူထူထောင်ထောင်ဖြစ်လာမယ်လို့ထင်ပါတယ်။ နည်းပညာနဲ့ စက်ကိရိယာပစ္စည်းတွေ အဆင့်ဆင့်နဲ့လုပ်ကိုင်တဲ့ ထိုင်းနိုင်ငံက ပုံနှိပ်ထုတ်ဝေလုပ်ငန်းတွေကို ဒီကသူတွေသွားရောက်လေ့လာသင့်ပါတယ်။ ဒီလိုပြပွဲတွေမှာ သွားရောက်လေ့လာမှ နည်းပညာတွေကို လေ့လာနိုင်ကြမှာပါ"ဟု ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီမှစတင်၍ ပြုလုပ်ခဲ့သော ထိုင်းနိုင်ငံ ဂရပ်ဖစ်လက်မှုပညာပုံ့ပိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအသင်း (GASMA)နှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA)နှင့်တကွ ဆက်စပ်လုပ်ငန်းညီနောင်အသင်းဝင် လုပ်ငန်းရှင်များနှင့် တစ်ရက်တာ စီးပွားရေးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လာရောက်လေ့လာခဲ့သော Ace Dragon ကုမ္ပဏီလီမိတက်မှ ဒေါ်ထွေးထွေးဖြူက "ဒီဆွေးနွေးမှုပိုင်းဆိုင်ရာမှာ ကျွန်မလာရောက်လေ့လာတာကတော့ အစုံပါပဲ။ ဒီမှာကတော့ ကိုယ်မသိတဲ့ နည်းပညာတွေ အများကြီးပါဝင်ပါတယ်။ အကုန်လုံးကကောင်းမွန်ပါတယ်။ မြန်မာနိုင်ငံမှာက ဂျပန်နိုင်ငံထုတ် တစ်ပတ်ရစ်အဟောင်းတွေပဲများပါတယ်။ လက်ရှိအခါက ကျွန်မလာရောက်လေ့လာတာကတော့ တီရှပ်နဲ့ပတ်သက်တဲ့ ဆေးရိုက်လုပ်ငန်းကို လာလေ့လာတာပါ။ ထိုင်းနိုင်ငံကရိုက်ထားတဲ့ ဆေးသားက အလွန်ကောင်းမွန်ပါတယ်။ ဒီမှာက နည်းပညာကွာလို့လားမသိဘူး။ ဒီဆွေးနွေးပွဲမှာပြသနေတဲ့ ဆေးသားက အလွန်ကောင်းနေပါတယ်။ တီရှပ်နဲ့ ဆေးသားကိုကြည့်လိုက်ရင် ထင်းခနဲပေါ်နေပါတယ်။ ကျွန်မတို့နိုင်ငံမှာက နည်းပညာပိုင်းကလည်း သူတို့နိုင်ငံက သုံးတဲ့စက်နဲ့ ကွာနေလို့ပါ။

အဲဒီစက်ကို ရင်းနှီးမြှုပ်နှံပြီး စက်ကိုဝယ်ယူမယ်ဆိုရင်တောင် ကိုယ့်ရဲ့ ဝယ်လိုအားမရနိုင်သေးတော့ အခက်အခဲ အများကြီးရှိပါတယ်။ ဒီလိုတွေ့ဆုံပွဲတွေလုပ်တော့ ကျွန်မတို့အတွက် နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံတွေ အများကြီးရရှိပါတယ်။ သူတို့နိုင်ငံက စက်ပစ္စည်းတွေလို လောလောဆယ်မသုံးနိုင်ပေမယ့် သူတို့တွေက ဒီလိုစက်ပစ္စည်းတွေကို သုံးနေကြပါလားဆိုတဲ့ အသိတစ်ခုကို ရရှိလိုက်ပါတယ်။ ပြီးတော့ သူတို့နိုင်ငံမှာ ဘယ်လောက် အောင်မြင်နေသလဲဆိုတာ သိခွင့်ရခဲ့ပါတယ်။ နောင်တစ်ချိန်ကျရင် ကျွန်မတို့နိုင်ငံမှာ အသုံးချနိုင်ဖို့ကိုသိခွင့်ရလိုက်တာမို့ပါ"ဟု ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သည့် GASMA PRINT 2014 ပြပွဲ၌ တက်ရောက်လေ့လာခဲ့ကြသည့် ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ ၁၁၁ ဦး တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံတွင် စက်ကိရိယာများဖြင့် လုပ်ဆောင်နေသည့် နည်းပညာများကို လုပ်ငန်းရှင်များလေ့လာခဲ့ရကြောင်း၊ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီမှစတင်၍ ညနေပိုင်းထိ ပြုလုပ်ခဲ့သော မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA)နှင့်တကွ ဆက်စပ်လုပ်ငန်းညီနောင်အသင်းဝင် လုပ်ငန်းရှင်များနှင့် တစ်ရက်တာ စီးပွားရေးဆွေးနွေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံသံရုံး တာဝန်ခံ မစ္စတာ Chainarong keratiyutwong၊ GASMA မှ President Chaiwat Hansomwong၊ ထိုင်းနိုင်ငံရှိ စီးပွားကူးသန်းဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (DITP )မှ ဒါရိုက်တာ Mrs. Aumaporn Futrakul နှင့် မြန်မာနိုင်ငံမှ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**(ပွင့်သစ္စာ)**



# သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်သွားမည့် တေးသံရှင် ရီဟန်းနား

ဂီတငွေကြယ်ပွင့်တစ်ဦးဖြစ်သည့် တေးသံရှင် ရီဟန်းနား၏ သရုပ်ဆောင်ပိုင်းဆိုင်ရာခြေလှမ်းသစ်အနေဖြင့် ၁၉၈၇ ခုနှစ်က စတင်ဖြန့်ချိပြသခဲ့သည့် Bates Motel ဇာတ်ကား၏ နောက်ဆုံးဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

တေးသံရှင် ရီဟန်းနားသည် သူကိုယ်တိုင်လည်း အဆိုပါဇာတ်ကား Bates Motel ၏ပရိသတ်တစ်ဦးဖြစ်ကာ ယင်းဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်မှုနှင့်ပတ်သက်၍လည်း အတည်ပြုခဲ့သည်။ ထို့ပြင် ယင်းဇာတ်ကားတွင် Marion Crane အဖြစ်ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း တွစ်တာစာမျက်နှာမှတစ်ဆင့် ပရိသတ်များအားအသိပေးခဲ့သည်။

ထို့အပြင် သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုသစ်များအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ထွက်ရှိမည့် Valerian and the City of a Thousand Planets ဇာတ်ကားသစ်တွင်လည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂီတပိုင်းဆိုင်ရာလှုပ်ရှားမှုအနေဖြင့် ယခုနှစ်အတွင်းတွင် Anti World Tour အမည်ရှိဖျော်ဖြေပွဲများကို တင်ဆက်လျက်ရှိသည်။ ထို့အပြင် တေးသံရှင် ရီဟန်းနားသည် ယခုနှစ် ဒုတိယနှစ်ဝက်တွင် များစွာသော စတူဒီယိုအယ်လ်ဘမ်များတွင် ပါဝင်သီဆိုထားပြီး အထင်ကရအနေဖြင့် ဧပြီလကုန်ပိုင်းက ထွက်ရှိခဲ့ပြီး Billboard Hot 100 တွင် ပဉ္စမနေရာနှင့် UK single charts တွင် ဒုတိယနေရာ၌ ရပ်တည်ခဲ့သည့် Calvin Harris ၏ This Is What You Came For စတူဒီယိုအယ်လ်ဘမ်တွင်လည်း ပါဝင်ကူညီသီဆိုပေးထားကြောင်း သိရသည်။

---

# သီချင်းသစ်၊ စတိုင်သစ်များဖြင့် ပရိသတ်ထံ ပြန်လည်ရောက်ရှိလာမည့် iKON

ဆယ်ကျော်သက်လူငယ် ဂီတပရိသတ်များအကြိုက် ကေပေ့ါပ်အဖွဲ့ iKON အား တေးသီချင်းသစ်၊ စတိုင်သစ်များဖြင့် ပရိသတ်များထံ ပြန်လည်ရောက်ရှိလာရန် မျှော်လင့်လျက်ရှိရာ ဇူလိုင် ၂၃ ရက်က ပရိသတ်များဝမ်းမြောက်စေမည့် ကြေညာချက်တစ်ခုထွက်ပေါ်လာခဲ့သည်။

အဆိုပါ iKON အဖွဲ့အနေဖြင့် သီချင်းသစ်အတွက် ပြင်ဆင်ဆောင်ရွက်မှုမှာ နောက်ဆုံးအဆင့်တွင်ရှိနေပြီး ယခုလကုန်ပိုင်းတွင် ဖြန့်ချိနိုင်မည်ဖြစ်ကြောင်း၊ ယင်းသီချင်းသစ်သည် မကြာမီထွက်ရှိလာမည့် အယ်လ်ဘမ်သစ်၏ ရှေ့ပြေးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

iKON အဖွဲ့၏ အေဂျင်စီဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်အနေဖြင့်လည်း ယင်းသတင်းကို အတည်ပြုခဲ့ပြီး အနာဂတ်တွင် ပရိသတ်တွေ့ဆုံပွဲများကိုလည်း ကျင်းပသွားရန်ရှိသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မျိုး စ နှာ မောင် - စု စည်း ရေး သား သည်



# အာဆင်နယ်နဲ့ လမ်းခွဲသင့်ပြီလား အိုဇေးလ်

အာဆင်နယ်ကွင်းလယ်ဖန်တီးရှင် မီဆပ်အိုဇေးလ်အနေနဲ့ အာဆင်နယ်မှ ထွက်ခွာပြီး ဘိုင်ယန်မြူးနစ် (ဒါမှမဟုတ်) ပီအက်စ်ဂျီ နှစ်သင်းထဲကတစ်သင်းကို ပြောင်းရွှေ့သင့်တယ်လို့ အိုဇေးလ် ကစားသမားဘဝ စတင်ရာ ဂျာမန်ကလပ်အသင်းငယ်လေး အက်ဆန်တာဝန်ရှိသူတွေက လိုလားလျက်ရတယ်လို့ သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရပါတယ်။ အက်ဆန်အသင်းဟာ အိုဇေးလ်ရီးယဲလ်ကနေ အာဆင်နယ်ကို ပြောင်းရွှေ့စဉ်က အကျိုးအမြတ်အဖြစ် ယူရို ၇၅၀၀၀၀ ရရှိခဲ့ပြီး သူတို့ရဲ့ လူငယ်အကယ်ဒမီကျောင်းအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် အိုဇေးလ်အနေနဲ့ တစ်နှစ်ကို အသင်းတစ်ခုကို ပြောင်းရွှေ့ကစားသင့်တယ်လို့ အက်ဆန်ဥက္ကဋ္ဌ ဝယ်လ်လင်က ဟာသနှောပြီး ပြောခဲ့ပါတယ်။

တကယ်တမ်းတွေးကြည့်ရင် အိုဇေးလ်ဟာပြီးခဲ့နှစ် အာဆင်နယ်အတွက် ခြေစွမ်းပြသနိုင်ခဲ့ပေမယ့် ဖေဖော်ဝါရီနှောင်းပိုင်းကစလို့ ထင်ပေါ်တဲ့ အခင်းအကျင်းပြသနိုင်ခြင်း မရှိတော့ပါဘူး။ ဒါဟာ ပွဲတိုင်းအားကုန်ရုန်းပြီး ကစားခဲ့ရလို့ ပင်ပန်းသွားတာကြောင့် ဖြစ်တယ်လို့ ဝင်းဂါးက အကြောင်းပြခဲ့ပါတယ်။ အာဆင်နယ်မှာ ရမ်ဆေး၊ ဆန်းချက်ဇ် တို့လောက်သာ ကမ္ဘာ့ထိပ်တန်း ခြေစွမ်းရှိပြီး ကျန်ကစားသမားအများစုဟာ သာမန်ခြေစွမ်းလောက်သာ ရှိသူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် အိုဇေးလ်အနေနဲ့ အာဆင်နယ်မှာ လိုတာထက်ပိုပြီး အားစိုက်ကစားနေရသလို တစ်ဖက်မှာလည်း ထိပ်တန်းကစားသမားတွေနဲ့ ပြည့်ဝတဲ့နည်းစနစ်တွေ၊ လေ့လာသင်ယူစရာတွေဖလှယ်ဖို့ ရှားပါးနေတဲ့ အနေအထားပါ။ အိုဇေးလ်ဟာ ဒီနှစ်ယူရိုပြိုင်ပွဲမှာ ဂျာမနီအတွက် အတော်အသင့် ခြေစွမ်းပြနိုင်ခဲ့ပေမယ့် ယူရို ၂၀၁၂ က ခြေစွမ်းမျိုးကိုတော့ လိုက်မီခဲ့ခြင်းမရှိတာ တွေ့ရပါတယ်။

သူက ၂၀၁၀ ကမ္ဘာ့ဖလားမှာ ခြေစွမ်းကောင်းခဲ့လို့ အဲဒီအချိန်က ရီးယဲလ်နည်းပြသစ်ဖြစ်လာတဲ့ မော်ရင်ဟိုက ဝါဒါဘရီမင်ကနေ ရီးယဲလ်ကို ခေါ်ယူခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်မှာ ကမ္ဘာ့အကောင်းဆုံးအသင်းဖော်တွေနဲ့ ကစားခွင့်ရခဲ့ပြီး အိုဇေးလ်ရဲ့ ခြေစွမ်းလည်း အကောင်းဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိလာခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၃ ခုနှစ်မှာတော့ နည်းပြမော်ရင်ဟိုနေရာ အစားထိုးတာဝန်ယူခဲ့တဲ့ အန်စလော့တီက ဂါရတ်ဘေးလ်ကို ခေါ်ယူခဲ့တဲ့အတွက် ပုံမှန်ပွဲထွက် ကစားခွင့်ရဖို့ ရီးယဲလ်ကနေ ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ယေဘုယျပဲ စဉ်းစားရင်တော့ အိုဇေးလ်ရဲ့အတွေးက မှန်ကောင်း မှန်နိုင်ပေမယ့် အဲဒီအချိန်က အသက် (၂၄)နှစ်သာ ရှိသေးတဲ့သူ့အတွက် ခြေစွမ်းတက်ရိပ်များစွာရှိနေသေးတာကြောင့် ရီးယဲလ်လို အသင်းကြီးမှာ အတွေ့အကြုံဆက်လက်ယူသင့်ပါတယ်။

ဒီလိုဆို အာဆင်နယ်ရောက်တော့ အိုဇေးလ်ခြေစွမ်းကျသွားသလားစဉ်းစားကြည့်ရအောင်ပါ။ ပြီးခဲ့တဲ့ရာသီ အာဆင်နယ်အတွက် ပရီမီယာလိဂ်ပွဲစဉ် (၃၅)ပွဲ ဝင်ရောက်ကစားရာမှာ ဂိုးဖန်တီးမှု ၁၉ ကြိမ်နဲ့ သွင်းဂိုး ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့လို့ ဒီမှတ်တမ်းက ကွင်းလယ်ဖန်တီးရှင် တစ်ဦးအတွက် တကယ့်ကို မှတ်တမ်းကောင်းပါ။ ဒါပေမယ့် ချန်ပီယံလိဂ် ရှစ်ပွဲဝင်ရောက်ကစားခဲ့ချိန်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ပေမယ့် ဂိုးဖန်တီးမှု တစ်ကြိမ်တစ်ခါမျှ ပြုလုပ်နိုင်ခြင်းမရှိခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ သူ့ရဲ့ ၂၀၁၅ -၂၀၁၆ ဘောလုံးရာသီ ပျမ်းမျှလုပ်အားနှုန်းဟာ ၇ ဒသမ ၃၄၅ လောက်သာ ရှိခဲ့တာ ဖြစ်ပါတယ်။

ဒါဟာ သူရီးယဲလ်ကို စတင်ရောက်ရှိခဲ့ချိန် ၂၀၁၀-၂၀၁၁ဘောလုံးရာသီ အသင်းအတွက် အကျိုးပြုမှု ၇ ဒသမ ၄၂၅ကို တောင် မမီခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အိုဇေးလ်ဟာ ဒီစံချိန်ကိုပဲ နှစ်ရာသီဆက်တိုက်ထိန်းနိုင်ခဲ့ပါတယ်။ အဲဒီနောက် ယူရို ၂၀၁၂ ဂျာမနီအသင်းအတွက် ဝင်ရောက်ကစားခွင့်ရချိန်မှာ ၇ ဒသမ ၈၂လောက်အထိ တိုးတက်လာခဲ့ပါတယ်။

အာဆင်နယ်ကို ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း ယှဉ်ပြိုင်ခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲတွေမှာတော့ ၇ ဒသမ ၁၇နဲ့ ၇ ဒသမ ၄၅ သာရှိခဲ့တာကြောင့် အရင်ကလောက် လက်ရွေးစင်အသင်းအတွက်လည်း အကျိုးမပြုနိုင်တော့ပါဘူး။

အိုဇေးလ်ရဲ့ လက်ရှိအသက်အရွယ်ဟာ ဘောလုံးလောကအတွက် အကောင်းဆုံးအရွယ်ဖြစ်ပေမယ့် အာဆင်နယ်ကို ပြောင်းရွှေ့ပြီးနောက်ပိုင်း သမ္မာအရသာ ခြေစွမ်းကောင်းကို ဆက်လက်ထိန်းထားနိုင်တာဖြစ်ပြီး ခြေစွမ်းပိုင်းတိုးတက်လာခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အိုဇေးလ်အနေနဲ့ အာဆင်နယ်ကထွက်ခွာပြီး အခြားအသင်းကြီး တစ်သင်းကိုသာ ပြောင်းရွှေ့သင့်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ချန်ပီယံလိဂ်လို ဂုဏ်သိက္ခာမြင့် ဖလားကိုကိုင်မြှောက်နိုင်ခြင်းမရှိဘဲ ဘောလုံးလောကနေ အနားယူသွားရဖို့ ရှိနေပါတယ်။

**မေလဲ့သင်း**

# အူစိန်ဘို့ပြန်လာပြီ

ဒဏ်ရာပြဿနာတွေကြောင့် အနားယူနေရတဲ့ အူစိန်ဘို့ဟာ အိုလံပစ်ပြိုင်ပွဲအတွက် သူ့အနေနဲ့ အဆင်သင့်ဖြစ်နေပြီဆိုတာ လန်ဒန်အိုလံပစ် နှစ်ပတ်လည်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်တဲ့ မီတာ ၂၀၀ ပြေးပွဲမှာ ချန်ပီယံဆုယူပြီး သက်သေပြခဲ့ပါတယ်။

အိုလံပစ် ခြောက်ကြိမ် ချန်ပီယံ အူစိန်ဘို့ဟာ ၁၉ ဒသမ ၈၉ စက္ကန့်အတွင်း ပန်းဝင်ခဲ့ပြီး ဒုတိယနေရာရရှိခဲ့တဲ့ ပနားမားကစားသမား အလွန်ဆိုအက်ဒဝဲဒ်ကို သုည ဒသမ ၁၅ စက္ကန့် ဖြတ်ပြီး ပထမဆုရရှိခဲ့တာဖြစ်ပါတယ်။ ဗြိတိန်မှ အဒမ်ဂမ်မီလီက တတိယနေရာသာ ရရှိခဲ့ပေမယ့် ၂၀ ဒသမ ၀၇ စက္ကန့်နဲ့ သူ့အတွက် အကောင်းဆုံးစံချိန်ကို ရရှိခဲ့တယ်လို့ သိရတယ်။ အူစိန်ဘို့ဟာ ဇူလိုင်လဆန်းပိုင်းက ကျင်းပပြီးစီးခဲ့တဲ့ ဂျမေကာ အပြေးပြိုင်ပွဲမှာ ဒဏ်ရာပြဿနာကြောင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ပေမယ့် ဒီပြိုင်ပွဲမှာတော့ သက်သောင့်သက်သာရှိနေတဲ့ ပုံစံနဲ့ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာကို တွေ့ရပါတယ်။

အသက်(၂၉)နှစ်အရွယ် ဘို့ဟာ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ကျင်းပခဲ့တဲ့ ဘေဂျင်းနဲ့ လန်ဒန်အိုလံပစ်ပြိုင်ပွဲ မီတာ ၁၀၀နဲ့ မီတာ ၂၀၀ ပြိုင်ပွဲနှစ်ခုစရပ်စလုံးမှာ ချန်ပီယံ ဖြစ်ထားသူပါ။ ဒါ့ကြောင့်လာမယ့် ရီယို အိုလံပစ်မှာ သူ့ရဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ဖို့ ကြိုးပမ်းရတော့မှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ မီတာ၂၀၀ အမြန်ဆုံးပြေးနှုန်းစံချိန်ကို ၁၉ ဒသမ ၇၄ စက္ကန့်နဲ့ အမေရိကန်အပြေးသမား မာရစ်က ရရှိထားပေမယ့် ၂၀၀၉ ခုနှစ်က ဘို့ တင်ထားတဲ့ စံချိန် ၁၉ ဒသမ ၁၉ စက္ကန့်ကိုတော့ ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ကြဘဲ ဒီစံချိန်ဟာ အခုထိ ကမ္ဘာ့အမြန်ဆုံးစံချိန် ဖြစ်နေဆဲပါပဲ။

"ကျွန်တော်ရဲ့ အကောင်းဆုံးစံချိန်မဟုတ်သလို အစပိုင်းမှာ ပြေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပေမယ့် ဒဏ်ရာပြဿနာက လွန်မြောက်တယ်ဆိုတာ သေချာသွားတာကြောင့်တော့ ကျေနပ်ရပါတယ်"လို့ ဘို့က ဆုယူအပြီးဆိုခဲ့ပါတယ်။ ဒါ့ကြောင့် ဘို့ပြန်လာပါပြီ။

**မေလဲ့သင်း**

# ဆန်းဒါးလန်းအသင်းနည်းပြဖြစ်လာတဲ့ဒေးဗစ်မိုယက်စ်

ဆန်းဒါးလန်းအသင်းဟာ လစ်လပ်နေတဲ့ နည်းပြရာထူးအတွက် အဲဗာတန်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်မိုယက်စ်ကို ခန့်အပ်လိုက်ပါပြီ။

ဆန်းဒါးလန်းအသင်းဟာ ဒေးဗစ်မိုယက်စ်ကို လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ခေါ်ယူခဲ့တာဖြစ်တယ်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အင်္ဂလန်အသင်းနည်းပြအဖြစ် ဆမ်အလာဒိုက်စ်ကို ခန့်အပ်ပြီးတဲ့အချိန်မှာ လစ်လပ်နေတဲ့ ဆန်းဒါးလန်းအသင်းနည်းပြနေရာကို အသက်(၅၃)နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ဒေးဗစ်မိုယက်စ်ဟာ အစားထိုးခန့်အပ်ခံခဲ့ရတာဖြစ်ပါတယ်။

စကော့တလန်သား ဒေးဗစ်မိုယက်စ်ဟာ နိုဝင်ဘာလကတည်းက စပိန်ကလပ် ရီးယဲလ်ဆိုစီဒက်အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပြီး အသင်းလက်မဲ့ဖြစ်နေတဲ့ နည်းပြတစ်ဦးအဖြစ်ကနေ အခုအချိန်မှာတော့ လွတ်မြောက်သွားခဲ့ပါပြီ။

ဆန်းဒါးလန်းအသင်းကို အကောင်းဆုံးကိုင်တွယ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားလို့ ဒေးဗစ်မိုယက်စ်ကို ပထမဆုံးအနေနဲ့ရွေးချယ်ခဲ့တာဖြစ်တဲ့အကြောင်းကိုလည်း ဆန်းဒါးလန်းအသင်းပိုင်ရှင် အဲလစ်ရှော့က ပြောခဲ့ပါတယ်။ ဒေးဗစ်မိုယက်စ်ဟာ သူ့ရဲ့နည်းပြဘဝကို ပရက်စ်တန်အသင်းမှာ စတင်ခဲ့တာဖြစ်ပြီး ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းမှာတော့ ၁၁ နှစ်ကြာနည်းပြတာဝန်ကို ထမ်းဆောင်ခဲ့တဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ ဂန္ထဝင်နည်းပြဟောင်းဖြစ်သူ ဖာဂူဆန်နည်းပြဘဝကနေ အနားယူသွားတဲ့အချိန်မှာ မန်ယူအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပြီး ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တယ်ဆိုပေမယ့် မန်ယူအသင်းနဲ့အတူ ၁၀ လကြာဖြတ်သန်းခဲ့ပြီးချိန်မှာတော့ ရလဒ်ပိုင်း ဆိုးရွားမှုပြဿနာကြောင့် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရပါတယ်။

အဲဒီလို မန်ယူအသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီးနောက် စပိန်ကလပ် ရီးယဲလ်ဆိုစီဒက်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရပါတယ်။ ရီးယဲလ်ဆိုစီဒက်အသင်းကနေ ထုတ်ပယ်လိုက်ချိန်မှာတော့ အသင်းလက်မဲ့ဖြစ်ခဲ့ရပြီး အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖို့ ရေပန်းစားခဲ့ပါသေးတယ်။ ဒါပေမယ့် ရောဘတ်တိုဒီမတ်တီယိုကို အက်စ်တွန်ဗီလာနည်းပြအဖြစ် ခန့်အပ်ခဲ့တာကြောင့် အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖို့ အခွင့်အရေးနဲ့လွဲခဲ့ရပါတယ်။

လက်ရှိမှာတော့ ဆန်းဒါးလန်းအသင်းနည်းပြဖြစ်လာခဲ့ပြီး ဆန်းဒါးလန်းရဲ့ သုံးနှစ်တာကာလအတွင်း ခန့်အပ်ခံခဲ့ရတဲ့ လေးဦးမြောက်နည်းပြလည်းဖြစ်လာခဲ့ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ သုံးနှစ်တာကာလအတွင်းမှာ ဂက်ပိုယက်၊ အက်ဗိုကတ်၊ ဆမ်အလာဒိုက်စ်နှင့် ယခုဒေးဗစ်မိုယက်စ်တို့ကို နည်းပြအဖြစ်ခန့်အပ်ခဲ့တာဖြစ်တယ်။

ဘော်လ်တန်၊ နယူးကာဆယ်နှင့် ဝက်စ်ဟမ်းတို့မှာ နည်းပြခဲ့ဖူးတဲ့ ဆမ်အလာဒိုက်စ်ဟာ ၂၀၁၅ ခုနှစ်အောက်တိုဘာလမှာ ဆန်းဒါးလန်းအသင်းနည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ပရီမီယာလိဂ်ကနေ တန်းဆင်းသွားတဲ့ နယူးကာဆယ်အသင်းရဲ့အထက် အမှတ်ပေးဇယားအဆင့်(၁၇)မှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာကြောင့် ဆန်းဒါးလန်းဟာ ပရီမီယာလိဂ်မှာ တန်းတင်ကျန်ရစ်ခဲ့တဲ့အသင်းလည်း ဖြစ်တယ်။

လက်ရှိမှာ ဆန်းဒါးလန်းဟာ ဒေးဗစ်မိုယက်စ်ကို ခန့်အပ်ခဲ့ပြီး ဒေးဗစ်မိုယက်စ်ရဲ့ နည်းပြဘဝအောင်မြင်မှုကို ပြန်ကြည့်မယ်ဆိုပါက ၁၉၉၈ ခုနှစ် ဇန်နဝါရီလကနေ ၂၀၀၂ ခုနှစ် မတ်လအထိ ပရက်စ်တန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ရာတွင် ပွဲပေါင်း ၂၃၄ ပွဲ၌ နိုင်ပွဲ ၁၁၃ ပွဲ၊ ၂၀၀၂ ခုနှစ် မတ်လကနေ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ အဲဗာတန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ရာတွင် ပွဲပေါင်း ၅၁၃ ပွဲ၌ နိုင်ပွဲ ၂၁၆ ပွဲ၊ ၂၀၁၃ ခုနှစ် ဇူလိုင်လကနေ ၂၀၁၄ ခုနှစ် ဧပြီလအထိ မန်ယူအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ရာတွင် ပွဲပေါင်း ၅၁ ပွဲ၌ နိုင်ပွဲ ၂၇ ပွဲ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကနေ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ရီးယဲလ်ဆိုစီဒက်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ရာတွင် ပွဲပေါင်း ၄၂ ပွဲ၌ နိုင်ပွဲ ၁၂ ပွဲ စသည်ဖြင့် နည်းပြသမိုင်းတစ်လျှောက်တွင် ပွဲပေါင်း ၈၄၀ ၌ ၃၆၈ ပွဲနိုင်ပွဲရရှိခဲ့ခြင်းနဲ့အတူ အောင်မြင်မှု ၄၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ရယူနိုင်ခဲ့တဲ့နည်းပြတစ်ဦးဖြစ်ပြီး အခု ဆန်းဒါးလန်းအသင်းအတွက်ရော ဘယ်လောက်အထိ အောင်မြင်မှု ရယူပေးသွားနိုင်မလဲဆိုတာကတော့ စောင့်ကြည့်ရဦးမယ့် အနေအထားလို့ပဲ ဆိုရမှာပါ။

**ငွေကြယ်**





ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ကမ်းဘေးရပ်ကွက်၊ ကျေးရွာများသို့ရိက္ခာပစ္စည်းများလှူဒါန်း

**ငါးသိုင်းချောင်း ဇူလိုင် ၂၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ ၂၈ ဒသမ ၇၀ ပေ၊ အဆိုပါမြို့၏ စိုးရိမ်ရေအမှတ်အထက် တစ်ပေနှင့် သုည ဒသမ ၇၀ လက်မ သို့ ကျော်လွန်ရောက်ရှိနေပြီး ညနေ ၃ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ဟင်္သာတခရိုင်ဦးစီးမှူးနှင့် ဌာနဝန်ထမ်းများငါးသိုင်းချောင်းမြို့ ငဝန်ရပ်ကွက်သို့ရောက်ရှိခဲ့ရာ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများမှ ငဝန်မြစ်ရေနှင့် ဒေသအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ငဝန်ရပ်ကွက်အတွင်း အိမ်ထောင်စုပေါင်း၆၃၈ စုရှိသည့်အနက် ငဝန်မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိ ရေဝင်နစ်မြုပ်အိမ်ထောင်စု ၃၁၃ စု အတွက် ဆန်လေးပြည်၊ ငါးသေတ္တာ လေးဘူး နှင့် ရေသန့်ဆေးလေးကတ် ပါဝင်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှလှူဒါန်းသည့် မိသားစုသုံး ရိက္ခာအိတ်များကို လောကမာန်အောင် တန်ဆောင်းနှင့် ရေဝင်နစ်မြုပ်နေထိုင်ရာအိမ်ခြေများ၌ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများက လိုက်လံ၍ လက်ရောက်ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ငဝန်မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းကျေးရွာများဖြစ်သော ကက္ကုလေးကျေးရွာနှင့် မြစ်ဆယ်ကျေးရွာများသို့ ဆက်လက်လှူဒါန်းပေးရန် စီစဉ်ထားပြီး အဆိုပါရပ်ကွက်ကျေးရွာများအပါအဝင် ငါးသိုင်းချောင်းမြို့ ပတ်ဝန်းကျင်ရပ်ကွက်ကျေးရွာအုပ်စု ၂၃ အုပ်စုသည် ငဝန်မြစ်ရေကြီးမြင့်ချိန်တွင် မြစ်၏အနောက်ဘက်ခြမ်း ဒေသများဖြစ်၍ နှစ်စဉ်ရေဝင်ရောက်သော ကျေးရွာများဖြစ်ပြီး ငဝန်မြစ်ရေအမှတ် ပေ ၃၀ သို့ရောက်ရှိမှသာ နေအိမ်များသို့ ရေဝင်နစ်မြုပ်လေ့ရှိကြောင်း၊ လက်ရှိအချိန်တွင် ကျေးရွာအတွင်း ရေ သုံးပေခန့်သာဝင်ရောက်လျက်ရှိရာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ရခြင်း မရှိသေးကြောင်းနှင့် ငဝန်ရေကာတာ ကြံ့ခိုင်မှုအခြေအနေမှာ လက်ရှိအချိန်အထိ ကောင်းမွန်နေဆဲဖြစ်ပြီးနေ့ညရေကင်းများ ချထားလျက် အမြဲမပြတ် စောင့်ကြပ်လျက်ရှိသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# AAT ၏ စီးပွားရေးလုပ်ငန်းစတင်ခြင်း အစီအစဉ်တွင် တက်ရောက်ရန် မန္တလေးမြို့ရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၃ ဦး ရွေးချယ်ခံရ

**မန္တလေး ဇူလိုင် ၂၄**

AAT Business Park နှင့် Myanmar Great Diamond စိန်ရွှေရတနာဆိုင်တို့ ဦးစီးကျင်းပမည့် စီးပွားရေး လက်တွေ့အသုံးပြုသင်တန်းအား တတ်ရောက်နိုင်ရန် မန္တလေးမြို့နေ စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၃ ဦး ရွေးချယ်ခံရကြောင်း AAT Busineess Park မှသိရသည်။

အရွေးချယ်ခံရသော စွန့်ဦးတီထွင်လုပ်ငန်းရှင်၂၃ ဦးအား လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးသင်တန်းဆရာများနှင့်ပြည်တွင်းစီးပွားရေး ဦးဆောင်သူများထံမှ လက်တွေ့အသုံးဝင်သောသင်တန်းနှင့် လုပ်ငန်းအား ဩဂုတ်လတွင်စတင်အကောင်အထည်ဖော်နိုင်ရန် တစ်ဦးလျှင် သိန်း ၂၀၊ သိန်း ၃၀၊ သိန်း ၅၀ အား မိမိလုပ်ငန်းစတင်အကောင်အထည်ဖော်ရန် ပေးသွားမည်ဖြစ်သည်။

အဆိုပါ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား AAT Business Park နှင့် ILO တို့ပူးပေါင်း၍ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မန္တလေးရွှေပြည်သာဟိုတယ်၌ပြုလုပ်သော စီးပွားရေးအသိပညာပေးဆွေးနွေးပွဲတွင် လျှောက်ထားသူများထဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

## ရွှေ့ပြောင်း၊ အနေကြာမိသားစုများအားအိမ်ထောင်စုစာရင်းရရှိနိုင်ရေးဆောင်ရွက်

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက်တွင် ဇူလိုင် ၂၂ ရက်က နယ်မြေတစ်ခုချင်းစီအလိုက် ရွှေ့ပြောင်း၊ အနေကြာမိသားစုများအား အိမ်ထောင်စုစာရင်းများရရှိရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ နယ်မြေမှူးများပါဝင်၍ နယ်မြေတစ်ခုချင်းစီအလိုက် အိမ်ထောင်စုစာရင်းရရှိရေးကို မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက်ရောက်ရှိလာသော အိမ်ထောင်စုများကို လိုအပ်သည့်အချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိနိုင်ရေး မေးမြန်းခဲ့ပြီး အိမ်ထောင်စု ၁၈ စုအား အိမ်ထောင်စုစာရင်းများ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

## ငါန်းဇွန်၌စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး

**ငါန်းဇွန် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကမ္မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီက ဂျိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကို ငါန်းဇွန်မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း ၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲများတွင် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးဝင်းကျော်က မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကိုလည်းကောင်း၊ ကျန်းမာရေး ဦးစီးဌာန ကျေးလက်ကျန်းမာရေးမှူးဒေါ်အေးအေးခိုင်က လူသားတိုင်းကျန်းမာရေးကောင်းမွန်စေရေး၊ အစားအစာများ စားသောက်ရာတွင် သန့်ရှင်းစင်ကြယ်စေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး အဓိကထား ဆောင်ရွက်သင့်ကြောင်းနှင့် ကွမ်းစားသုံးခြင်းနှင့် ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ငွေ့ရှူမိခြင်းအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်နီလာစိုးက ကျန်းမာရေးအသိပညာဗဟုသုတများရရှိစေဖို့ စာဖတ်တတ်သူတိုင်း စာဖတ်ရေး၊ စာမဖတ်သူပပျောက်ရေးအတွက်ကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က အစားအစာများစားသုံးရာတွင် ရွေးချယ်စားသုံးသင့်ကြောင်းနှင့် သဘာဝလွန်ကဲသည့် အစားအစာများနှင့် သောက်သုံးရေများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် အသိပညာပေးဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်းအလိုက် ကျောင်းအုပ်ဆရာမကြီးအား ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးပြသထားသော နံရံကပ်ဘုတ်များအား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူကလေးများက စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## ထိုင်းစက်ရုံတွင် လက်ပြတ်ခဲ့သည့်မြန်မာအလုပ်သမ လျော်ကြေးငွေ ဘတ်ခြောက်သိန်းခွဲရရှိ

**ဘန်ကောက် ဇူလိုင် ၂၄**

ထိုင်းနိုင်ငံရှိ ငါးဖမ်းပိုက်ကွန်စက်ရုံတွင် သွားရောက် အလုပ်လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းခွင်အတွင်း ခြေထောက်ကျိုး၊ လက်ပြတ်ခဲ့ရသည့် မြန်မာအလုပ်သမားတစ်ဦး လျော်ကြေးငွေအဖြစ် ဘတ်ခြောက်သိန်းခွဲ (မြန်မာငွေ သိန်း ၂၀၀ ကျော်) ရရှိခဲ့ကြောင်း ဇူလိုင် ၂၂ ရက်က သိရသည်။

အဆိုပါ မြန်မာအလုပ်သမားမှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ (၃) ရပ်ကွက်တွင် နေထိုင်သူ မပြုံးဝင်းဖြစ်ပြီး သူမသည် ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ အရှေ့ဘက် ဒေချားဖန်းနစ်ငါးဖမ်းပိုက်ကွန်စက်ရုံသို့ လာရောက်အလုပ်လုပ်ကိုင်စဉ် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲခန့်၌ ပိုက်ရစ်သည့် စက်ထဲသို့ ခန္ဓာကိုယ်တစ်ခုလုံးပါသွားခဲ့ပြီး ဘယ်ဘက်နံရိုးတစ်ချောင်းနှင့် ညာဘက်ပေါင်ရိုးကျိုးသွားသဖြင့် စတီးရိုးထည့်ထားရပြီး ဘယ်ဘက်ပေါင်တွင်လည်း ဒဏ်ရာ အပြင်းအထန်ရရှိသွားသဖြင့် ၁၈ ချက် တိတိချုပ်ခဲ့ရသည်။ ညာဘက်လက်မှ လက်ကောက်ဝတ်နားမှ ပြတ်ထွက်သွားခဲ့သည်။ ဘယ်ဘက်မှာလည်း သုံးပိုင်းကျိုး၍ အကြောသေသွားကာ လုံးဝလှုပ်မရခဲ့တော့ပေ။

ဘယ်ဘက်မျက်လုံးမှာလည်း နောက်ဘက်ကို ချိုင့်ဝင်သွားပြီး မျက်ကြောသေသွားခဲ့သည်။ ဦးခေါင်းမှာလည်း ပေါက်သွား၍ သွေးယိုစိမ့်မှုဖြစ်သွားခဲ့သည်။ လက်ရှိအချိန်တွင် မပြုံးဝင်းသည် မည်သည့်အလုပ်မှ အလုပ်လုပ်ကိုင်၍ မရတော့ဘဲ ဒုက္ခိတဖြစ်သွားခဲ့ရခြင်းဖြစ်သည်။

"ထိုင်းသူဌေးက ပထမတော့ လျော်ကြေးနည်းနည်းပဲပေးတယ်။ ထိုင်းနိုင်ငံက မြန်မာသံရုံးအရာရှိရယ်၊ မြန်မာဘက်က ပို့ပေးတဲ့ကုမ္ပဏီရယ် ညှိနှိုင်းပေးတော့မှ ဒီလ ၁၅ ရက်မှာ လျော်ကြေး ဘတ်ခြောက်သိန်းခွဲရတာ။ လျော်ကြေးရတဲ့ ဖြစ်စဉ်တွေမှာတော့ အများဆုံးလို့ ပြောလို့ရတယ်" ဟု မပြုံးဝင်းက ပြောသည်။

မပြုံးဝင်းကို တရားဝင်စေလွှတ်ခဲ့သည့် May Wint ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီကလည်း ကရုဏာကြေး ငါးသိန်းနှင့် မပြုံးဝင်း၏ မောင်နှမနှစ်ယောက်အား မလေးရှားသို့ အခမဲ့ပို့ပေး၍ရရှိသည့် လစာထဲမှ တစ်ဝက်ကို မပြုံးဝင်းအား ပေးနေကြောင်းနှင့် မြောင်းမြမြို့ကို အခြေစိုက်၍ အလုပ်သမားရှာဖွေသည့် ရုံးခွဲတစ်ခုဖွင့်လှစ်ပေးကာ ကူညီလျက်ရှိကြောင်း May Wint ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းက ပြောကြားခဲ့ကြောင်း ထိုင်းနိုင်ငံ သတင်းများအရသိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မော်လိုက်ကလေးအကျဉ်းထောင်တွင် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုကွင်းဆင်းဆောင်ရွက်

**ကလေး ဇူလိုင် ၂၄**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ ပူးပေါင်းကာ အကျဉ်းသားများ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် ဆေးကုသကွင်းဆင်းဆောင်ရွက်မှုကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီခွဲက ကလေးမြို့နယ် မော်လိုက်ကလေးအကျဉ်းထောင်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့တွင် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်မြမြခိုင်နှင့် ဒုတိယခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ခင်စုလှိုင်၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးလှိုင်မိုးနှင့် ဒုတိယလက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းစောလွင်တို့ ဦးဆောင်လျက် အကျဉ်းသား ၁၂၃ ဦးတို့၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးလျက် တိုင်းရင်းဆေးဖြင့် ဆေးကုသကြပြီး ရောဂါအဖြစ်များဆုံးမှာ ယားနာ၊ ဝမ်းဗိုက်နာ၊ သာမန်အဖျားများ ခံစားလျက်ရှိကြကြောင်း သိရသည်။

အလားတူ ကျန်ရှိနေသေးသော အကျဉ်းသားများနှင့် အကျဉ်းသူများကိုလည်းဆက်လက်၍ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစစ်ဆေးပြီး ထပ်မံကွင်းဆင်းဆောင်ရွက် ကုသပေးသွားမည်ဖြစ်ကာ ယခုကဲ့သို့ မိမိတို့အကျဉ်းထောင်တွင် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသကွင်းဆင်းဆောင်ရွက်ပေးသော တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တာဝန်ရှိဝန်ထမ်းများအား အလွန်ကျေးဇူးတင်ရှိကြောင်း တာဝန်ကျရဲမေတစ်ဦးက ပြောသည်။

**ဂျိုးနက်**



# လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့် သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲပြုလုပ်

**လေးမျက်နှာ ဇူလိုင် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းအား လေးမျက်နှာမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က မြို့နယ်အားကစားရုံခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးလှခိုင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းဌေး၊ ဟင်္သာတခရိုင် ဦးစီးမှူး ဦးအောင်သက်ရှည်၊ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၅၀၀ တက်ရောက်ခဲ့သည်။

လေးမျက်နှာမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ရာ၌ လမ်း၊ တံတား၊ ရေ၊ မီးစသော စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၅၈ ခုကို လျာထားဆောင်ရွက်ခဲ့ပြီး စီမံကိန်းအတွက်ကုန်ကျငွေစုစုပေါင်း ၁၁၈၀၀ သိန်းနှင့် ကျေးရွာနေ ပြည်သူများမှ ထည့်ဝင်ငွေ ၂၁၇ ဒသမ ၁ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်။ လုပ်ငန်းပြီးစီးမှုမှာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မလှိုင်–ပင်းတလဲလမ်းပေါ်ရှိပျက်စီးနေသော လမ်းပိုင်းများအား စုပေါင်းပြုပြင်



**မလှိုင်၊ ဇူလိုင် ၂၄**

မလှိုင်-ပင်းတလဲလမ်းပေါ်မှ နေ့စဉ်ဖြတ်သန်းသွားလာနေသော ကျေးရွာပြည်သူများ စုပေါင်း၍ အဆိုပါလမ်းပေါ်ရှိ ပေါက်ပြဲပျက်စီးနေသော လမ်းပိုင်းများအား ဇူလိုင် ၂၀ ရက်မှစတင်၍ ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မလှိုင်မြို့နယ်အတွင်းရှိ နတ်စဉ်ကုန်း၊ ရုံးတော၊ ကူကြီး၊ အုပ်ဖိုကန်၊ ကံကြီး ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူတို့သည် မိမိတို့တောင်ယာစိုက်ခင်းများမှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံများကို မြို့ပေါ်တင်ပို့ရောင်းချရာ၊ မြို့ပေါ်မှ လိုအပ်သောပစ္စည်းများကို ဝယ်ယူ၍ ပြန်လည်သယ်ယူရာတွင် မလှိုင်- ပင်းတလဲလမ်းကိုအသုံးပြု၍ နေ့စဉ်သွားလာနေကြသူများဖြစ်သည်။

အဆိုပါလမ်းပေါ်ရှိ တချို့နေရာများသည် ချိုင့်များ၊ ကျင်းခွက်များဖြစ်ပေါ်နေ၍ မိုးရွာသွန်းလျှင် ရေများဝပ်နေပြီး ဆိုင်ကယ်များ၊ ကားများ၊ ထော်လာဂျီများ ခက်ခက်ခဲခဲသွားလာနေရသဖြင့် ဒေသခံများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ပြုပြင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလမ်းက အမြဲဖြတ်သွားနေရတာပါ။ ချိုင့်တွေများတော့ ကုန်နိုင်သလောက် ကားမတင်နိုင်ဘူး။ ကားတွေသွားရတာ အဆင်မပြေဘူး။ မျက်သီးကျင်းလမ်းဆုံ ပတ်ဝန်းကျင်နှင့် ကံကြီးအလယ်ချောင်ရွာအနီးက မိုးရွာရင် ရေဝပ်ပြီး သွားလို့ အရမ်းခက်ပါတယ်။ ဒါကြောင့် လမ်းဆိုးတဲ့နေရာတွေကို ဦးစားပေးရွေးပြင်နေတာပါ။ ဒီလမ်းကို အသုံးပြုသွားလာနေတဲ့ မလှိုင်မြို့နယ်ထဲက ကျေးရွာအုပ်စု ၅ အုပ်စုက အုပ်ချုပ်ရေးမှူးများ စုပေါင်းပြီးပြင်နေတာပါ" ဟု ဒေသခံရွာသားတစ်ဦးကပြောသည်။ မလှိုင်နယ်အပိုင်လမ်းပေါ်ရှိ ချိုင့်၊ ကျင်းများကို ကျောက်ချခြင်း၊ မြေဖို့ခြင်းဖြင့် သွားလာရလွယ်ကူအောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးအရေးယူ

**ဝါးခယ်မ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျလိုက်နာသိရှိစေရန် ရည်ရွယ်ပြီး တစ်လတိတိ ပညာပေးကာလသတ်မှတ်ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခေါ်ယူစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက် နံနက်က မြို့အဝင် ကြိုးတံတားခြေဆင်း၌ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး၍ စတင်အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်မှုကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ဦးထက်အောင်ဖြိုး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ယာဉ်စည်းကမ်းစစ်ဆေးရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက မြို့နယ်အတွင်းသို့ သုံးတန်ကျော်ယာဉ် ဝင်ရောက်မှုမရှိစေရန်၊ ဆိုင်ကယ်စီးနင်းပါက ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်ရှိစေရန် ကြပ်မတ်စစ်ဆေးကာ ယာဉ်စည်းကမ်းဖောက်ဖျက်သူများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများအတိုင်း ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

# ကမ်းထိန်းဒီရေတော သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အိမ်မဲ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အိမ်မဲမြို့နယ်ကျုံကနီကျေးရွာတွင် ကမ်းထိန်းဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

ကမ်းထိန်းဒီရေတောသစ်ပင်စိုက်ပျိုးပွဲတွင် မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများထံသို့ ဒီရေတောပျိုးပင်များ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာသူများက ပျိုးပင်များ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

စိုက်ပျိုးခဲ့သောပျိုးပင်များမှာ လမု လမဲ့၊ ပြူးပင် စသည့်ပျိုးပင်များဖြစ်ပြီး ပျိုးပင်ပေါင်း ၂၀၇ ပင်စိုက်ပျိုးခဲ့တာဖြစ်ကြောင်းနှင့် မြစ်ကမ်းဘေးရေတိုက်စားမှုကြောင့် ကမ်းပြိုသည့်အန္တရာယ် ကြိုတင်ကာကွယ်ရန်အတွက် ကမ်းထိန်းအဖြစ် ဒီရေတောသစ်ပင်များ စိုက်ပျိုးရခြင်းဖြစ်ကြောင်း အိမ်မဲမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ဦးအောင်မျိုးပိုင်က ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုပန်၌ မိုးစပါးပုလဲသွယ်လယ်မြေ ၁ ဒသမ ၅၀ ဧကတွင် ကောက်စိုက်သရုပ်ပြပွဲ ပြုလုပ်



**ဟိုပန် ဇူလိုင် ၂၄**

တစ်ဧကအထွက်နှုန်းတိုးတက်စေရေး၊ စိုက်နည်းစနစ်မှန်ကန်ပြီး ကောက်ကွက်ပြည့်မီစေရေး၊ တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဟိုပန်မြို့ မန်မိုင်ရပ်ကွက် ကွင်းအမှတ်(၂၄)၊ ဦးပိုင်အမှတ်(၁၆)၊ တောင်သူ ဦးအိုက်ကိန်၏ လယ်မြေ ၁ ဒသမ ၅၀ ဧကတွင် ပုလဲသွယ်မျိုးစပါးကောက်စိုက် သရုပ်ပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ အလုပ်အမှုဆောင်ကော်မတီဝင် ဦးရန်ကျော်၊ အဖွဲ့ဝင်ဦးသန်းလွင်၊ ဦးရင်းဟုန်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ကောက်စိုက်လုံမေများကို တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာပစ္စည်းများ လက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် နောင်မို၊ နောင်အွန်ကျေးရွာနှင့် ရုံးကုန်း၊ ကောင်းဟုန်း၊ နမ့်လျှံ၊ မန်မိုင်ရပ်ကွက်မှ တောင်သူများနှင့် ကောက်စိုက်လုံမေများအား စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသုံးပစ္စည်းများကို ကံစမ်းမဲဖောက်ကာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒီပဲယင်းကွဲ နွားဘေးမဲ့ခြံသို့ စားကျက်မြေ ၄၇ ဧကနှင့် နွားတဲတစ်လုံး လှူဒါန်း

**စစ်ကိုင်း ဇူလိုင် ၂၄**

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခဦးဆောင်၍ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) တည်ထောင်သော စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲနှင့် ရွှေကြယ်ပုံကျေးရွာအနီးရှိ ဒီပဲယင်းကွဲ နွားဘေးမဲ့ခြံသို့ စားကျက်မြေအဖြစ် သုံးစွဲနိုင်ရန် မြေ ၄၇ ဧကနှင့် နွားတဲတစ်လုံးလှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါနွားဘေးမဲ့ခြံရှိ အုပ်ချုပ်ရေးမှူးအဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခနှင့်ဒီပဲယင်းကွဲကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းငါးကျောင်းမှ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ရွှေကြယ်ပုံကျေးရွာရှိ တောင်သူမိသားစုများဖြစ်ကြသော ဒေါ်မြင့်ကြည် (မိသားစု)၊ ဦးမြင့်အောင်(မိသားစု)၊ ဦးမြသန်း(မိသားစု) တို့က စုပေါင်း၍ စားကျက်မြေ ၄၇ ဧက၊ ဦးသိန်းအောင်+ဒေါ်မော်မော်ဝင်း(မိသားစု)တို့က နွားတဲတစ်လုံး တို့အားလှူဒါန်းရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ၎င်းနောက် ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခက လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားချီးမြှင့်ခဲ့သည်။

"ဒီဘေးမဲ့ခြံမှာ နွားအကောင် ၂၀၀၊ ဆိတ်အကောင် ၁၀၀ နဲ့ မြင်းနှစ်ကောင်ရှိပါတယ်။ ဘေးမဲ့နွားများ တစ်သက်တာ အစာရေစာဖူလုံရေးအတွက် စားကျက်မြေဧက ၅၀ ကျော် ဆောင်ရွက်ရန် စီစဉ်ထားပါတယ်။ အခုအလှူရှင်သုံးဦးက ၄၇ ဧကလှူတော့ နောက်ထပ် စားကျက်မြေအနည်းငယ်လောက်တော့ အလှူခံဖို့ ကျန်ပါတော့တယ်" ဟု ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

အဆိုပါနွားဘေးမဲ့ခြံသို့ နွားတဲတစ်လုံးလျှင် ငွေကျပ် ၃၅ သိန်း၊ စားကျက်မြေ တစ်ဧကလျှင် တစ်သိန်းခွဲဖြင့် မန္တလေးမြို့ ၆၂ လမ်းရှိ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ရုံးဥက္ကဋ္ဌ ဦးလှဝင်း ဖုန်း ၀၂-၆၈၃၀၅ နှင့် ၀၉-၄၄၂၀၇၄၄၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# အိမ်မဲ၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ သိန်း ၁၄၈၅၀၀ ထုတ်ချေးရန် ဆောင်ရွက်

**အိမ်မဲ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်ချယ်ရီတင်နှင့် ဝန်ထမ်းများက အိမ်မဲမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာလုပ်ငန်းစတင်ဆောင်ရွက်ချိန် မေလဆန်းမှစ၍ စိုက်ပျိုးမြေတစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ချေးငွေများကို အိမ်မဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၇ အုပ်စုမြို့ပေါ် ၁ အုပ်စု စုပေါင်း ၉၈ အုပ်စုသို့ စိုက်ဧက ၉၉၀၀၀ အတွက်ချေးငွေကျပ် သိန်းပေါင်း ၁၄၈၅၀၀ ထုတ်ချေးသွားရန် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

စတင်ထုတ်ချေးချိန်မှ ဇူလိုင် ၂၂ ရက်ထိ ကျေးရွာအုပ်စု ၉၂ အုပ်စု အစုအဖွဲ့ ၄၆၅၈ တောင်သူ ၁၃၈၀၃ ဦး၏ စိုက်ပျိုးမြေဧက ၈၅၉၇၈၊ အတွက် ချေးငွေ ၁၂၈၉၆၇ သိန်းထုတ်ချေးထားပြီး ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပလိပ်ရတနာလာဘမုနိ ဆုတောင်းပြည့်မြွေဘုရားပွဲ စတင်ကျင်းပ၊ ဘုရားပွဲလာသူများ ရိုးရာအိုးပုတ်ကလေးများကို အလေးထားဝယ်ယူ



**ပလိပ် ဇူလိုင် ၂၄**

ပလိပ် ရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရား၌ လစဉ်လပြည့်-လကွယ်နေ့များတွင်လည်း ဘုရားဖူးများစည်ကားပြီး မြွေဘုရားတွင်ရောင်းချသော ဈေးသည်များ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။ နှစ်စဉ်ဝါဆိုလပြည့်မှစကာ ဘုရားပွဲပြီးသည်အထိ နေ့စဉ်ဘုရားဖူးများစည်ကားလေ့ရှိသည်။ အနယ်နယ်အရပ်မှ စဉ့်အိုးစဉ့်ခွက်သည်များ၊ မုန့်သည်များ၊ အမှတ်တရပစ္စည်းသည်များ၊ အဝတ်အထည်သည်များ လချီရောင်းချပြီး အနီးတစ်ဝိုက်ရွာများမှ တောင်သူသုံးပစ္စည်းများကို လာရောက်ဝယ်ယူကြသည်။ ဘုရားပွဲလာသူများမှာ မြန်မာ့ရိုးရာအိုးပုတ်ကလေးများကို အလေးထားဝယ်ယူလေ့ရှိကြောင်း သိရသည်။

မြို့ပုဂံ ရွာပလိပ်ဆိုသောစကားနှင့်အညီ ဘုရားစေတီပေါ်များမှုတွင် ပလိပ်သည် ထင်ရှားသည်။ ပလိပ်တွင် နိုင်ငံသိ ဘုရားတစ်ဆူရှိသည်။ ထိုဘုရားမှာ ရတနာလာဘမုနိမြွေဘုရားပင်ဖြစ်သည်။ မြွေဘုရားတွင် မြွေများရှိသည်။ ထိုဘုရားသည် ဒေသခံတို့ ပလိပ်အင်းအတွင်း စိုက်ပျိုးသောစပါးမှထွက်သည့် ဆန်တို့ဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူသည့်ဓလေ့ရှိသည်။ စဉ့်ကိုင်နယ်တွင် ပလိပ်မြွေဘုရားသည် ရက်ရှည်ဘုရားပွဲကျင်းပပြီး ဘုရားဖူးတို့နေ့စဉ်စည်ကားသော တန်ခိုးကြီးဘုရားတစ်ဆူပင် ဖြစ်သည်။

ရတနာလာဘမုနိ ဆုတောင်းပြည့်မြွေဘုရား နှစ်စဉ်ဘုရားပွဲကျင်းပလာရာ အကြိမ်(၄၀) မြောက်ပြီဖြစ်သည်။ ဘုရားပွဲတော်ကို နှစ်စဉ် ဝါဆိုလဆန်း ၁၄ ရက်မှ စတင်ကျင်းပလေ့ရှိသည်။ ဝါဆိုလဆန်း ၁၄ ရက်တွင် ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ပွဲ၊ ဝါဆိုလပြည့်နေ့တွင် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ရက်ကွက်ပေါင်းစုံ ဝါဆိုပန်းကပ်လှူပူဇော်ပွဲများ ကျင်းပပြီး ပွဲတော်ကို ဇာတ်ပွဲများ၊ ဘောလုံးပွဲများဖြင့် ဝါခေါင်လပြည့်ကျော် ၇ ရက်ထိ ရက်ရှည်ကျင်းပခဲ့သည်။

ဝါဆိုပန်းကပ်ပွဲတော်ကျင်းပရာတွင် ရပ်ကွက်အလိုက် အကအလှများဖြင့် ဝတ်စုံတူညီဝတ်ကာ လှည့်လည်လေ့ရှိသည်။ အလှည့်လိုက်ပါမည့် ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ ဗောဓိညောင်ပင်တွင် စုရပ်လုပ်ကာ ရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရားအထိ စနစ်တကျ လှည့်လည်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ပွဲတော်အတွင်းတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ လူငယ်ဘောလုံးပွဲကြည့်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

**တိမ်တမန်**

## ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်း

**တွန်းဇံ ဇူလိုင် ၂၄**

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိသည့် ကျေးရွာများဖြစ်သော ကန့်ဆောက်၊ ဟိုင်ကျင်း၊ တွီးမွီ၊ ဗိုင်ဗက်+လိန်ထုတ်၊ မွာလ်ကွေး+တွီးခိန်နှင့် ဇိုလင်း+သန်နွမ်းဇန်ကျေးရွာများသို့ တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်များတွင် ကွင်းဆင်းပြီး ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာလူထုများသို့ မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းချပြခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးရွာများသို့ အရင်းမပျောက်မတည်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ပြီး ကျေးလက်နေဆင်းရဲသားပြည်သူများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်မှန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**

## မူးယစ်ဆူပူနေသူအားပညာပေးကာ အိမ်အရောက်ပို့ဆောင်ပေး

**မင်းခြံ ဇူလိုင် ၂၄**

မြင်းခြံမြို့တွင် ပြည်သူများဘဝ လုံခြုံအေးချမ်းပြီး စိတ်ပူပန်မှုမရှိစေဘဲ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ပြည်သူ့ဝန်ဆောင်မှုရဲလုပ်ငန်းစနစ်ကိုရဲတပ်ဖွဲ့ဝင်များမှ အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များသည် ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ် (၁၈) ရပ်ကွက် နယ်မြေ (၁၂) ရှိလမ်းပေါ်တွင် အရက်သေရည်သောက်စားပြီး ဘေးပတ်ဝန်းကျင်ရှိပြည်သူများ စိတ်ငြိုငြင်အောင် မူးယစ်ဆူပူနေသော ဦးခင်မောင်၏သားဖြစ်သူ ဦးသောင်းစိန်ကို တွေ့ရှိရာ ရဲစခန်းသို့ခေါ်ဆောင်ခြင်းမရှိဘဲ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားကာ နောက်နောင်တွင် ဆူပူရမ်းကားမှုမရှိစေရေးအတွက် ပညာပေးဟောပြောခြင်းကို ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ မူးယစ်ရမ်းကားသူ ဦးသောင်းစိန်အား အိမ်အရောက်လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ချင်းတွင်းမြစ် မန်တုံဝဲအတွင်း၌ ကုန်တင်စက်လှေတစ်စင်း နစ်မြုပ်

**ခန္တီး ဇူလိုင် ၂၄**

မုံရွာမှ ခန္တီးသို့ ယာဉ်မောင်းဦးဝင်းဗိုလ် မောင်းနှင်ဆန်တက်လာသည့် ပြည့်ဖြိုးအောင် ကုန်တင်စက်လှေသည် ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီခွဲခန့်က ခန္တီးမြို့နယ် မိုင်းနောင်ရွာအနီး မန်တုံဝဲအတွင်းအရောက်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပြည့်ဖြိုးအောင်ကုန်တင်စက်လှေသည် ခန္တီးသို့တင်ပို့ရောင်းချမည့် ဒီဇယ်ပီပါအလုံး ၃၀၊ ဓာတ်ဆီပီပါ ၁၀ လုံးနှင့် ဆန်အိတ်အလုံး ၂၀၀ တင်ဆောင်လာပြီး မိုင်းနောင်ရွာအနီး မန်တုံဝဲအတွင်းအရောက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်နစ်မြုပ်သည့်သတင်းကို ရလျှင်ရချင်း ခန္တီးခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ကယ်ဆယ်ရေးအဖွဲ့သည် ချက်ချင်းသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယာဉ်ပေါ်တွင်ပါလာသည့် ကျားခြောက်ဦး၊ မနှစ်ဦး၊ ကလေးတစ်ဦး စုစုပေါင်းကိုးဦးစလုံးကို အန္တရာယ်ကင်းစွာ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**ခန္တီးခရိုင်(ပြန်/ဆက်)**

## ပဲညှစ်၊ ပဲချွတ်ခြင်းလုပ်ငန်းဖြင့် မိသားစုအပိုဝင်ငွေရရှိ



**ပေါက် ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အင်းတော(တ)စု ကျေးရွာနေတောင်သူဦးကြီးများနှင့် လုပ်သားပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုအခါ တောင်သူလုပ်ငန်းခွင်နည်းပါးချိန်တွင် မိသားစုစားဝတ်နေရေးနှင့် လှူရေးတန်းရေးအအတွက် အပိုဝင်ငွေရရှိစေရန် ပဲညှစ်၊ ပဲချွတ်ခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ပဲညှစ်၊ ပဲချွတ်ခြင်းလုပ်ငန်းကို နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပဲရေစိမ်တစ်ပြည်လျှင် ၁၅၀ ကျပ်နှုန်းရရှိပြီး ပဲချွတ်နေကြသူများသည် တစ်မနက်စာလျှင် ပဲ ၁၂ ပြည်နှင့် ၁၅ ပြည်ကြားရရှိကာ လူတစ်ယောက်တစ်မနက်စာ မိသားစုအပိုဝင်ငွေ ၁၅၀၀ ကျော်ရရှိကြောင်း အင်းတော(တ)စု ကျေးရွာနေ ပဲညှစ်၊ ပဲချွတ်သူ မအေးနိုင်၏ပြောပြချက်အရ သိရသည်။ **ညဏ်တိုး(ပေါက်)**

## မန္တလေးသက်ကြီးလူရွှင်တော် ကူညီထောက်ပံ့ရေး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ပြုလုပ်

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးလူရွှင်တော်ပရဟိတအသင်းမှကြီးမှူး၍မန္တလေးသက်ကြီးလူရွှင်တော်ကူညီထောက်ပံ့ရေးရန်ပုံငွေအတွက် ရန်ကုန်လူရွှင်တော်များအသင်းနှင့် မန္တလေးလူရွှင်တော်များအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲလာရောက်ကြသည့် ပရိသတ်များအားဟာသအနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နှစ်ဖက်အသင်းမှ လူရွှင်တော်ဘောလုံးသမားများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးပြီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ ရန်ကုန်လူရွှင်တော်အသင်းတွင် ဒိန်းဒေါင်၊ အုန်းသီး၊ ဇရာ၊ ကျော်ထူး၊ ကင်းကောင်၊ပန်းသီး၊ပိုးလေး၊ ထက်ထက်၊ ငြိမ်းချမ်း၊ ကြယ်သီး၊ အောင်သော်၊ မျောက်ရှုံး၊ကျင်ဝှက်၊ ကြာစိ၊ အောင်မော်၊ စိန်ပန်းသီး၊ ပြည်ကျော်၊ ဂျယ်လီ၊ စူပါလင်းတို့ ပါဝင်ပြီး မန္တလေးလူရွှင်တော်အသင်းတွင် ချစ်စရာ၊ မောင်မော်၊ ဘဲတော၊ သော်တာ၊ ချိုတူး၊ ဒေါ်လာ၊ မင်းနောင်၊ နေမင်း၊ ထက်လင်း၊ ဖိုးတာ၊ ဗိုလ်ထူး၊ စွမ်းထက်၊ သန်းနိုင်ဦး၊ ပိုချစ်၊ စီးဝိန်၊ စူပါ၊ ကျော်သူလင်း၊ ရှောက်ပွင့်တို့ ပါဝင်ကြသည်။ ပြိုင်ပွဲတွင် ရန်ကုန်လူရွှင်တော်အသင်းက မန္တလေးလူရွှင်တော်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မုံရွာမြို့တွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းနှင့် စနစ်တကျမောင်းနှင်ခြင်း သင်တန်းဖွင့်လှစ်

**မုံရွာ ဇူလိုင် ၂၄**

တိုင်းဒေသကြီးအတွင်း စည်ပင်သာယာနယ်နိမိတ်များတွင် အသုံးပြုမည့် စည်ပင်သာယာရေးကော်မတီပိုင် မော်တော်ယာဉ်များ စနစ်တကျအသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းနှင့် စနစ်တကျမောင်းနှင်ခြင်းသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီများအနေဖြင့် မြို့သာယာလှပရေးအတွက် သန့်ရှင်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိသော အမှိုက်သိမ်းယာဉ်များကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးနှင့် ကြာရှည်စွာအသုံးပြုနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့တဲ့ အမှိုက်သိမ်းယာဉ်တွေကို စနစ်တကျမောင်းနှင်ဖို့နဲ့ ပြုပြင်ထိန်းသိမ်းနည်းတွေကို သင်တန်းပေးတာပါ။

"မြို့နယ် ၁၆ မြို့နယ်မှာ အသုံးပြုမှာဖြစ်တဲ့အတွက် အဲဒီယာဉ်တွေကို မောင်းနှင်မဲ့ ယာဉ်မောင်း ၂၃ ဦးကိုခေါ်ပြီး သင်တန်းပေးတာပါ" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းနှင့် စနစ်တကျမောင်းနှင်ခြင်းသင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ် စိုက်ကွက်များ ကွင်းဆင်းကြည့်ရှု



**မုံရွာ ဇူလိုင် ၂၄**
တိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ ပြောင်းလဲလာသည့် ရာသီဥတု၊ ရေ မြေသဘာဝတို့နှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်းပြီး မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများကို ဇူလိုင်လအတွင်း စတင်စိုက်ပျိုးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး (Seed Grower Association) များ ဖွဲ့စည်းပြီး ဇူလိုင်လဆန်းပိုင်းတွင် မျိုးစေ့များကို ဖြန့်ဝေပေးခဲ့ရာ အကျိုးဆောင်တောင်သူများက ပျိုးထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

"မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်ဖို့စိုက်တဲ့ စပါးခင်းတွေက သိပ္ပံနည်းကျစိုက်ပျိုးခြင်းနဲ့ မတူပါဘူး။ မျိုးစေ့ထုတ်ဖို့ရာဖြစ်တဲ့အတွက် ပျိုးပင်ခြောက်တန်းစိုက် တစ်တန်းလှပ်စနစ်နဲ့ စိုက်ပျိုးရတာပါ၊ အကျိုးဆောင်တောင်သူတွေကိုတော့ အသိပညာပေးထားပြီးသားပါ။ စိုက်ပျိုးတဲ့အချိန်မှာလည်း ကောက်ကွက်ပြည့်မီရေး၊ စိုက်နည်းမှန်ကန်ဖို့အတွက် လိုအပ်တဲ့ အသိပညာပေးမှုတွေကိုလုပ်နိုင်ဖို့ ကွင်းဆင်းပြီး ကြည့်ရှုတာပါ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများစိုက်ပျိုးနေမှုကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးဦးဝင်းမြင့်၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်နှင့် တာဝန်ရှိသူများက ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းတွင် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာရှိ တောင်သူဦးရွှေဝင်းပိုင် အကွက်အမှတ် (၈၆၈/ခ) တွင် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း ဧက ၄၀ စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းဧက ၁၂၃၀ ဧက စိုက်ပျိုးရန်လျာထားလျက်ရှိရာ ဇူလိုင် ၂၂ ရက်ထိ ၇၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

# မန္တလေးမြို့ရှိ ဆေးဝါးလက်လီလက်ကားရောင်းချသူများနှင့် တွေ့ဆုံ၍စနစ်တကျသိုလှောင်ရောင်းချရေး ဆွေးနွေး

**မန္တလေး ဇူလိုင် ၂၄**
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ)နှင့် မန္တလေးခရိုင်အတွင်းရှိ ဆေးဝါးလက်လီ၊ လက်ကားရောင်းချသူများ၊ ဆေးကုမ္ပဏီများ၊ ပုဂ္ဂလိကဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်များနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီဇင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူးက အများပြည်သူတို့ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံဆေးဝါးဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ရောနှောဆေးဝါးများ၊ ဘေးဥပါဒ်ဖြစ်စေနိုင်သည့်ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်နှင့် လိုင်စင်ပါ စည်းကမ်းများ လိုက်နာရန်ပျက်ကွက်ပါက ပြစ်မှုနှင့် ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဒေါက်တာဇင်ဇင်နွယ်က ဆေးဝါး၏အရည်အသွေးအာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှုသည် ဆေးဝါးသိုလှောင်သိမ်းဆည်းမှုစနစ်တွင် မူတည်နေ၍ သိုလှောင်သိမ်းဆည်းမှုမကောင်းပါက အရည်အသွေးပျက်ပြယ်နိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်၍ ဆေးဝါးများအား စနစ်တကျ သိုလှောင်သိမ်းဆည်း ရောင်းချရေးကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် ဆေးကုမ္ပဏီများ၊ ဆေးဆိုင်ပိုင်ရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

သုံးစွဲနေသောဆေးဝါးများတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိလျှင်သော်လည်းကောင်း၊ သုံးစွဲနေကျဆေးဝါးများ၏အရည်အသွေးကို သံသယဖြစ်လျှင်သော်လည်းကောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ၃၅ လမ်း ၆၃ လမ်းနှင့် ၆၄ လမ်းကြား မဟာအောင်မြေမြို့နယ် ဖုန်း ၀၂-၆၂၁၁၈ သို့လည်းကောင်း ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

■

## မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲ မယ်စဲ့၌ကျင်းပ

**မယ်စဲ့ ဇူလိုင် ၂၄**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် မီးသတ်ဦးစီးဌာနမှ ပြုလုပ်သည့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲက မယ်စဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်စိုးက မီးဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနစ်နာမှုများနှင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် မည်ကဲ့သို့ ကြိုတင်ဆောင်ရွက်ထားရှိရမည့်အကြောင်းနှင့် မီးဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက မည်ကဲ့သို့ လုပ်ဆောင်ရမည်များကို အသိပညာပေး ဟောပြောခဲ့သည်။ **ကိုစိုင်း(လွိုင်ကော်)**

## ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး

**လယ်ဝေး ဇူလိုင် ၂၄**
လယ်ဝေးမြို့နယ်အတွင်းရှိ ဆိုင်ကယ်မောင်းနှင်သူများနှင့် ကားမောင်းနှင်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေးခြင်းကို ဇူလိုင် ၂၁ ရက်က လယ်ဝေးမြို့ အမှတ် (၂)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူကျောင်းအနီး၌ ဆောင်ရွက်ခဲ့သည်။ ယင်းသို့စစ်ဆေးရာတွင် လယ်ဝေးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၇)မှ ဒုရဲအုပ် သူရအောင်ဦးစီး၍ အထွေထွေအုပ်ချုပ်ရေးမှူးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မော်တော်ယာဉ်ထိန်းသိမ်းရေးဝန်ထမ်းများက ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် ရှိ-မရှိ၊ဆိုင်ကယ်ဦးထုပ်များအား စစ်ဆေးခဲ့ကြပြီး ပညာပေးစာစောင်များ ဖြန့်ဝေခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီ ဖွဲ့စည်း

**ကျောင်းကုန်း ဇူလိုင် ၂၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန်အတွက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့အား မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများနှင့်အတူ စီမံကိန်းဝန်ထမ်းများက သွားရောက်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## အခြေခံပညာကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**သရက်ချောင်း ဇူလိုင် ၂၄**
မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရပြုလုပ်သော အခြေခံပညာကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက သရက်ချောင်းမြို့အားကစားရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းနှစ်သင်းဖြစ်သည့် ကျွဲဇပ် အ. ထ. က(ခွဲ)ကျောင်းနှင့် ကမြိုင် အ. ထ. က ကျောင်းတို့မှ ယှဉ်ပြိုင်ကစားကြရာ ကမြိုင်အသင်းက ကျွဲဇပ်အသင်းကို ၃ ပွဲဆက်တိုက် အနိုင်ရရှိခဲ့သဖြင့် ကမြိုင်အသင်းက ပထမရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ရာ ပြိုင်ပွဲတစ်လျှောက်တွင် အကောင်းဆုံး ကစားသမားဆုအား မြို့နယ်လက်ထောက်ပညာရေးမှူး ဦးခင်မောင်စိုးကလည်းကောင်း၊ ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျွဲဇပ် အ. ထ. က (ခွဲ) အသင်းအား ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးကလည်းကောင်း၊ ပထမဆုရရှိသော ကမြိုင် အ. ထ. က အသင်းအား ပထမဆုနှင့် ဒိုင်းဆုကို ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုကလည်းကောင်း ဆုများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ကန်ကြီးထောင့် ဇူလိုင် ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးစိန်ဆန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး စုစုပေါင်းအင်အား ၂၀ တို့လိုက်ပါ၍ ကန်ကြီးထောင့်မြို့မဈေးရှိ သားငါးဆိုင်များ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဆိုင်များ၊ ငါး၊ ပုစွန်ခြောက်ဆိုင်များ၊ ကုန်မျိုးစုံဆိုင်များ၊ မုန့်မျိုးစုံဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များတွင် ရောင်းချနေသော ပစ္စည်းများတွင် ကြာရှည်ခံဆေးဝါး (ဖော်မလင်း)များ သုံးစွဲမှုရှိ-မရှိ၊ စံမမီဆီများ ရောင်းချမှုရှိ-မရှိ၊ အရောင်တင်အမှုန့်များ သုံးစွဲထားခြင်းရှိ-မရှိ၊ အလေးချိန်ခွင် ပြည့်ဝမှုရှိ-မရှိ၊ အသီးအနှံများတွင် ဓာတုဆေးဝါးဆိုးဆေးများ သုံးထားခြင်းရှိ-မရှိ၊ ရက်လွန်အစားအသောက်များ ရောင်းချခြင်းရှိ-မရှိ၊ မုန့်များတွင် ကြာရှည်ခံဆိုးဆေးများ သုံးစွဲထားခြင်းရှိ-မရှိနှင့် စားသုံးသူများ အဆင်ပြေစေရန် ချက်ပြုတ်ကြော်လှော်သည့်နေရာများနှင့် အနီးဝန်းကျင် သန့်ရှင်းမှုရှိ-မရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ-မရှိ လိုက်လံစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အသိပညာပေးခြင်းများကိုဆောင်ရွက်ခဲ့ကာ စားသုံးသူအသိပညာပေးရေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍လည်း စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများ အစားအသောက်ကို ဘေးအန္တရာယ်ကင်းကင်း စားသောက်နိုင်ရန်၊ ရောဂါဘယများမှကင်းဝေးကာ မိမိတို့နေ့စဉ်စားသောက်မှုများအတွက် အကာအကွယ်ပေးထားသော ဥပဒေအကြောင်းများကို ပြည်သူများနှင့် ဈေးဆိုင်ပိုင်ရှင်များထံသို့ ကွင်းဆင်းအသိပညာပေးဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

# မြန်မာ့မီးရထားနှင့် အချိန်ပြဿနာ

à ကိုကိုညိမ်း(ကောလင်း)




မြန်မာ့မီးရထားသည် စစ်ကြိုခေတ်က ကမ္ဘာ့အရှေ့တစ်လွှားတွင် အမြန်ဆုံးမီးရထားလမ်း (Fastest Meter Gague Railways in the East) အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ထိုစဉ်က မီးရထားဝန်ထမ်းတိုင်းက အချိန်ကိုတန်ဖိုးထားဂရုစိုက်ခဲ့ကြသည်။ မိမိတို့ကြီးကြပ်နယ်မြေဘူတာရပ်ဝန်းအတွင်း ညနေ ၄ နာရီတွင် အချိန်အတိအကျ တစ်ပြေးညီတိုက်နိုင်ရန် Time Signal အချက်ပေးခဲ့သည်။ ဘူတာရုံပိုင်များက မိမိတို့ဘူတာရှိ နာရီကို ဂရုတစိုက်တိုက်ကြသည်။ မြို့တွင်းရှိလူတို့ကလည်း ဘူတာနာရီကို 'စံ'အဖြစ် သတ်မှတ်၍ မိမိတို့နာရီကို အချိန်တိုက်ကြသည်။ ရထားများကလည်း ဘူတာစဉ်အလိုက် အချိန်မှန်ပြေးဆွဲကြ၍ ဖြတ်သန်းရာကျေးရွာများလည်း ဖြတ်သန်းချိန်ကိုသတ်မှတ်၍ မိမိတို့ကျေးရွာနာရီအချိန်ကို 'စံ' ပြုလုပ်ကြသည်အထိ မြန်မာ့မီးရထားနာရီချိန်က အလေးဂရုပြုစရာဖြစ်ခဲ့ရသည်။ တစ်နိုင်ငံလုံးက မီးရထားဘူတာနာရီကို 'စံ'သတ်မှတ်ခဲ့ကြသည်။

မြန်မာ့မီးရထားနှင့်အချိန်၊ အချိန်နှင့်မြန်မာ့မီးရထားသည် စွယ်တော်ရွက်ပမာ အချိန်က 'စံ'အဖြစ်နေရာယူခဲ့သည်။ မြန်မာ့မီးရထားအထွေထွေနည်းဥပဒေ GSR အပိုဒ် (၈၅) တွင် လူစီးရထားကို 'သတ်မှတ်ကြေညာထားသည့်အချိန်ထက်စော၍ထွက်ခွာခြင်းမပြုရ' ဟူ၍ တိတိပပသတ်မှတ်ခဲ့သည်။

မြန်မာ့မီးရထားဝင်ချိန်ထွက်ချိန်ကို တစ်နှစ်အတွင်း သတ်မှတ်ချိန် အချိန်ပြဇယားတွင် ထင်သာမြင်သာချိတ်ဆွဲထားသည်။ နေ့စဉ်ဝင်ချိန်၊ ထွက်ချိန်ကိုလည်း ခရီးလမ်းဆုံးမှ ဝင်/ထွက်ချိန်ကိုမှီငြမ်းပြီး ရုံပိုင်၊ ဒုရုံပိုင်တို့က အချိန်ပြဇယားတွင်ရေးမှတ်၍ သွားလာမည့်ခရီးသည်ကို အသိပေးကြေညာသည်။

လိုက်ပါသောခရီးသည်က ရထားဝင်/ထွက်ချိန်ကိုကြည့်ပြီး မိမိတို့ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုဆောင်ရွက်ကြသည်။ ယနေ့ခေတ်တွင် ရထားစီးခရီးသည်များအနေဖြင့် များစွာဒုက္ခရောက်ရသည်။ လက်မှတ်ဝယ်ပြီး ရထားမမီလိုက်သည့်ခရီးသည်များလည်း ကြုံဖူးသည်။ ရထားမရောက်သေး၍ ဘူတာရုံတွင် အလုပ်ပျက်အကိုင်ပျက် စောင့်ကြရသူများလည်းတွေ့ဖူးသည်။ ရထားချိန်၏လွဲချော်မှုက တစ်ဆယ်မိနစ် ဝန်းကျင်သာမက နာရီပေါင်း ၃-၄ နာရီကြာအောင်ကွာခြားမှုသည် ရထားစီးခရီးသည်တိုင်း ရင်ဆိုင်ကြရသော 'အချိန်ပြဿနာ'ဖြစ်သည်။

ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီ စစ်ကြိုခေတ်က မြန်မာ့မီးရထား၏အချိန်များ တိကျခဲ့သည်။ ဘူတာရုံဝန်ထမ်း၊ စက်ခေါင်းမောင်း၊ ဂါတ်ဗိုလ်တို့အားလုံးက တိကျမှု၊ မှန်ကန်မှုကိုတန်ဖိုးထားပြီး မီးရထား ဝင်ချိန်၊ ထွက်ချိန်ကို အလေးကဲကြသည်။ မီးရထားနောက်ကျမှုအတွက် တွဲတွင်တာဝန်ကျသော တွဲထိန်း၊ ဂါတ်ဗိုလ်တို့က ဘူတာစဉ်ရောက်လျှင် ရှက်တတ်ကြသည်။ မိမိလုပ်ငန်းဝန်ဆောင်မှု၏ ပျော့ကွက်၊ ဟာကွက်အပေါ် ရှက်သွေးဖြာကြရသည်။ ရထားဝင်ချိန်ထွက်ချိန် လက်မှတ်ရေးရခြင်း၊ မိမိ၏အစီရင်ခံစာ အချိန်ကားချပ်တွင် နာရီ၊ မိနစ် ရေးသားမှတ်သားရခြင်းကိုပင် လက်ရွံ့ခဲ့ကြရသည်။

စစ်ကြိုခေတ် မြန်မာ့မီးရထားမျက်နှာစာတွင် အမှတ် (၁)အဆန် ရန်ကုန်-မန္တလေးစာပို့ရထားကို ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီတွင်ထွက်သည်။ လမ်းခရီးကြား ပဲခူး၊ ပြွန်တန်ဆာဘူတာတို့တွင်ရပ်ပြီး ပြွန်တန်ဆာဘူတာ၌ ခရီးသည်များညစာစားရန် မိနစ် ၃၀ ရပ်နားပေးသည်။ မီးရထားရပ်နားချိန် တွဲစစ်အဖွဲ့က တွဲစစ်ရသည်။ ရေနွေးငွေ့စက်ခေါင်းမောင်းက လိုအပ်သောရေကို စက်ခေါင်းသို့ထည့်ရသည်။

ထိုစဉ်က မြန်မာ့မီးရထားစက်ခေါင်းကိုလည်း ဂရုစိုက်မောင်းနှင်သကဲ့သို့ ရထားဝင်ချိန်၊ ထွက်ချိန်ကလည်း တိကျခဲ့သည်။ အထက်အာဏာပိုင်က ရထားဝင်ထွက်မှုကို ကြားဖြတ်ဝင်ရောက်၍ပြောဆိုမှုကို လက်မခံပါ။ ရထားအချိန်မှန်မလွှတ်နိုင်လျှင် နောက်နေ့၌ အထက်သို့ဆင့်ကဲဆင့်ကဲ ဖြေရှင်းချက်ပေးရသည်။ အချိန်ကိုပဓာနထားပြီး လုပ်ငန်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရသည်။

ရထားထွက်ချိန်နှင့်ပတ်သက်၍ ရေနံချောင်းဘီအိုစီကုမ္ပဏီမှ မျက်နှာဖြူအရာရှိတစ်ဦးက ရထားလေးမိနစ်စောထွက်ချိန်နှင့် ကြုံသည်။ မျက်နှာဖြူအရာရှိဘူတာမဝင်မီ အခြေအနေကိုသိသော ဘူတာရုံပိုင်လေးက ဘူတာနာရီကို ကပျာကသီဖြင့် လေးမိနစ်တိုးလှည့်ထားလိုက်ရာ မူလရထားထွက်ချိန်သို့ရောက်သွားသည်။ ဘူတာတွင်းသို့ရောက်သောခရီးသည် မျက်နှာဖြူအရာရှိက ဘူတာရုံနာရီကိုကြည့်ရာ အချိန်မှန်ဖြစ်နေပြီး သူ့လက်မှနာရီကိုကြည့်ရာ လေးမိနစ်နောက်ကျနေသည်။ ထို့ကြောင့် ဘူတာအချိန် နောက်ကျမှုကိုစိတ်ဆိုးပြီး သူ့လက်ပတ်နာရီကို ပေါက်ပစ်လိုက်သည်။ ခရီးသည်မျက်နှာဖြူအရာရှိဘူတာကပြန်သွားချိန်မှ ဘူတာရုံပိုင်လေးက အချိန်ကိုပြန်ပြင်၍ နောက်ဆုတ်လိုက်ရသည်။ အချိန်ကိုလေးစားသော နိုင်ငံခြားသား မျက်နှာဖြူအရာရှိ၏ ပြဿနာကို မရိုးမသား ဤကဲ့သို့ဖြေရှင်းလိုက်သည်။

ဤဖြစ်ရပ်ကလေးကိုကြည့်၍ အချိန်ကိုလေးစားသော၊ အချိန်ကိုတန်ဖိုးထားသော နိုင်ငံခြားသားလူမျိုးခြားတို့၏ စိတ်ဓာတ်ကို လေးစားသင့်သည်။

မြန်မာ့မီးရထားဘူတာရုံသို့ အချိန်နှင့်တစ်ပြေးညီ တိတိကျကျရောက်လျှင် ဒေသခံပြည်သူ၊ ရွာမိရွာဖ၊ ရပ်မိရပ်ဖများက စက်ခေါင်းမောင်းနှင့် ဂါတ်ဗိုလ်တို့ကို ဘူတာရုံများ၌ ပန်းကုံးစွပ်၍ဂုဏ်ပြုသော အလေ့အကျင့်ရှိခဲ့ကြောင်းလည်း စစ်ကြိုခေတ် ရှေ့မီနောက်မီ မီးရထားဝန်ထမ်းကြီးများကပြောပြ၍ သိခွင့်ရခဲ့သည်။

မြန်မာ့မီးရထားအချိန်မှန်မှုတွင် စက်ပိုင်း၊ အင်ဂျင်ပိုင်းဆိုင်ရာလိုအပ်သကဲ့သို့ ရထားအချိန်စာရင်းအတိုင်း လက်မှတ်ရောင်းချသူဘက်ကလည်း တိကျမှန်ကန်ရန်လိုအပ်သည်။ ခရီးသည်နှင့်ဆက်ဆံရေး အဆင်ပြေဖို့လိုသည်။ ခရီးသည်များ ပစ္စည်းသယ်ယူစနစ်မှန်ဖို့လိုသည်။ ဘူတာဝန်ထမ်းများ စည်းကမ်းတိကျဖို့လိုသည်။ ရထားလိုက်ဝန်ထမ်းများ စည်းကမ်းရှိဖို့လိုသည်။ အုပ်ချုပ်ရေးအဖွဲ့က အဆင့်ဆင့် ညွှန်ကြားလွှာများကို လိုက်နာခြင်းဖြင့် နိုင်ငံဝန်ထမ်းကောင်းဖြစ်ဖို့လိုသည်။

ရထားများ ဘူတာရုံမှ အဝင်အထွက်ကို တာဝန်ကျရုံပိုင်ချုပ်ကြီး ရုံပိုင်ကြီး(အထူး)၊ ရုံပိုင်၊ ဒုတိယရုံပိုင်များနှင့် လက်မှတ်ရောင်းများ၏ကဏ္ဍက ဘက်ပေါင်းစုံတိကျနိုင်ဖို့လိုသည်။ မြန်မာ့မီးရထားဘူတာရှိ အဆင့်ဆင့်သောဝန်ထမ်းများဘက်မှ တိကျပြတ်သားဖို့လိုအပ်သကဲ့သို့ ခရီးသည်များအပိုင်းကလည်း အချိန်နှင့်တစ်ပြေးညီ ရထားစီးနင်းလိုက်ပါနိုင်ရန် ဘူတာရုံသို့ ကြိုတင်ရောက်ရှိနေရန် လိုအပ်သည်။

မြန်မာ့မီးရထားနှင့် အချိန်ပြဿနာကို ဒီမိုကရေစီလမ်းကြောင်းပေါ်ဝယ် ပြောင်းလဲချိန်တန်၍ ပြောင်းလဲမှုအပေါ် ပြည်သူနှင့် နိစ္စဓူဝ ထိတွေ့ဆက်ဆံနေရသော မြန်မာ့ရထားဘူတာ၊ မြန်မာ့မီးရထားနှင့် အချိန်တို့၏ တိကျရေရာမှု၊ မှန်ကန်မှုများက စိန်ခေါ်နေဆဲပင်။

> ဒုတိယကမ္ဘာစစ်မဖြစ်မီ စစ်ကြိုခေတ်က မြန်မာ့မီးရထား၏ အချိန်များ တိကျခဲ့သည်။ ဘူတာရုံဝန်ထမ်း၊ စက်ခေါင်းမောင်း၊ ဂါတ်ဗိုလ်တို့အားလုံးက . . .

# ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် သစ်မာပင်များ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာအတွင်းရှိ အိမ်ထောင်စု ၂၅၁ စု၊ လူဦးရေ ၁၀၁၄ ဦးအတွက် တစ်အိမ်ထောင်လျှင် ကျွန်းပင် သုံးပင်နှင့် သစ်မာပင်များ စိုက်ပျိုးပေးခြင်းနှင့် ပျိုးပင်များပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်မိုးနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျွန်းပင် ၃၉၀၊ မဟော်ဂနီ ၂၅ ပင်၊ ခရေ ၁၀ ပင်၊ ပိတောက် ၁၀ ပင်နှင့် စိန်ပန်း ၁၀ ပင် စုစုပေါင်း ၄၄၅ ပင်အား တပျော်တပါး ပေးအပ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ရွှေရဲရင့်)

# မြောင်းမြတွင် ကျေးရွာမြေငှားဂရန် ကွင်းဆင်းထုတ်ပေး

**မြောင်းမြ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြရာ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ရွာသာကြီးကျေးရွာအုပ်စု ငွေးပင်ညွန့်ကျေးရွာနေ ပြည်သူများအား ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြေငှားဂရန်စာချုပ်များ ပေးအပ်ခဲ့သည်။

အဆိုပါ မြေငှားဂရန်ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ကျေးရွာမြေငှားဂရန်လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ တစ်မြို့နယ်လျှင် တစ်ရွာစီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာပြည်သူများအနေဖြင့် မိမိနေထိုင်သည့် မြေပေါ်တွင် အခိုင်အမာနေထိုင်နိုင်ရေးအတွက် မြေဂရန်များချထားပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရွာသာကြီးကျေးရွာအုပ်စု ငွေးပင်ကျကျေးရွာ ၌ မြေငှားဂရန် လျှောက်ထားရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့် မြေငှားဂရန်ရရှိသူ ၅၄ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တာဝန်ရှိသူများက ကျေးရွာပြည်သူများ လက်ဝယ်အရောက် မြေငှားဂရန်များ ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

အောင်မင်း (မြောင်းမြ)

# ပရဟိတ ပင်းတယမှ မနောဖြူစင် နှလုံးသားပိုင်ရှင်များ

**à** ဒေါက်တာမြင့်ဦး(ထွေကု-ထီလာ)

ကျွန်တော်သည် ယခုနှစ်နွေရာသီတွင်လည်း ကျွန်တော်၏ ကျန်းမာရေးအတွက် အယ်နီညိုရာသီရဲ့ အပူပြင်းဆုံး အန္တရာယ်ကို ရှောင်ရှားရန်အတွက် ကလောမြို့သို့ တစ်ဖန်ပြန်ရောက်ခဲ့ရပါသည်။ ကလောမြို့သည်လည်း ယခုနှစ်တွင် မနှစ်ကထက် အပူချိန်မြင့်တက်ကာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ချွေးတစိုစိုနှင့် နေခဲ့ရပေသည်။ ညဘက်တွင်တော့ အိပ်ကောင်းလောက်အောင် အအေးဓာတ်ခံရှိခဲ့ပေသည်။

ကျွန်တော်သည် ကလောမြို့သို့ရောက်စဉ် မနှစ်ကကြည့်ခဲ့သော ကလောမြို့ရဲ့ သက်ကြီးကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးသောနေ့တွင် သက်ကြီးများအား သွေးချို၊ သွေးတိုး၊ ဒူးနာရောဂါများအတွက် ကျန်းမာရေးပညာပေးခြင်း၊ မသိတာများ ဖြေကြားခြင်း (ဥပမာ ဆရာကြီးက သွေးချိုကို သရက်သီး၊ အချိုမစားရ။ ဒါပေမယ့် သရက်သီးအချဉ်ကိုရော စားလို့ရသလား)၊ ဒူးနာလေ့ကျင့်ခန်း သင်ကြားပေးခြင်းနှင့် ကလောခရိုင်ဆေးရုံ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက် ပညာလုပ်အားပေးခဲ့ပါသည်။

ယင်းနေ့တွင် ယခင်နှစ်အတိုင်း အသက် ၆၀ အထက် လူနာ ၂၀၀ လာရောက်ပြသခဲ့ပြီး သတင်းစာ၊ ဂျာနယ်၊ Health Digest ဂျာနယ် အပါအဝင် စာစုံ ၂၁၀ ဝေငှခဲ့ပါသည်။ ယင်းသက်ကြီးလူနာများကလည်း လမ်းမှာ စာစောင်လိပ်များကိုင်ပြီးပြန်ရာ၊ သူများက မေးသောအခါလည်း "မနှစ်ကလာတဲ့ ဆရာဝန်ကြီးက ငါတို့ကို ပေးထားတာ"လို့ ပြောပြီး တပြုံးပြုံးနှင့် ပြန်သွားသော မြင်ကွင်းကလည်း ပီတိစားစရာပါ။

ယင်းနောက် တချို့သော လူနာများအား အိမ်တိုင်ရာရောက် သွားကြည့်ပေး၍လည်းကောင်း၊ တချို့က ကျွန်တော်ရှိသောနေရာသို့ ရောက်လာ၍ သူတို့၏ ကျန်းမာရေးကို နှစ်သိမ့်ဆွေးနွေး၊ အကြံပေး၊ လမ်းညွှန်ကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။

ယင်းနောက် ကလောမှာနေစဉ် ဧပြီ (၂၀၊ ၂၁၊၂၂) ရက်တို့က အမှတ်မထင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးများ ရွာခြင်း၊ မိုးသီးကြွေခြင်းများဖြစ်ခဲ့ပြီး ကလောမြို့တွင် မီးပျက်ခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ ယင်းအချိန်တွင် ဓာတ်ခဲနှင့်ဖွင့်သော ရေဒီယိုမှ မြန်မာပြည်အနှံ့ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကွက်ကျားကြီးခြင်းကြောင့် မြန်မာပြည် အလယ်ပိုင်း၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မြို့၊ ကျေးရွာ၊ ရပ်ကွက်အချို့ လေဘေးသင့်ဒုက္ခများ ကြုံတွေ့ရသော သတင်းများကြားရ၍ ကျွန်တော်တစ်ညလုံး စိတ်မကောင်းပါ၊ အသက်ဘေးအန္တရာယ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးရ၍ ကိုယ်ချင်းစာခဲ့ပါသည်။ မျက်စိထဲတွင်လည်း သူတို့ကြုံတွေ့နိုင်သည့် အန္တရာယ်အတွက် သောကပိုမိပါသည်။ တစ်ညလုံး အိပ်မပျော်ဘဲ မိုးစင်စင် လင်းခဲ့ပါသည်။

မိုးလင်းသည်နှင့် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးမှူးအဆင့် (၁) ဒေါ်ခင်စုကြည်အား ဖုန်းဆက်ပြီး လေဘေးသင့် ရွာများ၏ အခြေအနေများ၊ သတင်းများမေးပြီး ကျွန်တော်လည်း ကယ်ဆယ်ရေးတွင် ပါဝင်ချင်ကြောင်း အသိပေးရာ "ကျွန်မသကြန်ပြီးမှ ပင်းတယမြို့နယ်ဆေးရုံသို့ ပြောင်းရွှေ့ရောက်နေပါတယ်။ ပင်းတယမြို့နယ်မှာ အိမ်ပေါင်း ၃၉၀ လေဘေးသင့်သွားတယ်။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ကြက်ခြေနီ၊ မြို့မိမြို့ဖများ၊ ပရဟိတအဖွဲ့များနှင့် လူကြီးများ လာရောက်အားပေးပြီး ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းတွေလုပ်နေတယ်။ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း အင်အားနှင့် လုပ်နေပါတယ်။ လုပ်စရာတွေလည်း ကျန်နေပါတယ်။ ဆရာလည်း လာဖြစ်အောင်လာပါ။ ခု ပင်းတယဆရာဝန်ကြီးက အလွန်သဘောကောင်းပါတယ်။ အလုပ်လည်း မနားမနေ လုပ်နေတယ်။ ဆရာတို့နှစ်ဦးတွေ့ရင် သိပ်ကောင်းမှာ၊ ကျွန်မ ဆရာ့အကြောင်း ပြောထားပါတယ်။ ဆရာကလည်း ဆရာ့အကြောင်း ကြားသိထားပါတယ်လို့ ပြောပါတယ်။ အခုအစည်းအဝေးထိုင်နေပါတယ်" လို့ ဖုန်းဆက်ပါတယ်။

မွန်းလွဲ ၁၂နာရီခွဲလောက်မှာ ဆရာက ကျွန်တော့်ထံ တိုက်ရိုက်ဖုန်းဆက်ပါတယ်။ ယနေ့ အစည်းအဝေးတွေ ထိုင်နေတာတဲ့ ဖုန်းမဆက်ဖြစ်တာခွင့်လွှတ်ပါဆရာ ကျွန်တော် (၄-၅-၂၀၁၆) နံနက်မှာ တစ်ပွဲရှိပါတယ်။ နေ့လယ်၊ ညနေမှာ တစ်ပွဲရှိပါတယ်။ ညမှာ ရွာတစ်ရွာ ဟောပြောပွဲရှိပါတယ်။ ဆရာလာနိုင်မလား၊ ဟောပြောပွဲကို လိုက်မလားလို့ မေးပါတယ်။ ကျွန်တော်လည်း "ဆရာရေ လာရမှာပေ့ါ။ ညဟောပြောပွဲလည်း လိုက်မှာပါ။ ကျွန်တော် ကျေးလက် ဆရာဝန်ဘဝက အောက်လင်းဓာတ်မီးနဲ့ ကျန်းမာရေးပညာပေးဟောပြောပွဲတွေပြောခဲ့တာ ဆရာနဲ့အတူလိုက်တော့ အမှတ်တရ ဖြစ်တာပေ့ါ" လို့ ပြောခဲ့ပါတယ်။ ကျွန်တော့် အစီအစဉ်နှင့် ကျွန်တော်လာမယ်လို့ ပြောလိုက်ပါတယ်။

ကျွန်တော့်မိတ်ဆွေက လိုက်ပို့ပေးသဖြင့် (၄-၅-၂၀၁၆) နံနက် ၈နာရီမှာ သတင်းစာ၊ ဂျာနယ်အိတ်ကြီးနှင့်အတူ ပင်းတယကို ထွက်ခဲ့ပါတယ်။ ကလောမှ ပင်းတယသို့မိုင် ၃၀ ဝေးပါတယ်။ ပင်းတယသွား လမ်းလေးဟာ မြန်မာပြည်မှာ အလွန်လှပသော၊ သာယာ သောရှုခင်းများရှိသောလမ်းပါ။ လမ်းကလည်း ကောင်းပါတယ်။ တောင်တက် တောင်ဆင်းနှင့် တောင်ပေါ်မှမြင်ရသော လမ်းဘေးမြင်ကွင်း ရှုခင်းလေးတွေဟာ စိုက်ခင်းများ၊ လှေကားထစ်ပုံစံများနှင့် ပန်းချီကားတစ်ချပ်ပုံစံ ရှိပါတယ်။ လမ်းမှာလည်း ပွေးလှတိုက်နယ် ဆေးရုံနှင့် စာကြည့်တိုက်၊ မကြာခင်က ပင်းတယ ဆရာဝန်ကြီးနှင့် ဆရာချစ်ဦးညို စာပေဟောပြောပွဲ ကြော်ငြာစာများကပ်ထားတာကို တွေ့ရပါတယ်။ ပင်းတယမြို့သည် တစ်လမ်းလုံး တောင်ပေါ်တွေမှာ၊ လမ်းဘေးတွေမှာ စေတီတွေ၊ ဘုရားတွေ၊ ကျောင်းတွေ၊ ဇရပ်တွေ၊ ရေအိုးစင်နှင့် နှစ် ၁၀၀ ညောင်ပင်ကြီးတို့မှာ အလွန်လှပတင့်တယ်ပါတယ်။ မြို့အဝင်ရှုခင်းကတော့ ပင်းတယမြို့ကြီးက အလွန်လှပပြီး သစ်ပင်ပန်းပင်တွေနဲ့ မိုးကြီးရွာထားကာ အေးချမ်းစွာနှင့် ကြိုဆိုလျက်ပါပဲ။

ပင်းတယမြို့လေးရဲ့ သမိုင်းရာဇဝင်ကလည်း အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ပင်းတယမှာ နှစ်ပေါင်းများစွာ ကတည်းကရှိသော အလွန်သာယာလှပပြီး မြို့ကျက်သရေဆောင်သော ပုန်းတလုတ် ရေကန်ကြီးမှာ နတ်သမီး ခုနစ်ပါး ရေဆင်းချိုးရာ ရေကစားရင်း အချိန်လွန်သွားသဖြင့် ကန်အနီးမှာရှိသော ရွှေဥမင်ဂူထဲမှာ ဝင်နားခိုပုန်းနေရ၊ မနက်ကျ ပင့်ကူကြီးတစ်ကောင်က အပေါက်ကထွက်မရအောင် ပိတ်နေသဖြင့် တောကစားထွက်လာသော သုဓနုမင်းသားက အသံကြားရပြီး ပင့်ကူကြီးကို လေးနှင့်ပစ်သတ်လိုက်ရာ အကြီးဆုံးအစ်မကြီး ကတိအတိုင်း အငယ်ဆုံးနတ်သမီးလေးနှင့်ရခဲ့ကာ ယင်းပင့်ကူကြီးအား အောင်နိုင်ပြီး ပင့်ကူကိုရခဲ့သဖြင့် အစပထမပိုင်းမှာ (ပင့်ကူရ) လို့ အမည်တွင်ခဲ့ပြီး နောက်မှ ကာလရွေ့လျားကာ အများက ပင်းတယလို့ အမည်တွင်ခဲ့ကြောင်း သိခဲ့ရပေသည်။

ပင်းတယမြို့ အနေအထားမှာ ရေမျက်နှာပြင်အထက် ပေ ၃၈၈၀ တွင်ရှိသော အေးချမ်းသာယာလှပစိမ်းစိုသော တောင်ပေါ်မြို့လေး တစ်မြို့ဖြစ်ပေသည်။ ပင်းတယမြို့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ရှမ်းပြည်နယ်၏ မြို့တစ်မြို့အဖြစ် ထူးခြားစွာတည်ရှိသည်။ မြို့ပေါ်ရပ်ကွက် ၁၂ရပ်ကွက်၊ ရွာက ၁၃၈ ရွာ၊ လူဦးရေ ၈၃၈၁၈၊ မြို့ပေါ်တွင် လူဦးရေ ၁၇၉၈၇ ရှိလေသည်။ ပင်းတယဆေးရုံကလည်း လက်ရှိခုတင် ၅၀ ဆံ့ဆေးရုံဖြစ်ပြီး လက်ထောက် ဆရာဝန်နှစ်ဦးနှင့် မြို့နယ်ဆေးရုံတစ်ခု ဖွဲ့စည်းပုံအတိုင်း ရှိနေသည်။ မကြာခင် ခုတင် ၁၀၀ အဖြစ် အဆင့်မြှင့်တင်မည်ကိုလည်း ကြားသိရသည်။

ပင်းတယမြို့လေးတွင် ဓနု၊ ပလောင်၊ ပအို့ဝ်၊ တောင်ရိုး၊ ရှမ်းတိုင်းရင်းသားလူမျိုးများ အများဆုံး နေထိုင်သည်။ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးကို ဦးစားပေးသော လုပ်ငန်းဖြစ်သည်။ လက်ဖက်၊ ဂျုံ၊ ချင်း၊ အာလူး၊ လိမ္မော်၊ သရက် (နှစ်ရှည်) ပင်များ အဓိကစိုက်သည်။ ရာသီဥတုကလည်း မိုးလေဝသကောင်းကာ စွတ်စိုလျက်ရှိသည်။

ပင်းတယမြို့လေးကို မြန်မာပြည်အနှံ့မှာ စိတ်ပါဝင်စားစွာ လာရောက်လေ့လာသော အကြောင်းအရာမှာ ဗုဒ္ဓဘာသာဝင်တို့ မွေ့လျော်ရာ သာသနိကအဆောက်အအုံများ ရှိခြင်း၊ ရွှေဥမင်ဘုရား၊ ကံလုံဆရာတော်ကျောင်း၊ စကြာတောင်၊ ရှစ်သောင်းလေးထောင်ဘုရား၊ ဇော်ဂျီရေထွက်၊ ပုန်းတလုတ်ကန်နှင့် စိုက်ပျိုးရေးပညာ၊ တောင်တက်လုပ်ငန်းများ၊ ဘူမိဗေဒပညာရပ်များ၊ စိမ်းလန်းစိုပြည်အဖွဲ့များ၊ ပြည်တွင်း ပြည်ပ ဧည့်သည်များနှင့် တည်ငြိမ်အေးချမ်းစွာနှင့် တည်ရှိပါသည်။

ကျွန်တော်က ဆေးရုံလေးတွေကို ချစ်တတ်သဖြင့် ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေး ပေးခန်း၊ ကျေးလက်ဌာနခွဲတွေ၊ လမ်းဘေးမှာတွေ့သော မူလတန်းကျောင်းလေးတွေ၊ စာကြည့်တိုက်လေးတွေကို စိတ်ဝင်စားတယ်။ အခုလည်း ပင်းတယဆေးရုံဟာ အလွန်လှပသော ဆေးရုံတစ်ရုံအဖြစ် မြန်မာပြည်မှာ စံပြအဖြစ် မှတ်ယူပါတယ်။

ဆေးရုံရဲ့ ဖွဲ့စည်းပုံကတော့ ကျွန်တော် အလွန်သဘောကျပါတယ်။ ဆေးရုံမျက်နှာစာ၊ ဆရာဝန်ကြီးရုံးခန်း၊ ပြင်ပဌာန၊ ယောကျ်ား၊ မိန်းမ၊ ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်၊ ကလေးဆောင်နှင့် သူ့အခန်းနှင့်သူ လှပစွာ ဖွဲ့စည်းထားပါတယ်။ နောက် အခန်းတိုင်းမှာ လှပသော ပန်းချီကားတွေ၊ ဘုရားရှိခိုးခန်း၊ စာအုပ်စင်တွေနှင့် ထူးခြားစွာတည်ရှိပါတယ်။ နောက်လူနာများကလည်း သူတို့ဆရာကြီးအား အလွန်ချစ်ခင်သဖြင့် စည်းကမ်းနှင့်အညီနေထိုင်ပြီး မနက်တိုင်း ဆေးရုံသန့်ရှင်းရေးအလုပ်တွေ ပူးပေါင်းပါဝင်ဆောင်ရွက်တာတွေ့ရပါတယ်။ အိမ်သာကိုလည်း လူနာ၊ လူနာရှင်များ သန့်ရှင်းစွာသုံးစွဲသော အလေ့အကျင့်ကောင်းများကို တွေ့ရပါတယ်။ တိုင်းရင်းဆေးဌာန၊ မိခင်၊ ကလေးဌာန၊ သံဃာဆောင်၊ အစည်းအဝေးခန်းမနှင့် AMW စာသင်ဆောင်၊ နားနေဆောင်၊ ဆရာဝန်များအတွက်၊ ဝန်ထမ်းများအတွက် အိမ်ရာနှင့် ဝန်ထမ်းများပျော်ရွှင်စွာနေနိုင်သော ပတ်ဝန်းကျင်လေးကို နယ်မြေခံအုပ်ချုပ်သူများက ဖန်တီးပေးထားတာ ကျွန်တော့်တစ်သက် မတွေ့ဖူးပါ။ ဆရာကြီးအားလည်း ပံ့ပိုးထားပြီး ဆရာကြီး ဖြစ်ချင်တာတွေကို အောင်မြင်ရန် အပြည့်အဝ ကူညီထောက်ပံ့မှုတွေ ပေးထားတာ မယုံနိုင်စရာပါ။ ဒါကြောင့် ဆရာကြီးရဲ့ ပင်းတယမြို့ရဲ့ အိပ်မက်လေးတွေကို ကိုယ့်မြို့လိုသဘောထားပြီး စိတ်တိုင်းကျ အကောင်အထည်ဖော်နိုင်တာပဲလို့ မှတ်ချက်ချပါတယ်။

မြို့နယ်ဆရာဝန်ကြီးနာမည်က သန်းမင်းထွဋ်ပါ။ အသက်မကြီးသေးပါ။ ၄၄ နှစ်သာ ရှိပါသေးတယ်။ ဆရာကြီးက မြောင်းမြသား၊ ကျွန်တော်က ပုသိမ်သား၊ ဆရာကြီးဇာတိနဲ့ ရေမိုင် ၁၂ မိုင်ဝေးသော ကန်ရွာမှာ တိုက်နယ်ဆေးရုံ ဆောက်ခဲ့သော ရိုးသား၊ ကြိုးစားသော ဧရာဝတီတိုင်းသားနှစ်ဦး ရေစက်ဆုံ၍ တွေ့ဆုံကြခြင်းဖြစ်ပါတယ်။ နောက် ယင်းဆေးရုံမှာ ကျွန်တော်လူနာတွေအားပေး၊ ကျန်းမာရေးပညာပေးစကား ပြောကြားရာတွင်လည်း ဟင်္သာတမှာ ပင်စင်စားဆရာမကြီး ဒေါ်သန်းသန်းအေးနှင့် ဆေးရုံမှာ တွေ့ဆုံခြင်းကလည်း ရေစက်တစ်မျိုးပါ။ ဆရာမကြီးက ကျွန်တော်တို့အောက်ပြည်က အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ မြေးတစ်ဦးပါ။ ပင်းတယရောက်နေတာ ပျော်အားကြီးလို့ နှစ် ၄၀ ရှိနေပြီလို့ပြောပါတယ်။

ကျွန်တော် ဆရာကြီးဦးသန်းမင်းထွဋ်အကြောင်းကတော့ သီးသန့်မရေးတော့ပါ။ ဆရာကြီးက Hero ဆရာဝန်ပါ။ ဆရာဝန်ကြီးအကြောင်း သတင်းစာ၊ ဂျာနယ်တွေမှာ မီးအိမ်ရှင်မည်သော ဆရာဝန်တစ်ဦးပါ။ ယခုလည်း ၂၀၁၆ မေလ ၂၈ ရက်တွင် ပြည်သူ့ဂုဏ်ရည်ဆုချီးမြှင့်ခံရပါတယ်။ (မကြာခင် ပြည်သူချစ်သော ဆရာဝန်များအကြောင်း ရေးပါမည်။ )

ကျွန်တော် ဆရာနှင့်အတူ လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ခြင်းနှင့် ဟောပြောပွဲအကြောင်း ရေးပါမည်။ ကျွန်တော် ပင်းတယရောက်တာနဲ့ ဆရာနှင့် ဆေးရုံမှာ တွေ့ပါတယ်။ ကျွန်တော်ဆေးရုံကို လှည့်ပတ်ကြည့်ရှုနေစဉ် ဆရာကတော့ သူ့လူနာများအား Round လှည့်ပါသည်။ ထို့နောက် ခွဲစိတ်ရန် လူနာလေးယောက်ကို ခွဲစိတ်ရာ မွန်းလွဲ ၁ နာရီခွဲမှစပြီး ညနေ ၃ နာရီခွဲမှ ပြီးပါတယ်။ ဆက်ပြီး တောင်ကြီးမှလာသော အလှူရှင်များနှင့် ဆရာ့အိမ်တွင်တွေ့ဆုံပြီး သွားရောက်မည့် ကယ်ဆယ်ရေးပစ္စည်းများ ပေးမည့်ရွာများနှင့် ခရီးစဉ်ကို အတူတကွ ချပြအစီအစဉ်ဆွဲကာ ဆရာကိုယ်တိုင်ဦးဆောင်ပြီး ကံသာ၊ ကုန်းသာ၊ တာတိုင်၊ ကျောက်ပုလ္လင်၊ ရှားပြားရွာတွေကို တစ်ရွာပြီး တစ်ရွာသွားကာ လိုအပ်သော သောက်ရေသုံးရေပေးဝေခြင်း၊ နောက် အိမ်အမိုးလန်သွားသော အိမ်များအား သွပ်၊ အိမ်ရိုက်သံများပေးခြင်း၊ ထိုအစီအစဉ်တွင် တာတိုင်ဘုန်းကြီးကျောင်းသို့ ရောက်ရှိပါသည်။

ယင်းရွာရောက်ချိန်တွင် ကျွန်တော်တို့အဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်း ကားခုနစ်စီးနှင့် ညနေ ၅နာရီလောက်တွင် ရောက်ပါသည်။

ကျောင်းထိပ်တွင်လည်း အမိုးလန်နေသော မူလတန်းကျောင်းလေးကို တွေ့ခဲ့ရပါသည်။ ယင်းနောက် အမိုးလန်နေသော ကျောင်းဆောင်သစ်တစ်ခု တွေ့ခဲ့ပါသည်။ တကယ်တော့ ယင်းဘုန်းကြီးကျောင်းသည် နှစ်ပေါင်း ၁၀၀ ကျော် ရှိပြီဟု သိရပါသည်။ ရှေးဟောင်းကျောင်းကြီးသည် တိုင်များစွာရှိပြီး ရှေးဟောင်းလက်ရာ ခေါင်းလောင်းကြီးနှင့် ကျောင်းကြီးဖြစ်သည်။ ယင်းကျောင်းထိုင်ဆရာတော်လေးကလည်း မိဘဘိုးဘွားများ နေခဲ့သော ရွာသံယောဇဉ်ကြောင့် ပြန်ရောက်လာသော ဆရာလေးဖြစ်ကြောင်း သိရပါသည်။

ကျောင်းနှင့်နီးသော ရွာနီးချုပ်စပ်များအား နယ်မြေ အရန်သားဖွားဆရာမများက ဆိုင်ကယ်နှင့် သွားရောက်အကြောင်းကြားသဖြင့် ရွာမှ ကလေး၊ လူကြီးများအားလုံးက ဆိုင်ကယ်များဖြင့် ရေပုန်းဝါများ သယ်ဆောင်လာပြီး ပြန်ယူသွားသော မြင်ကွင်းသည် အလှူရှင်များအတွက်ဝမ်းသာအားရပီတိဖြစ်ခဲ့ရပါသည်။

ယင်းနောက် ဆက်လက်ပြီး အခြားသော ရွာများကို ရေလှူဒါန်းခြင်း၊ သွပ်ပြားများဝေငှခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ယင်းနောက် ည ၇နာရီတွင် ကျွန်တော်တို့ ဆရာဟောပြောပွဲလုပ်မည်ဖြစ်၍ ချုပ်ချက်ကျောင်းသို့သွားရာ ဆရာ့ကားနှင့် ကယ်ဆယ်ထောက်ပံ့ရေးအဖွဲ့နှင့် လမ်းလွဲသွားကာ ကျွန်တော်တို့ ဘော်ဆိုင်းသို့ ရောက်သွားသော ခရီးစဉ်သည် ပင်းတယမြို့ပေါ်မှ စီးမြင်ရသော ညမြင်ကွင်းကို ကျွန်တော့် တစ်သက်မမေ့နိုင်ပါ။ ဆရာကတော့ ခရီးစဉ်မှာ ပြောကြားသော စကားလေးတစ်ခုမှာ အခုဆရာမြင်ရတာ ဘာမှမဟုတ်၊ တိမ်တွေကအောက်မှာနေသော တောင်ပေါ်ခရီးစဉ်တွေ၊ မိုးတိမ်ထဲသို့ တက်သွားသော တောင်ပေါ်ခရီးစဉ်တွေ ဒီအရပ်တွင်ရှိကြောင်း ထူးခြားစွာမှတ်သားရပါသည်။ ကျွန်တော်တို့ခရီးစဉ်မှာ ပင်းတယနဲ့ ကလောနယ်စပ်မှာရှိသော သာစည်ဆိုသည့်ရွာလေးကို တောင်ပေါ်မှ မီးများလင်းလျက်မြင်ရသော မြင်ကွင်းသည် အလွန်လှပလျက်ရှိပါသည်။

ယင်းနောက် ကျွန်တော်တို့ ည ၈နာရီတွင် လမ်းမှန်ပြန်ရောက်ပြီး ပင်းတယသို့ ည ၈နာရီခွဲတွင် ပြန်ရောက်ပါသည်။ ထိုမှတစ်ဆင့် ၈ မိုင်ဝေးသော စာပေဟောပြောပွဲရှိရာ ကူးကော်တိုက်နယ် ချုပ်ချက်ကျောင်းသို့ ခရီးထွက်ခဲ့ပါသည်။ ချုပ်ချက်ကျောင်းသည် လမ်းခွဲမှ နှစ်မိုင်ခန့်ဝေးပါသည်။ ယင်းလမ်းခွဲတွင် အံ့ဩစရာမှာ ဆရာကနောက်ကျမည်ဖြစ်၍ ကြိုဆိုမှု မလုပ်ရန် ကြိုတင်မှာထားသော်လည်း ရွာသူရွာသားများသည် ဆိုင်ကယ်များ၊ ကားများ၊ အိုးစည်ဗုံမောင်းအဖွဲ့သားများနှင့် ကြိုဆိုမှုလုပ်သောမြင်ကွင်းမှာ ကျွန်တော့်တစ်သက် ဆရာဝန်တစ်ယောက်ကို ဒီလောက်တန်ဖိုးထားတာကို အံ့ဩရင်သပ်ရှုမောစရာဖြစ်ကာ ဆရာနှင့် ကျွန်တော်တို့ ကားရှေ့မှာ ဆိုင်ကယ်မီးများဖြင့် တစ်စီးနှင့်တစ်စီး ရှည်လျားစွာ ဦးဆောင်ခေါ်ဆောင်သွားသော မြင်ကွင်းက ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့ပါ။ နောက်မှာလည်း အိုးစည်ဗုံမောင်းကားကြီးကလည်း ထပ်ကြပ်မကွာ ကပ်ပြီးလိုက်ပါလျှက် ရွာထဲဝင်ရောက်ခဲ့ပါသည်။ **စာမျက်နှာ ၂၁ သို့**



## ပရဟိတပင်းတယမှမနောဖြူစင်နှလုံးသား...

စာမျက်နှာ ၂၀ မှ

ရွာကျောင်းသို့ အဝင်ဝရောက်သောအခါ ကြိုဆိုသောမုခ်ဦးနှင့် ခမ်းနားကြီးကျယ်ပြီး ကျောင်းသူ၊ ကျောင်းသားများ၊ ရွာသူ၊ ရွာသားများက လက်အုပ်ချီလျက် 'မင်္ဂလာပါဆရာကြီးရှင့်' လို့ ဓနုသံများဖြင့် ကြိုဆိုသော အသံများမှာ တောင်ပေါ်ကျောင်းကြီးမှ အထက်ဘဝဂ်တိုင်အောင် လျှံတက်လျက်ရှိပါသည်။ ကျွန်တော် အံ့ဩပြီးရင်း အံ့ဩကာ "ဒါမှ ပြည်သူချစ်သော ဆရာဝန်ကြီး"ကို မျက်ဝါးထင်ထင် ကိုယ်တိုင် တွေ့မြင်ခဲ့ရပါသည်။ ကျောင်းမှာလည်း ဟောပြောပွဲက အဖြူရောင်ပန်းပျိုးလက် လူမှုကူညီရေးပရဟိတအဖွဲ့မှ ဦးဆောင်ပြီးလုပ်သောပွဲဖြစ်ပြီး ယင်းပွဲတွင် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့်က 'မှတ်မိသမျှ မျှဝေခြင်း'၊ ဆရာကတော့ 'သူမြတ်တို့အကြောင်း' ဟောပြောခဲ့ပါသည်။ ည ၁၂ နာရီမှာ ဟောပြောပွဲပြီးပါသည်။ ကျွန်တော်တို့ ည ၁ နာရီကြမှ ပင်းတယဆေးရုံ ရောက်ပါသည်။ ဆရာကလည်း မနက်တွင် ကျန်သောခွဲစိတ်လူနာ နှစ်ဦးခွဲရန် ခွဲစိတ်ခန်းဝင်သွားပါသည်။

နောက်တစ်နေ့မနက်တွင် ဆေးရုံသို့ အင်းခေါင်း၊ စံသီးကုန်း၊ ဝါးပြား၊ စလယ်အင်း၊ ကျားကုန်းမှ အဖြူအဝါ၊ အစိမ်းရောင်စုံ ပရဟိတမှ သန့်ရှင်းရေးအတွက် လုပ်အားပေး အယောက် ၁၀၀ လောက် ရောက်ရှိလာပါသည်။ တကယ်ကို နှလုံးသားဖြူစင်သော၊ ရိုးသားသော၊ ကိုယ့်ဒေသ၊ ကိုယ့်မြို့ကို တိုးတက်လိုသော မျက်နှာများနှင့် ဆေးရုံကြီးဝင်းအတွင်း ပင်ပင်ပန်းပန်း မြောင်းဖောက်ခြင်း၊ သန့်ရှင်းရေးများ လုပ်ပါသည်။ ထို့နောက် ၁၁နာရီတွင် ဆက်ပြီး ပုန်းတလုပ်ရေကန်သို့ သွားရောက်ကာ ကန်ဆည်ခြင်းများကို မမောမပန်းလုပ်သော မြင်ကွင်းလေးကလည်း ပင်းတယမြို့ရဲ့ ဖြူစင်ရိုးသားသော စိတ်ဓာတ်နှင့် ပရဟိတအဖွဲ့များကို လေးစားဂုဏ်ယူပါသည်။

ပုန်းတလုတ်ကန်ကိုလည်း ယခုနှစ် ဧပြီ ၂၆ ရက်မှစတင်ပြီး စက်အား၊ လူအားနှင့် တူးဖော်နေပါသည်။ ပင်းတယတွင် ထူးခြားတာက လူမှုရေးပရဟိတအဖွဲ့ပေါင်း ၇၀ကျော် ရှိပါသည်။ အမှိုက်ကောက်တာမှအစ သစ်ပင်စိုက်တာ၊ ရွာတွေ လူနာသွားခေါ်တာ၊ ဆေးရုံဆင်း လူနာပြန်ပို့တာ၊ သွေးလှူတာတွေ ဆောင်ရွက်နေသော စိမ်းလန်းစိုပြည်နှင့် စသည့်အဖွဲ့တွေနှင့် ဦးဆောင်သော ရဟန်းသံဃာအဖွဲ့တွေကိုလည်း မြင်တွေ့ခဲ့ပါသည်။ ဆရာရဲ့ ဦးဆောင်မှုနှင့် ရပ်ကွက်ကြီးများ အလှူငွေလှည့်လည်ကောက်ခံခြင်း၊ ကမ္ဘောဇဘဏ်မှ သိန်း ၅၀၀ မတည်ငွေနှင့် ယခု သိန်း ၁၀၀၀ နီးပါး ရနေပါပြီး။ မကြာခင် မြို့ရဲ့ ကျက်သရေဆောင် အလှအပနှင့် ပုန်းတလုတ်ကန်ရဲ့ မြင်ကွင်းနှင့်အတူ စိတ်ကူးကြည့်ပါ။ နတ်ပြည်မှ ရေကန်အလား ရှိနိုင်ပါသည်။

ပင်းတယမြို့လေးသည် ကျွန်တော်ရောက်ဖူးသော မြို့များအနက် ထူးခြားတာက ပင်းတယ မြို့တည်ပုံ၊ မြို့ရဲ့ အုပ်ချုပ်ပုံထူးခြားခြင်း၊ ဓနု၊ ပလောင်၊ ပအို့ဝ်၊ တောင်ရိုးလူမျိုး၊ ရှမ်းလူမျိုးတို့ ပန်းပေါင်းစုံ ဥယျာဉ်သဖွယ် ချစ်ခင်ရင်းနှီးစွာ နေထိုင်စားသောက်မှုတွေ၊ သူတို့မြို့၊ သူတို့ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပပြီး သူတို့အရပ်ဒေသ၊ သူတို့နယ်မြေ၊ သူတို့တိုးတက်ရေးအတွက် ဖြူစင်သော စိတ်ဓာတ်၊ ပရဟိတလုပ်ငန်းများဖြင့် အောင်မြင်အောင် တည်ဆောက်နေသည်မှာ မိမိတို့မြို့ သာယာလှပတိုးတက်ဖွံ့ဖြိုးရေးသို့ ရောက်ရှိမည်ကို ယုံကြည်လျက်ပါ။

ကျွန်တော်ရောက်စဉ် အစစအရာရာ လိုလေသေးမရှိအောင် ကူညီပံ့ပိုးသော မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းမင်းထွဋ်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ ဆေးရုံဝန်ထမ်းများ၊ ကျန်းမာရေးမှူး(၁) ဒေါ်ခင်စုကြည်၊ ဦးမိုးဝင်းဇော်(အကြီးတန်းရုံးစာရေးကြီး)၊ ကျေးရွာရှိ AMW များ၊ ဦးသီလဝံသ(ပန်းထင်ကူကျောင်း)၊ ပြည့်ဖြိုးအောင်(ဘက်စုံ)၊ နီသူယုနိုင် (စိတ်တူကိုယ်တူလူငယ်များကွန်ယက်)၊ ဦးထိန်လင်း(ညောင်ညိုရိပ်ချစ်သူများ ပရဟိတအဖွဲ့)နှင့် ကျန်အဖွဲ့သူ အဖွဲ့သားများ၊ မြို့သူမြို့သား၊ ကျေးရွာသူ ကျေးရွာသားအားလုံးအား အထူးကျေးဇူးတင်လျက်ရှိပါကြောင်း မှတ်တမ်းပြုပါသည်။ မနောဖြူစင် ပင်းတယကမ္ဘာတည်သရွေ့ ထာဝရ လှပပျော်ရွှင်သော မြို့ကလေးအဖြစ် ဂုဏ်ယူနိုင်ပါစေ။

# မြန်မာအသားစားကြက်မွေးမြူရေးနှင့် အေးခဲအသားတင်သွင်းမှု

à မောင်မောင်ကျော်

မြန်မာအသားစား ကြက်မွေးမြူရေးနှင့် ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် နိုင်ငံခြားမှ အေးခဲအသားများ တင်သွင်းသင့်၊ မသွင်းသင့် ပြည်သူများ လေ့လာသုံးသပ်နိုင်ရန် လက်ရှိ မြန်မာ အသားစားကြက် မွေးမြူရေးအခြေအနေ သုံးသပ်ချက်များကို တင်ပြခြင်းဖြစ်ပါသည်။

**ကြက်သားပေါက်ကဏ္ဍ**

နိုင်ငံသားများ စားသုံးနိုင်ရန်အတွက် အသားစားကြက်ပေါက် ထုတ်လုပ်ခြင်းသည် မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့် အလျှင်အမြန် တိုးတက်လျက်ရှိနေပါသည်။ ယခင်က နိုင်ငံခြားကြက်သားပေါက် တင်သွင်းခြင်းများကို မှီခိုနေရသော်လည်း ယခုအခါ မြန်မာနိုင်ငံအတွင်းတွင် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်နေပြီ ဖြစ်ပါသည်။

ကြက်သားပေါက်ဈေးနှုန်း ကျပ် ၄၅၀၊ ၅၀၀ ဝန်းကျင်သာရှိခြင်းသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အတော်အတန်ပင် သက်သာမှု ရှိနေပါသည်။ မြန်မာပြည်တွင်းရှိ ကြက်သားပေါက် ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်နိုင်ပြီး မြန်မာနိုင်ငံမှ ကြက်သားပေါက်ဈေးနှုန်း ကြီးမားနေသည်ဟု ပြောဆိုခြင်းမှာ အကြောင်းရင်းကို သေချာစွာနားမလည်ဘဲ ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

အောက်ပါဇယားကို နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၆ ခုနှစ် ဇွန်လ၌ အာရှနိုင်ငံများရှိ ကြက်သားပေါက်ဈေးနှုန်းနှင့် မြန်မာနိုင်ငံရှိ ကြက်သားပေါက်ဈေးနှုန်းများကို သိသာစွာ တွေ့မြင်နိုင်ပါသည်-

**၂၀၁၆ ခုနှစ် ဇွန်လ (ဇယား-၁)**

| Country | DOC Price ( US$/DOC) |
|---|---|
| China | 0.49 |
| Thailand | 0.42 |
| Philliphine | 0.61 |
| Indonesia | 0.4 |
| Japan | 0.49 |
| India | 0.49 |
| Malaysia | 0.52 |
| Vietnam | 0.49 |
| Bangladesh | 0.87 |
| Korea | 0.34 |
| Myanmar | 0.47 |

ထို့ကြောင့် မြန်မာ့အသားစားကြက်မွေးမြူရေးလုပ်ငန်းတွင် ကြက်သားပေါက်ထုတ်လုပ်နိုင်ခြင်းမှာ နိုင်ငံခြားတိုင်းပြည်ကို ယှဉ်ပြိုင်လာနိုင်ပြီး ပြည်တွင်းတွင် လုံလောက်မှုရှိ၍ ဈေးနှုန်းလည်း မျှတလှပါသည်။ မြန်မာ့ကြက်မွေးမြူရေး လောကတွင် မျိုးဗီဇကို ပြည်တွင်းတွင် လုံလောက်သက်သာအောင် ထုတ်ပေးနိုင်ခြင်းသည် မြန်မာ့မွေးမြူရေးလောကတွင် ကြက်သားဈေးနှုန်း တည်ငြိမ်အောင်ထိန်းသိမ်းနိုင်ရန်နှင့် အောင်မြင်မှုရရှိစေရန် အရေးကြီးဆုံး မဏ္ဍိုင်တစ်ရပ် ဖြစ်ပါသည်။ မျိုးဗီဇများမရှိဘဲ ကြက်မွေးမြူရေးလောကကို အောင်မြင်မှုရှိစေရန် မည်သို့မျှ မလုပ်ဆောင်နိုင်ပါ။

နိုင်ငံတကာတွင်လည်း ကြက်သားပေါက်နှင့် မျိုးကြက်ဥ (Hatching Egg)များ နိုင်ငံခြားမှ တင်သွင်းခြင်းကို ခွင့်ပြုခြင်းမရှိဘဲ အနည်းဆုံး မိဘမျိုးရင်း (PS) နှင့် ဘိုးဘွားမျိုးရင်းများ (GP) ကိုသာ တင်သွင်းခွင့်ပြုပါသည်။ အဓိကမှာ ပြည်တွင်းတွင် လွယ်ကူစွာ ထုတ်လုပ်နိုင်သော ကြက်သားပေါက်များကို ပြည်တွင်းတွင် လုံလောက်အောင် ထုတ်လုပ်ပြီး နိုင်ငံခြားမှ ကြက်သားပေါက်များကို တင်သွင်းလာပါက ရောဂါပိုးများကို သယ်ဆောင်လာစေနိုင်ပြီး ဇီဝလုံခြုံရေးကို ထိခိုက်စေပါသည်။

**ကြက်သားထုတ်လုပ်မှု**

ကြက်သားထုတ်လုပ်ရေးတွင်လည်း နိုင်ငံတကာနှင့် နှိုင်းယှဉ်လာနိုင်ပါပြီ။ အချိန်တိုကာလအတွင်း FCR ကို စံချိန်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာ အရည်အသွေး စံချိန်များကို ရရှိနေပါပြီ။ အောက်ပါဇယားကို လေ့လာကြည့်ခြင်းဖြင့် မြန်မာနိုင်ငံတွင် အသားဈေးနှုန်းသည် သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်းသည် ထုတ်လုပ်မှုစရိတ် လျော့နည်းခြင်းကြောင့်ဖြစ်ပါသည်-

**၂၀၁၆ ခုနှစ် ဇွန်လ (ဇယား-၂)**

| Country | Broiler Price (US$/Kg) |
|---|---|
| China | 1.25 |
| Thailand | 1.2 |
| Philliphine | 2.0 |
| Indonesia | 1.43 |
| Japan | 1.1 |
| India | 1.26 |
| Malaysia | 1.43 |
| Vietnam | 1.16 |
| Bangladesh | 2.1 |
| Korea | 1.21 |
| Myanmar | 1.41 |

ဈေးနှုန်းအနည်းငယ် မြင့်မားနေခြင်းသည် နိုင်ငံခြားမှ တင်သွင်းရသော ကုန်ကြမ်းစရိတ်မှာ နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်မားနေ၍ဖြစ်ပါသည်၊ (ဥပမာ) ပဲပုတ်ဖတ် (Soy Bean Meal)ကို နိုင်ငံတကာမှ တင်သွင်းလျှင် သင်္ဘောအလိုက် တင်သွင်းနိုင်သော်လည်း မြန်မာ့ဆိပ်ကမ်းအခြေအနေအရ Container ပုံးများဖြင့်သာ တင်သွင်းလာရသောကြောင့် တစ်တန်လျှင် ဒေါ်လာ ၂၀ မှ ၄၀ထိ ပိုလာပြီး ပြည်တွင်းတွင် ပြောင်းများဝယ်ယူရာတွင် ပြည်ပမှ Export ဝယ်ယူနေသော တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်ဝယ်ယူနေရသောကြောင့် နိုင်ငံတကာပေါက်ဈေးထက် အနည်းငယ်မြင့်မားနေပါသည်။ လျှပ်စစ်စရိတ်ကြီးမားခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမြင့်ခြင်းတို့ကလည်း ထုတ်လုပ်ရေးစရိတ်ကို ကြီးမြင့်စေသော အကြောင်းအရာများဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ လက်ရှိအခြေအနေနှင့် ယခုကဲ့သို့ အောင်မြင်စွာ ထုတ်လုပ်နိုင်သည်မှာ မြန်မာ့မွေးမြူရေးလောကအတွက် အကြီးအကျယ် အောင်မြင်မှုတစ်ခုပင် ဖြစ်ပါသည်။

ကြက်သားပေါက်များကိုလည်း ပြည်တွင်းတွင် လုံလောက်အောင် ထုတ်လုပ်လာနိုင်ခြင်းနှင့် မွေးမြူရေး အစားအစာများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ပြီး မျှတသောဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်း၊ ကြက်မွေးမြူသူများ စနစ်တကျ ကျွမ်းကျင်စွာ မွေးမြူလာနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ် တိုးတက်လာခြင်းများလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကြက်ဖမ်းဈေးသည် မျှတသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်လာခြင်း ဖြစ်ပါသည်။

ကြက်သားဈေးကို ဈေးကွက်ထဲတွင် ပြည်သူများ ဈေးနှုန်းမြင့်စွာ ဝယ်ယူစားသုံးရခြင်းသည် မွေးမြူထုတ်လုပ်သူများနှင့် သက်ဆိုင်ခြင်းမရှိဘဲ ကြက်သားထုတ်လုပ်မှုကို နိုင်ငံတကာဈေးနှုန်းနီးနီး ထုတ်လုပ်ပေးနိုင်သော်လည်း ကြက်များကို အဆင့်ဆင့် လက်ပြောင်းလက်လွှဲရောင်းချမှုများကြောင့် စားသုံးသူလက်ထဲရောက်သောအခါ ဈေးနှုန်းကြီးမားရခြင်းမှာလည်း အဓိကကျသော အကြောင်းတစ်ရပ်ဖြစ်ပါသည်။

အဆိုပါစရိတ်များ လျှော့ချနိုင်မည့်နည်းလမ်းကို စဉ်းစားဆုံးဖြတ်ရာတွင် Processing Plant (ကြက်သားသတ်စက်ရုံများ) တည်ဆောက်ပြီး စားသုံးသူထံသို့ တိုက်ရိုက်ရောင်းချနိုင်လျှင် ဈေးနှုန်းကျဆင်းနိုင်ပါသည်။

Processing Plant (ကြက်သားသတ်စက်ရုံများ) တည်ထောင်နိုင်ရန် လိုအပ်သော မွေးမြူရေးခြံကြီးများ၊ ကြက်သားပေါက်များ၊ အစာဖိုးငွေများ အစရှိသည့် ကုန်ကျငွေများသည် များပြားသောကြောင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံသူများသို့ လိုအပ်သော ငွေကြေးများ ထုတ်ချေးပေးသင့်ပါသည်။

သို့ပါ၍ နိုင်ငံခြားမှ စံချိန်ပြည့်မီ ကျန်းမာရေးနှင့်ကိုက်ညီသော အေးခဲအသားများကို တင်သွင်း၍ ဈေးနှုန်းကို သက်သာစွာ ရောင်းချပေးနိုင်မည်ဟု ပြောနေခြင်းမှာလည်း စားသုံးသူများအတွက် သံသယဖြစ်စရာ ဖြစ်ပါသည်။ မည်သည့်နိုင်ငံတွင်မဆို မွေးမြူရေးလောက၏ ဈေးနှုန်းမှာ တစ်သမတ်တည်း သတ်မှတ်ထားသည့် ဈေးနှုန်းမျိုးမရှိပါ။ နိုင်ငံခြား တိုင်းပြည်များတွင်လည်း ထုတ်လုပ်နိုင်မှု အနည်းအများအပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်နေမည်သာ ဖြစ်ပါသည်။

နိုင်ငံခြားမှ အေးခဲအသားများကို တင်သွင်းမည်ဆိုသည်မှာလည်း စဉ်းစားစရာ ကိစ္စတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသားမှ ရောဂါများကို စစ်ဆေးပေးနိုင်သော ဓာတ်ခွဲခန်း၊ စစ်ဆေးနိုင်သော စစ်ဆေးရေးအဖွဲ့များ (Inspection) အဆင်သင့်ရှိနေပြီလားဟူသော မေးခွန်းများကို ပြန်လည်မေးရမည်ဟု ထင်ပါသည်။ စင်ကာပူနိုင်ငံသို့ အသားတင်သွင်းရောင်းချမည်ဆိုပါက မည်မျှတင်းကြပ်ကြောင်း လေ့လာကြည့်ရန် လိုအပ်ပါမည်။ မည်သည့်နိုင်ငံတွင်မှ နိုင်ငံတကာ အရည်အသွေးပြည့်မီသော အသားများကို ဈေးနှုန်းသက်သက်သာသာဖြင့် မရောင်းချနိုင်ပါ။

စားသုံးသူများအနေဖြင့် ဈေးနှုန်း သင့်တင့်အောင် စားသုံးနိုင်ရန်မှာ Transaction Cost များကို မည်သို့လျှော့ချရမည်ကိုသာ ကူညီစဉ်းစားပေးရမည့်အဆင့်သို့ ရောက်ရှိနေပါပြီ။ အရှိန်အဟုန်ဖြင့် တိုးတက်နေသော မွေးမြူရေးလောကကို ပျက်စီးအောင်မဖျက်ဆီးသင့်ပါ။ မွေးမြူရေးလုပ်ငန်း ရပ်ဆိုင်းပါက လုပ်ငန်းအစမှ ပြန်စရန်မှာ မတွေးတောဝံ့စရာကိစ္စ ဖြစ်ပါသည်။

ပြည်တွင်း မွေးမြူရေးလုပ်ငန်း ကျရှုံးလျှင် နိုင်ငံခြားကုမ္ပဏီများသာ နောက်ဆုံးတွင် ကျန်ရှိနေပါမည်။ မိမိနိုင်ငံ၏ မွေးမြူရေးလုပ်ငန်း အဆင့်အတန်းမြင့်မားစွာ အောင်မြင်နိုင်ရန်အတွက် အထူးအရေးပေးပြီး ပြည်တွင်းတွင်လည်း နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအကျိုးငှာ မွေးမြူရေးလုပ်ငန်းကို အထူးအားပေး ဆောင်ရွက်သင့်ပါသည်။ သို့မှသာ မြန်မာနိုင်ငံ၏ လိုအပ်သည့် အသားရိက္ခာအား ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ပြီး လုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မည်ဖြစ်၍ နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပြည်တွင်း စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲနု၊ ပဲပုတ်၊ ငါးစာမှုန့်၊ နှမ်းဖတ်တို့ကိုလည်း အပြည့်အဝ သုံးစွဲနေရ၍ စိုက်ပျိုးရေးလုပ်ငန်းကိုလည်း အထောက်အကူပေးရာ ရောက်ပါသည်။

နှိုင်းယှဉ်သုံးသပ်ရာတွင် မြန်မာနိုင်ငံ၏ မိသားစုများ အသားအတွက် လစဉ်ကုန်ကျစရိတ်မှာ (၈ ဒသမ ၂၁) ရာခိုင်နှုန်းသာရှိပြီး အေးခဲအသားအတွက် သက်သာလာသော အသားကုန်ကျစရိတ်သည် ပြည်သူတို့၏ လူနေမှုစရိတ် ကျဆင်းရေး၌ သိသာအောင် အကျိုးသက်ရောက်မှု မရှိပေ။ သို့သော်လည်း အခြားတစ်ဖက်တွင် မွေးမြူရေးအသားစားကြက် ကဏ္ဍတစ်ခုတည်းပင် ဆုံးရှုံးသွားသောပမာဏမှာ ကြက်သားပေါက် ထုတ်လုပ်မှု တစ်နှစ်လျှင် ကြက်သားပေါက်ကောင်ရေ သန်း ၁၀၀ ကျော်၊ အစာအတွက် ကုန်ကြမ်း (ပြောင်း၊ ဆန်ကွဲ၊ ဖွဲ၊ ငါးမှုန့်၊ ပဲဖတ်၊ နှမ်းဖတ်) တန်ချိန်တစ်သန်း၊ တစ်နှစ်လုံး အစာဖိုးအတွက် ဒေါ်လာသန်း ၄၀၀ ကျော် ထိခိုက်နစ်နာ ဆုံးရှုံးပါသည်။ အလုပ်အကိုင် ဖန်တီးခွင့် လူဦးရေ သုံးသိန်း နစ်နာဆုံးရှုံးပါသည်။ မြန်မာနိုင်ငံ၏ အရေးကြီးသော လယ်ယာကဏ္ဍအတွက် များစွာထိခိုက်ပါသည်။ အလုပ်လက်မဲ့ ဦးရေလည်း တိုးပွားလာပါသည်။ တိုင်းပြည်၏ GDP မှာလည်း များစွာထိခိုက်နိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုများပြားသော မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်မှာ ဆယ်စုနှစ်ပေါင်းများစွာဖြင့် တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်းသာ တည်ဆောက်ရသော လုပ်ငန်းဖြစ်၍ စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် အဆင့်မြင့်နည်းပညာများကို နိုင်ငံတော်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသင့်ပါသည်။

ထို့ကြောင့် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများကို အခြေခံသော၊ လူဦးရေများပြားပြီး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်နေရာကျယ်ပြန့်စွာရှိသော မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းကို ကြီးထွားရှင်သန်အောင် လုပ်ဆောင် အားပေးသင့်ပါသည်။ လတ်ဆတ်သောအသားများကို ကျန်းမာရေးနှင့် ညီညွတ်စွာ ကိုယ်တိုင် ထုတ်လုပ်စားသုံးရန်မှာလည်း လွန်စွာအရေးကြီးပါသည်။ (ဥပမာ) ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ အစရှိသော နိုင်ငံကြီးများသည် ပြည်တွင်းမွေးမြူရေးလုပ်ငန်းကို အားပေးဆောင်ရွက်ပြီး ပြည်တွင်းရိက္ခာဖူလုံရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

ကြက်မွေးမြူရေးလုပ်ငန်းအတွက် နိုင်ငံတော်အစိုးရမှ အဓိက ပံ့ပိုးပေးသင့်သည်မှာ -

(၁) လယ်ယာမြေအား အခြားနည်း အသုံးပြုခွင့်ရရှိစေအောင် အလျင်အမြန် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်၊
(၂) အခြေခံအဆောက်အအုံ တည်ဆောက်ပေးခြင်း၊ (ဥပမာ) လျှပ်စစ်မီးရရှိရန်နှင့် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးခြင်း၊
(၃) သက်သာသောအတိုးနှုန်းဖြင့် ငွေချေးခွင့်ပြုခြင်းတို့ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့မွေးမြူရေးနှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် နိုင်ငံခြားမှ အေးခဲအသားများကို တင်သွင်းအသုံးပြုပါက ပြည်သူများစားသုံးမှုအတွက် အကျိုးသက်ရောက်နိုင်မှု ရှိ-မရှိ စဉ်းစားသုံးသပ်သင့်ပါသည်။ မွေးမြူရေးလောက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက နောင်တစ်ချိန်တွင် နိုင်ငံခြားတိုင်းပြည်များသို့ ကြက်သားများ ပြန်လည်တင်ပို့နိုင်သော ကဏ္ဍကြီးတစ်ခု ဖြစ်လာနိုင်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိုင်ငံခြားမှ အေးခဲအသားများကို တင်သွင်းမည်ဆိုသည်မှာလည်း စဉ်းစားစရာ ကိစ္စတစ်ရပ်ဖြစ်ပါ . . .**

## မွေးနေ့မင်္ဂလာဆုတောင်း

### ဦးနေဝင်း(ခ)ကိုဘိုဘို (မန်နေဂျင်းဒါရိုက်တာ)
### (မေဝင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)

မိသားစုအပေါ် အလွန်တရာမှ တာဝန်ကျေပွန်ပြီး မိသားစုရှေ့မှာ အုတ်တံတိုင်းသဖွယ် ကာကွယ်ပေးသော ဘယ်အရာနှင့်မျှနှိုင်းယှဉ်လို့မရအောင် ကျေးဇူးကြီးမားလှသော ချစ်ပါပါး၏ ၂၅-၇-၂၀၁၆ရက်နေ့တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ဘဝနှင့်ဆန္ဒတစ်ထပ်တည်းကျလျက် ပါပါးချစ်သော ဇနီး၊ သား၊ သမီးများနှင့်အတူ သာယာပျော်ရွှင်သောမိသားစုဘဝလေးကို အမြဲထာဝရပိုင်ဆိုင်နိုင်ပြီး မိသားစုနှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

| | | |
|---|---|---|
| ချစ်ဇနီး | - | ဒေါ်မာမာလွင် (N & 4 ဖက်ရှင်) |
| ချစ်သမီးကြီး | - | မောင်ငြိမ်းချမ်းကျော် (JMK-ဒါရိုက်တာ-ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ- |
| | | မသဉ္ဇာနေဝင်း (Nay & 4 ဒါရိုက်တာ) |
| ချစ်သားလတ် | - | မောင်သူရနေဝင်း (Civil Engineer) S.T.I MYANMAR UNIVERSITY |
| ချစ်သမီးငယ် | - | မယွန်းဝတီနေဝင်း(အဋ္ဌမတန်း အထက(၄)၊ ဗိုလ်တထောင်) |




## Happy Birthday Dr;Sein Linn

မိသားစုအပေါ် အေးမြငြိမ်းချမ်းသည့်အရိပ်ကို ပေးစွမ်းလျက် မေတ္တာတရားကြီးမားသော "ချစ်ခင်ပွန်း"၏ ၂၅-၇-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကျရောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင်အောင် ကျန်းမာပျော်ရွှင်၍ အောင်မြင်ချမ်းသာမှုများကို ပိုင်ဆိုင်ပြီး အမျိုး၊ ဘာသာ၊ သာသနာအကျိုးနှင့် တိုင်းပြည်တာဝန်များကို မိသားစုနှင့်အတူ (၇)ရက်သားသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို စေတနာအပြည့်အဝနှင့် ပြုစုစောင့်ရှောက်ရင်း ဘဝကို အောင်မြင်စွာဖြတ်ကျော်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

| | |
|---|---|
| ချစ်ဇနီး | သဲသဲ |
| ချစ်သမီးကြီး | တုန်တုန် Grade IV-B အထက(၁)ဒဂုံ |
| ချစ်သမီးငယ် | ပြည့်ပြည့် Grade II-A အထက(၁)ဒဂုံ |

78 ACADEMY (သင်တန်းကျောင်း)
၆နှစ်ပြည့်အထူးအစီအစဉ်
50 %OFF
JULYလတစ်လတည်းသာ
Hot Line - 09 731 22 999, 09 516 5218

အမြန်ရောင်းမည်
၁။ ဗိုလ်ဆွန်ပတ်လမ်းကွန်ဒို (25' x 50') 2500 L
၂။ အမှတ်(၂)လမ်းမကြီး၊(၁၆)ရပ်ကွက်၊
မြောက်ဒဂုံဂုတ်ခြံ (35' x 50') (2RC) 1800 L
၃။ ပုဂံမြေကွက်(river view) 8 Acres 1 နေရာ 1500 L
ဆက်သွယ်ရန် - 09-793387954 , 09-255919523

စိန်ငါးလုံး ဆံပင်ပေါက်ဆေး
ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ မျက်ခုံးမွေးများ ကျွတ်ခြင်း၊ ပါးခြင်း၊ မသန်ခြင်း၊ မပေါက်ခြင်း၊ ဦးခေါင်းပြောင်ခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ နားစေးနားပိတ်ခြင်း၊ တောက်သန်းယားခြင်းတို့ဖြစ်လျှင် သေချာစွာအသုံးပြုနိုင်သော စိန်ငါးလုံးဆံပင်ပေါက်ဆေးကို လိမ်းပါ။
၀၉-၇၃၁၅၅၅၃၅၇
၀၉-၄၂၀၄၀၀၀၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

မြေကြီးလုပ်ငန်း မှတ်ပြတ်လုပ်သည်
GPM GRAND POWER MACHINERY
-ပုဇွန်ကန်၊ ဆည်
-ရေကန်၊ ငါးကန်
-Construction Earthwork

09-73113100, 09-73188101

GUSTO International College

School of Computing & ICT

UK မှ တိုက်ရိုက် ချီးမြှင့်မည့် Computer ဒီပလိုမာ၊ ဒီဂရီ ဘွဲ့သင်တန်းများ



- HND Diploma in Computing (UK)
- BSc (Hons) Computing (UK)

➤ GUSTO ၌ ၂နှစ် တက်ရောက်ပြီးပါက UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်း ဖြစ်သည့် Pearson/ Edexcel မှ ချီးမြှင့်မည့် HND Diploma ကို ရရှိမည်ဖြစ်သည်။

➤ နောက်ဆုံးနှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, US, Australia, Singapore စသည့် နိုင်ငံများရှိ တက္ကသိုလ်များ၌ဖြစ်စေ တက်ရောက်ပြီး BSc (Hons) Computing ကို ရယူနိုင်သည်။

➤ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတိုင်း လျှောက်ထားနိုင်ပြီ (အမှတ်ကန့်သတ်ချက်မရှိပါ)။

